unesco

STEM Strengthening Pre-service Teacher Education in Myanmar

SUOMI FINLAND

မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြိုဆရာအတတ်သင်

ပညာရေးအစီအစဉ်

## တတိယနှစ်၊ ဒုတိယစာသင်နှစ်ဝက်

# EDU3116

# သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ – စာရိတ္တနှင့် ပြည်သူ့နီတိ

**မူလတန်းအထူးပြု**

ကျောင်းသားကိုင်စာအုပ်

# နိဒါန်း

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အစီအစဉ်အတွက် သင်ရိုးညွှန်းတမ်းကို အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ဆရာအတတ်သင် ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦး အနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန်အလှန်လှန် လေ့လာကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ဆရာအတတ်သင် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးကို အပိုင်း (၂) ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သင်ယူခဲ့ပြီးသော အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှ ပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့ အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ်မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည် သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထား များကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထား များနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency–based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့် အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း)

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင် အစီအစဉ်ပါ သင်ရိုးကို သင်ယူပြီးချိန်တွင်လည်း ဆရာအတတ်သင် ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ – အသုံးချ – ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn–apply–reflect) ကို မိမိတို့ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို – UNESCO) ၏ "မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး" (Strengthening Pre–service Teacher Education in Myanmar) စီမံချက် မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့ကို ဖင်လန်အစိုးရက ပေးအပ်ထားပါသည်။

# မာတိကာ


နိဒါန်း ....................................................................................................က
မာတိကာ....................................................................................................ဃ
ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့အသုံးပြုရမည်နည်း။ .......................................၁
အခန်း ၅။ စည်းကမ်း ........................................................................................ ၁၇
၅.၁။ မူလတန်းအောက်ဆင့်ရှိ စည်းကမ်း........................................................၂၁
၅.၁.၁။ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ၊ ဓလေ့ထုံးတမ်းများနှင့်အညီ
စည်းကမ်းလိုက်နာခြင်း ..........................................................၂၁
၅.၁.၂။ 'စည်းကမ်း' အခန်းကို သင်ကြားခြင်း.............................................၃၉
၅.၁.၃။ မူလတန်းအောက်ဆင့်တွင် 'စည်းကမ်း' အခန်းကို သင်ကြားခြင်း ....... ၅၆
၅.၁.၄။ အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံမှု............................ ၆၉
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ......................................................... ၇၆
အခန်းဆုံးအနှစ်ချုပ် ...................................................................................... ၇၇
အဓိကအချက်များ ........................................................................................ ၇၇
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း........................................................ ၇၈
ဆက်လက်ဖတ်မှတ်စရာများ ........................................................................ ၇၈
အခန်း ၆။ ငြိမ်းချမ်းစွာ နေထိုင်ခြင်း.....................................................................၈၁
၆.၁။ ကွဲပြားစုံလင်သော လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ နေထိုင်ခြင်း.............၈၄
၆.၁.၁။ မူလတန်းအောက်ဆင့်တွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်ပြီး
ငြိမ်းချမ်းသော ပတ်ဝန်းကျင်တစ်ခုကို မြှင့်တင်ခြင်း ...........................၈၄
၆.၁.၂။ 'ငြိမ်းချမ်းစွာ နေထိုင်ခြင်း' အခန်းကို သင်ကြားခြင်း.......................... ၉၈
၆.၁.၃။ မူလတန်းအောက်ဆင့်တွင် 'ငြိမ်းချမ်းစွာ နေထိုင်ခြင်း' ကို
သင်ကြားခြင်း............................................................................ ၁၁၁
၆.၁.၄။ 'မြန်မာကျောင်းဆရာ' ဖြစ်လာခြင်း ................................................၁၂၅
ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ.........................................................၁၃၇
အခန်းဆုံးအနှစ်ချုပ် ......................................................................................၁၃၈
အဓိကအချက်များ..........................................................................................၁၃၈

အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း............................................................... ၁၃၉
ဆက်လက်ဖတ်မှတ်စရာများ ........................................................................... ၁၃၉
ခက်ဆစ်အဘိဓာန် ...................................................................................... ၁၄၂
ကျမ်းကိုးစာရင်း ....................................................................................... ၁၄၄
နောက်ဆက်တွဲ.......................................................................................... ၁၄၉
နောက်ဆက်တွဲ (၁)။ သူငယ်တန်း သင်ရိုးညွှန်းတမ်း ................................... ၁၄၉

# ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့အသုံးပြုရမည်နည်း။

## စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် ကျောင်းသားကိုင်စာအုပ်ကို မည်သူအသုံးပြုမည်နည်း။

ဤပညာရေးဒီဂရီကောလိပ် တတိယနှစ် ကျောင်းသားကိုင်စာအုပ်ကို စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် သင်ယူရာတွင် အထောက်အကူပြုစေရန် ပြင်ဆင်ရေးဆွဲထားပါသည်။ ဤကျောင်းသားကိုင်စာအုပ်တွင် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်နှင့် ပတ်သက်သည့် အခြေခံအချက်အလက်များကို တွေ့ရှိရမည်။ ထိရောက်စွာ သင်ကြားပို့ချပေးနိုင်သည့် မြန်မာနိုင်ငံ၏ ဆရာကောင်းတစ်ဦး ဖြစ်လာစေရေးတွင် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ ဖွံ့ဖြိုးစေမည့် သင်ယူမှုလုပ်ငန်းများနှင့် ဆက်လက်ဆည်းပူးစရာများကိုလည်း ဤကျောင်းသားကိုင်စာအုပ်တွင် တွေ့ရှိပါလိမ့်မည်။ သင်သည် ဤကျောင်းသားကိုင်စာအုပ်ကို စာသင်ခန်းအတွင်း အဓိကဆည်းပူးစရာ စာအုပ်အဖြစ် လည်းကောင်း၊ ကိုယ်တိုင်ဆည်းပူးလေ့လာစရာစာအုပ်အဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။

ဤကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော အကြောင်းအရာများကို ကျောင်းသားများ[၁] အတွက်ဟု အမည်တပ်ထားသော်လည်း သင်တို့အား စာရိတ္တနှင့် ပြည်သူ့နီတိ အခြေခံတတ်ကျွမ်းမှုများ ရအောင် ပံ့ပိုးကူညီပေးပြီး အနီးကပ်ကြည့်ရှု၊ ထောက်ပံ့ကူညီကြမည့် ဆရာများ[၂] အတွက်လည်း ဆည်းပူးစရာ အကြောင်းအရာများ ဖြစ်ပါသည်။ ဤဘာသာရပ်တစ်ခုလုံးတွင် သင်တို့နှင့် သင်တို့၏ ဆရာသည် ကျောင်းသားကိုင်စာအုပ်အား သင်ယူရေးကိရိယာတစ်ခုအဖြစ် အသုံးပြုပြီး အတူပူးပေါင်း လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

## စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်သင်ကြားရေး အစီအစဉ်တွင် တတိယနှစ် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို သင်ကြားရန် (ပထမစာသင်နှစ်ဝက်တွင် ၁၂ ချိန်၊ ဒုတိယစာသင်နှစ်ဝက်တွင် ၈ ချိန်) စုစုပေါင်း စာသင်ချိန် (၂၀) ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ ပညာရေးဒီဂရီကောလိပ်တွင် ဖြစ်ပါသည်။

---

၁ ဤကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။

၂ ဤကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးဒီဂရီကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

## တတိယနှစ် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် ကျောင်းသားကိုင်စာအုပ်တွင် မည်သည့် အရာများ ပါဝင်သနည်း။

ကျောင်းသားကိုင်စာအုပ် ဖွဲ့စည်းပုံနှင့် ပါဝင်သည့် အကြောင်းအရာများသည် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် သင်ရိုးမာတိကာများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ထားပါသည်။

တတိယနှစ် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် အောက်ပါအခန်းများ ပါဝင်ပါသည်။

- စာရိတ္တနှင့် ပြည်သူ့နီတိ အသိပညာကို စုစည်းခိုင်မာစေခြင်း
- လူမှုရေးကျင့်ဝတ်
- ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ
- သင်ကြား၊သင်ယူမှုနည်းလမ်းများကို ပြန်လည်သုံးသပ်ခြင်း
- စည်းကမ်း
- ငြိမ်းချမ်းစွာ နေထိုင်ခြင်း

အခန်းတစ်ခုစီတွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများအား လုပ်ဆောင်ရာတွင် သင်ခန်းစာ ခေါင်းစဉ်နှင့် ဆိုင်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ နက်နဲစွာ တတ်မြောက် ရရှိသွားစေရန် တစ်ဦးချင်း (သို့မဟုတ်) အတန်းဖော်များ၊ အတန်းဆရာနှင့် ပူးပေါင်းပြီး ပါဝင်လုပ်ဆောင်ကြရပါမည်။ အောက်တွင် ဖော်ပြထားသော မာတိကာအကြောင်းအရာဇယားတွင် အခန်းတစ်ခန်းစီအတွက် မျှော်မှန်းထားသော သင်ယူမှုရလဒ်နှင့် အချိန်သတ်မှတ်ချက်ကို ပေးထားပါသည်။

**ဇယား (က)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၊ မူလတန်းအထူးပြု မာတိကာအကြောင်းအရာ**

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၅။ စည်းကမ်း | ၅.၁။ မူလတန်းအောက်ဆင့်ရှိ စည်းကမ်း | ၅.၁.၁။ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ၊ ဓလေ့ထုံးတမ်းများနှင့် အညီ စည်းကမ်းလိုက်နာခြင်း | • မူလတန်းအောက်ဆင့်အတွက် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အုပ်စုများ) အကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေးရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲတတ်မည်။<br>• စည်းမျဉ်း စည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အုပ်စုများ) ၏ ကွဲပြားခြားနားချက်များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြတတ်မည်။ | (ခ) (၁.၁)<br>(ဂ) (၁.၁) | (ခ) (၁.၁.၁)<br>(ဂ) (၁.၁.၁) | ၁ |
| | | ၅.၁.၂။ 'စည်းကမ်း' အခန်းကို သင်ကြားခြင်း | • ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို ခေါင်းဆောင်မှု ပုံစံတစ်ခုအဖြစ် ဖော်ပြတတ်မည်။ | (ခ) (၃.၁)<br>(ခ) (၃.၂)<br>(ဂ) (၁.၁)<br>(ဃ) (၁.၁) | (ခ) (၃.၁.၃)<br>(ခ) (၃.၂.၁)<br>(ဂ) (၁.၁.၂)<br>(ဃ) (၁.၁.၃) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • အတန်းတွင်း စည်းမျဉ်းစည်းကမ်းများ (ရပိုင်ခွင့်များ၊ တာဝန်ဝတ္တရားများနှင့် အကျိုးဆက်များ) ကို ချမှတ်ခြင်းအတွက် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲတတ်မည်။<br>• ခေါင်းဆောင်ကောင်းများနှင့် နောက်လိုက်ကောင်းများ ဖြစ်ပေါ်လာနိုင်စွမ်းရှိသည့် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ် တစ်ရပ်ကို အကဲဖြတ် သုံးသပ်တတ်မည်။ | | | |
| | | ၅.၁.၃။ မူလတန်း အောက်ဆင့်တွင် 'စည်းကမ်း' အခန်းကို သင်ကြားခြင်း | • မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ ရပ်ရွာနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။<br>• ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို အဘယ်ကြောင့် ရေးဆွဲထားကြောင်း ဆွေးနွေးတတ်မည်ဖြစ်ပြီး ဆရာကျင့်ဝတ်ငါးပါးမှ သာဓကများ ပေးတတ်မည်။ | (ဂ) (၁.၁)<br>(ဂ) (၁.၃) | (ဂ) (၁.၁.၁)<br>(ဂ) (၁.၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၅.၁.၄။ အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံမှု | • သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်းမှာ မည်သည်ကို ဆိုလိုကြောင်း ဆွေးနွေးတတ်မည်။<br>• မူလတန်းအောက်ဆင့် ကျောင်းသားများသည် ဘေးကင်းလုံခြုံမှု မရှိကြောင်း ခံစားရလျှင် မည်သူကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။<br>• ဆရာများနှင့် မူလတန်း ကျောင်းသားများအတွက် ဘေးကင်းလုံခြုံပြီး စိတ်ချယုံကြည်ရသော အွန်လိုင်းလုပ်ဆောင်ပုံများကို လမ်းညွှန်ပေးသည့် ရင်းမြစ်များကို စုစည်းတတ်မည်။ | (က) (၂.၂)<br>(ဂ) (၁.၁)<br>(ဂ) (၁.၃)<br>(ဃ) (၁.၁) | (က)(၂.၂.၃)<br>(ဂ) (၁.၁.၂)<br>(ဂ) (၁.၃.၁)<br>(ဃ)(၁.၁.၂) | ၁ |
| ၆။ ငြိမ်းချမ်းစွာ နေထိုင်ခြင်း | ၆.၁။ ကွဲပြားစုံလင်သော လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ နေထိုင်ခြင်း | ၆.၁.၁။ မူလတန်းအောက်ဆင့်တွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်ပြီး ငြိမ်းချမ်းသော ပတ်ဝန်းကျင် တစ်ခုကို မြှင့်တင်ခြင်း | • မူလတန်းအောက်ဆင့် စာသင်ခန်းတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် စိတ်ကူးပုံဖော်မှုတစ်ခု တည်ဆောက်တတ်မည်။ | (က) (၃.၂)<br>(ခ) (၁.၁) | (က)(၃.၂.၂)<br>(ခ) (၁.၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • လူများနှင့် လူအုပ်စုများ၏ ကွဲပြားခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထားခြင်းသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို ရွေးချယ်တတ်မည်။<br>• မူလတန်းအောက်ဆင့် စာသင်ကျောင်းတွင် လူတိုင်းအကျုံးဝင်သော လုပ်ဆောင်ပုံများကို မြှင့်တင်ပေးနိုင်သည့် သင်ကြားရေး နည်းကိရိယာတစ်ခုအဖြစ် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို အကဲဖြတ် သုံးသပ်တတ်မည်။ | | | |
| | | ၆.၁.၂။ ‘ငြိမ်းချမ်းစွာ နေထိုင်ခြင်း’ အခန်းကို သင်ကြားခြင်း | • ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့် ညှိနှိုင်းဖြေရှင်းရန် အချင်းချင်း၏ အမြင်များကို နားထောင်ရန် အဘယ်ကြောင့် လိုအပ်ကြောင်း ဖော်ပြတတ်မည်။<br>• ငြိမ်းချမ်းသော နည်းလမ်းဖြင့် ပြဿနာများကို ဖြေရှင်းသူ တစ်ဦး၏ ထူးခြားသော လက္ခဏာများကို နမူနာ လုပ်ပြရန် အရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းတစ်ခုကို ပြင်ဆင်တတ်မည်။ | (က) (၃.၂)<br>(ခ) (၃.၁)<br>(ခ) (၃.၂) | (က)(၃.၂.၁)<br>(ခ) (၃.၁.၃)<br>(ခ) (၃.၂.၂)<br>(ခ) (၃.၂.၃) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • 'အပြုသဘောဆောင်သော' တုံ့ပြန်မှုများနှင့် 'အပျက်သဘောဆောင်သော' တုံ့ပြန်မှုများကို သရုပ်ပြသင်ကြားရန် လုပ်ငန်းတစ်ရပ်တွင် ရည်ရွယ်ချက်ရှိရှိ ရွေးချယ်အသုံးပြုထားသော ဘာသာစကားကို ညွှန်ပြတတ်မည်။ | | | |
| | | ဖ.၁.၃။ မူလတန်းအောက်ဆင့်တွင် 'ငြိမ်းချမ်းစွာနေထိုင်ခြင်း' ကို သင်ကြားခြင်း | • ကျောင်းသားအားလုံး၏ အတွေးအခေါ်များကို တန်ဖိုးထားသည့် စာသင်ခန်းအတွင်း 'အဖွဲ့ဝင် ဖြစ်သည်ဟူသော ခံစားချက်' ကို မည်သို့ဖန်တီးရကြောင်း ရှင်းပြတတ်မည်။<br>• ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်း၊ ပူဆွေးသောကရောက်ခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း ကဲ့သို့သော စိတ်လှုပ်ရှားမှုများ အကြောင်း ဆွေးနွေးမှုကို အဆင့်ဆင့် ပံ့ပိုးကူညီသည့် လုပ်ငန်းတစ်ရပ်ကို ပြင်ဆင်တတ်မည်။ | (ခ) (၁.၂) | (ခ) (၁.၂.၃) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ထိန်းကျောင်းသည့် နည်းလမ်းများကို ကျောင်းသားများ သင်ယူရာတွင် အထောက်အကူဖြစ်စေရန် စိတ်လှုပ်ရှားမှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ပတ်သက်သော ထပ်ဆောင်း လုပ်ငန်းတစ်ရပ်အား မည်သို့ လုပ်ဆောင်ရကြောင်းကို ရှင်းပြတတ်မည်။ | | | |
| | | ၆.၁.၄။ 'မြန်မာကျောင်းဆရာ' ဖြစ်လာခြင်း | • လူမှုကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်း၏ အဓိက အကြောင်းအရာများကို ပေါင်းစပ်ထားသော ပိုစတာတစ်ခုကို ရေးဆွဲတတ်မည်။<br>• စာရိတ္တနှင့် ပြည်သူ့နီတိတွင် လေ့လာဖော်ထုတ်ထားသည့် အဓိကအကြောင်းအရာများကို ပြန်လည် သုံးသပ်တတ်ပြီး မြန်မာကျောင်းဆရာ ဖြစ်လာရန် ဤနားလည် သဘောပေါက်မှုက မည်သို့ပံ့ပိုးပေးကြောင်း ဆွေးနွေးတတ်မည်။ | (က) (၃.၁) | (က) (၃.၁.၁) | ၁ |
| စုစုပေါင်း စာသင်ချိန် | | | | | | ၈ |

စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၏ အလုံးစုံသော ရည်ရွယ်ချက်မှာ မြန်မာ့စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် တန်ဖိုးများနှင့် ရပ်တည်ချက်များကို နမူနာပြခြင်းမှတစ်ဆင့် သင်ကြားပေးနိုင်ရန်၊ လိုအပ်သော တတ်ကျွမ်းမှုများကို သင့်အား ဖြည့်ဆည်းပြင်ဆင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ လူမှုတန်ဖိုးများနှင့် ရပ်တည်ချက်များကို အခြေခံပညာကျောင်းများ၏ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် မြှင့်တင်ပေးထားပါသည်။ သင်သည် ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးနှင့် အိမ်၊ ကျောင်း၊ လူ့အသိုက်အဝန်း၊ တိုင်းပြည်နှင့် ကမ္ဘာလောကတို့ အချင်းချင်း ဆက်စပ်နေမှုတို့ကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်လာမည် ဖြစ်ပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် လူမှုရေးနှင့် စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးများနှင့် တာဝန်ယူမှု၊ လူ့အသိုက်အဝန်း ပါဝင်ဆက်စပ်မှုနှင့် နိုင်ငံရေးဆိုင်ရာ သိနားလည်မှုတို့ကို အလေးပေး ထားပါသည်။ သင်သည် ကျောင်းသားများ၏ လိုအပ်ချက်အမျိုးမျိုးနှင့်အညီ သင်ကြားပေးမှုကို အလိုက်သင့်ပြောင်းလဲနိုင်သော ဆရာတစ်ဦး ဖြစ်လာစေရန်အတွက် ကျောင်းသားများ၏ ရည်မှန်းချက်များ အောင်မြင်ပေါက်မြောက်စေရန် အထောက်အကူပြုပေးသော ဆန်းသစ်တီထွင်သော လုပ်ရပ်များနှင့် ဘာသာရပ်ဆိုင်ရာ ခေါင်းစဉ်ရလဒ်များအား မည်ကဲ့သို့ တိုးတက်အောင်မြင် စေမည်ကို သင်ယူရန် လိုအပ်ပါသည်။ ကျောင်းသားများ၏ အသက်အရွယ်၊ ဒေသအခြေအနေတို့နှင့် လိုက်လျောညီထွေသည့် သင်၏ ကိုယ်ပိုင်သင်ကြားမှု၊ သင်ယူမှုရင်းမြစ်များကို မည်သို့ဖန်တီး ရမည်ကိုလည်း သိရှိလာမည် ဖြစ်ပါသည်။

## စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် မူလတန်းကျောင်းသားများအတွက် ချမှတ်ထားသော သင်ယူမှုဦးတည်ချက်များ

- စာရိတ္တဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်စွမ်းရန် မှန်ကန်သော ဆုံးဖြတ်ချက်နှင့် မှန်ကန်သော အပြုအမူကို ရရှိခြင်းဖြင့် သိမြင်နှံ့စပ်၊ တာဝန်ကျေသော နိုင်ငံသားတစ်ဦး ဖြစ်လာစေရန်
- လူ့အခွင့်အရေး၏ တန်ဖိုးကိုလေးစားစေရန်နှင့် နိုင်ငံသားတစ်ဦး၏ တာဝန်ယူမှုကို သရုပ်ပြသရန်
- တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန်
- ဒေသဆိုင်ရာ နိုးကြားအသိရှိမှုသာမက ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်များကိုပါ သိမြင်နှံ့စပ်သော နိုင်ငံသားကောင်းများ ဖြစ်စေရန်

ဤကျောင်းသားကိုင်စာအုပ်ပါ အကြောင်းအရာများသည် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဝင်စ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) မှ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်နှင့် ကိုက်ညီသည့် သင်တို့သိသင့်တတ်သင့်သည်များနှင့် စာသင်ခန်းအတွင်း လုပ်ဆောင်နိုင်သည့် အဓိကတတ်ကျွမ်းမှုစံများကို အခြေခံထားပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်အတွက် အဓိကကျသော ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များကို အောက်ဖော်ပြပါ ဇယား (ခ) တွင် ဖော်ပြထားပါသည်။

**ဇယား (ခ)။ တတိယနှစ် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၊ မူလတန်းအထူးပြု ဆရာများအတွက် အဓိကတတ်ကျွမ်းမှုစံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က–၂) ပညာရေးဆိုင်ရာ နည်းပညာများကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား သိသည်။ | (က) (၂.၂) သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာ (ICT) ကို သင်ကြားသင်ယူမှုတွင် သင့်လျော်စွာအသုံးပြုနိုင်မှုကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၂.၂.၃) မီဒီယာ (media) နှင့် သတင်းအချက်အလက်များဆိုင်ရာ (information literacy) အခြေခံသဘောတရားအယူအဆများနှင့် မှုများကို နားလည်ကြောင်း ဖော်ပြ သရုပ်ပြသည်။ |
| (က–၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ကောင်းမွန်စွာ ဆက်ဆံရမည်ကို သိသည်။ | (က) (၃.၁) မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၃.၁.၁) မြန်မာ့လူ့ဘောင် အသိုက်အဝန်းတွင် လက်ခံထားသည့် ဆရာများအတွက် စံအဖြစ် လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ် (၅)သွယ်နှင့် ဆရာအခန်းကဏ္ဍကို ဖော်ပြသည်။ |
| | (က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။ | (က) (၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။<br><br>(က) (၃.၂.၂) မိဘများ၊ ရပ်ရွာ အဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၎င်းတို့၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
| --- | --- | --- |
| **(က-၄) သင်ရိုးညွှန်းတမ်း အကြောင်း သိသည်။** | (က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။<br>(က) (၄.၁.၂) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမူများကို ဖော်ပြသည်။ |
| **(က-၅) ဘာသာရပ် အကြောင်းအရာကို သိသည်။** | (က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိကအသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။ |
| | (က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှုအခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာအခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများအရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။ |
| **(ခ-၁) သင်ကြားမှု နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။** | (ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ) (၁.၁.၁) ရည်မှန်းထားသည့် သင်ယူမှုရလဒ်များ နှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်။<br>(ခ) (၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသလိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများကို ရွေးချယ်သည်။ |
| | (ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ) (၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှု နည်းဗျူဟာများကို အသုံးပြုသည်။<br>(ခ) (၁.၂.၂) ကျောင်းသားများအတွက် လက်တွေ့လုပ်ငန်းများမှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ ဆက်စပ်နေသော အကြောင်းအရာ၊ အသိသညာများကို စူးစမ်းရှာဖွေနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ခ-၃) ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုသော၊ ဘေးကင်းလုံခြုံစိတ်ချမှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။** | (ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၃.၁.၃) စာသင်ခန်းနှင့် ကျောင်းအတွင်း ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာမှုနှင့် ဘေးကင်းလုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေး အလေ့အကျင့်ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို တိုးမြှင့်ဆောင်ရွက်သည်။ |
| | (ခ) (၃.၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၃.၂.၁) ကျောင်းသားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိရန် သဘောတူချမှတ်ထားသော စာသင်ခန်းအတွင်း စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များကို လိုက်နာ ဆောင်ရွက်ရန် ဖန်တီးသည်။ ရှင်းပြသည်။ ပြသထားသည်။ အားဖြည့်ဆောင်ရွက်သည်။<br><br>(ခ) (၃.၂.၂) ကျောင်းသားများအား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားစွာ တန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်းလုံခြုံရန် အားပေးသည်။<br><br>(ခ) (၃.၂.၃) ကျောင်းသားတစ်ဦးစီ၏ နောက်ခံအကြောင်းအရင်းများနှင့် လိုအပ်ချက်များကို သိရှိရန် လေ့လာသင်ယူသည်။ ကျောင်းသားအားလုံးနှင့် ပုံမှန် အပြန်အလှန် ဆက်သွယ်ပြောဆိုသည်။ |
| **(ဂ-၁) ဆရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည်။** | (ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။ | (ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅) သွယ် အပါအဝင် ဆရာ့ အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်။<br><br>(ဂ) (၁.၁.၂) ကျောင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိဘများနှင့် ရပ်ရွာလူထုက ဆရာများအပေါ် မျှော်မှန်းထားသည်များနှင့် ကိုက်ညီသည့် အပြုသဘောဆောင်သည့် သဘောထားများ၊ တန်ဖိုးထားမှုများ၊ အပြုအမူများကို တစ်သမတ်တည်း ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ဂ) (၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုရာတွင် မိမိ၏ လက်တွေ့သင်ကြားမှုများအား လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်း ပြသသည်။ | (ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(ဂ) (၁.၂.၂) မိမိကိုယ်ပိုင် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကို ဖော်ပြသည်။ |
| | (ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန် အချိန်ယူသည်။ |
| **(ဂ-၃) ကျောင်းသားအားလုံး ပညာရေး အရည်အသွေး မြင့်မားစေရန်နှင့် ပညာရေး တန်းတူမျှမှု ရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သည်။** | (ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာ ပံ့ပိုးကူညီကြောင်း ပြသသည်။ | (ဂ) (၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုကြောင်းပြသည်။<br><br>(ဂ) (၃.၁.၂) ကျောင်းသားများ၏ ကွဲပြားခြားနားသော လူမှုအခြေအနေများနှင့် နောက်ခံအကြောင်းများကို အသိအမှတ်ပြုပြီး ကျောင်းသားအားလုံးအား တန်းတူညီမျှ ဆက်ဆံသည်။ |
| **(ဃ-၁) မိမိ၏ သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ် သုံးသပ်သည်။** | (ဃ) (၁.၁) မိမိ၏ လက်တွေ့သင်ကြားမှု လုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။ | (ဃ) (၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစား သုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှု အထောက်အထားများကို အသုံးပြုသည်။<br><br>(ဃ) (၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်များ ဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ် သုံးသပ်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ဃ–၂) သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။** | (ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ) (၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက် ချမှတ်ဆောင်ရွက်သည်။ |

*ရင်းမြစ်* – မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ (၂၀၂၀ ခုနှစ်) (စာ. ၇၉ – ၁၁၀)

## ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့ အသုံးပြုမည်နည်း။

ဤကျောင်းသားကိုင်စာအုပ်ကို မိမိကိုယ်တိုင်သင်ယူလေ့လာနိုင်ရန်နှင့် စာသင်ခန်းအတွင်း ဆရာကူညီပံ့ပိုးပေးသော သင်ယူမှုလုပ်ငန်းများတွင် ကိုးကားရန် အသုံးပြုနိုင်သည်။ ကျောင်းသားကိုင်စာအုပ်၏ အခန်းတစ်ခန်းစီကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ။** သင်ယူမှုရလဒ်များကို အခန်းတစ်ခန်းစီ၏ အစနှင့် သင်ခန်းစာ တစ်ခုချင်းစီ၏ အစတွင် ဖော်ပြထားသည်။ မျှော်မှန်းထားသော ရလဒ်များသည် သင်ခန်းစာတစ်ခုနှင့် အခန်းတစ်ခု သင်ယူပြီးစီးသည့် အချိန်တွင် သင် မည်သည်တို့ကို သိသင့်သည်နှင့် မည်သည်တို့ကို လုပ်နိုင်စွမ်းရှိလာမည် ဆိုသည်ကို ညွှန်ပြသည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများ တတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**သင်ယူရမည့် အကြောင်းအရာများ။** အခန်းတစ်ခန်းစီတွင် သင်ယူရမည့် အကြောင်းအရာများကို အခန်းငယ်များနှင့် သင်ခန်းစာများအဖြစ် ပိုင်း၍ ဖော်ပြသည်။ ၎င်းတို့တွင် အရေးပါသည့် ဘာသာရပ် အကြောင်းအရာများ ခြုံငုံပါဝင်သည်။

**သင်ယူမှုလုပ်ငန်းများ။** ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် ခေါင်းစဉ်နှင့်ပတ်သက်၍ သင်တို့တစ်ဦးချင်း သင်ယူရရှိလိုက်သော အသိပညာနှင့် နားလည် သဘောပေါက်မှုအပေါ် ပိုမိုနက်ရှိုင်းစွာ စွဲမြဲသွားရန် ထည့်သွင်းထားခြင်းဖြစ်သည်။ သင်တို့၏ ဆရာကလည်း စာသင်ခန်းအတွင်း သင်ယူမှုလုပ်ငန်းများကို ပံ့ပိုးကူညီပေးမည်ဖြစ်သည်။ ထိုလုပ်ငန်းများသည် တစ်ဦးချင်း၊ နှစ်ဦးတစ်တွဲ၊ အုပ်စုငယ်ဖွဲ့၊ တစ်တန်းလုံးပါဝင်သော လုပ်ငန်းများ ဖြစ်နိုင်သည်။ သင်ယူမှုလုပ်ငန်းအားလုံးသည် သင်ခန်းစာ၏ မျှော်မှန်းထားသော သင်ယူမှုရလဒ် အောင်မြင်ပေါက်မြောက်စေရန်အတွက် ရည်ရွယ်ပြီး ရေးဆွဲထားသော လုပ်ငန်းများ ဖြစ်ကြသည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ။** အခန်းတွင် ပါဝင်သော အကြောင်းအရာများ အပေါ် သင်တို့၏ နားလည်မှုကို စစ်ဆေးရန် (သို့မဟုတ်) စာမေးပွဲအတွက် လေ့လာရာတွင် အထောက်အကူပြုရန်အတွက် ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို လေ့လာနိုင်ပါသည်။

**အဓိကအချက်များ။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အခန်းတစ်ခန်းတွင်ပါသော အကြောင်းအရာများမှ ကျောင်းသားများ သိရှိသင့်သည့် အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** သင်တို့လေ့လာသင်ယူခဲ့သည်များ အပေါ် အချိန်ယူ၍ ပြန်လည်သုံးသပ်စဉ်းစားခြင်းဖြင့် သင်ယူမှုများကို မှတ်မိရန်၊ အသုံးချရန်၊ အခြားဘာသာရပ် သင်ယူမှုနယ်ပယ်များ၊ နေ့စဉ်ဘဝများနှင့် ဆက်စပ်ကြည့်ရန် အထောက်အကူပြုပါသည်။ အခန်းတစ်ခန်းစီ၏ အဆုံးတွင် အဆိုပါအခန်းမှ သင်ယူလေ့လာခဲ့သည်များကို မည်သို့ ပြန်လည်သုံးသပ်၍ မည်သို့ ဆက်လက်လေ့လာရမည်ကို အကြံပြုထားသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** အခန်းတိုင်းတွင် သင်ယူရသည့် အကြောင်းအရာ အလိုက် ဖတ်စရာထပ်ဆောင်း ရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမို သိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေးဒီဂရီကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် အကြံပြုလိုပါသည်။

**အဓိကအသုံးအနှုန်းများ။** အခန်းတစ်ခန်းစီ၏ အစတွင် ထိုအခန်းမှ အရေးကြီးသော ဝေါဟာရများ (သို့မဟုတ်) အကြောင်းအရာများကို အလေးပေးဖော်ပြထားသော အသုံးအနှုန်းများ ပါရှိသည်။

ကျောင်းသားကိုင်စာအုပ်၏ နောက်ဆုံးတွင် **ခက်ဆစ်အဘိဓာန်** ပါရှိပြီး သင်တို့အတွက် အသစ်အဆန်းဖြစ်နိုင်သော အဓိကဝေါဟာရများကို အဓိပ္ပာယ် ရှင်းလင်းချက်နှင့်တကွ ဖော်ပြထားသည်။ ကျောင်းသားကိုင်စာအုပ် တစ်အုပ်လုံးတွင် အသုံးပြုခဲ့သော **ကျမ်းကိုးစာရင်း**ကို မူလရင်းမြစ်များနှင့်တကွ ဖော်ပြထားကြောင်း တွေ့ရပါလိမ့်မည်။

ဤဘာသာရပ်ကို သင်ယူရန် သင်တို့၏ ဆရာက ပံ့ပိုးကူညီပေးပါလိမ့်မည်။ အကယ်၍ သင် နားမလည်သော အကြောင်းအရာရှိပါက သင်တို့၏ ဆရာကို မေးရန် (သို့မဟုတ်) အတန်းဖော်များကို မေးရန် သတိရပါ။ ပညာရေးဒီဂရီကောလိပ်ကျောင်းသားတစ်ဦး အနေဖြင့် ပညာရေးဒီဂရီကောလိပ်၏ ပူးပေါင်းဆောင်ရွက်သည့် သင်ယူမှုဝန်းကျင်တွင် ရွယ်တူအဖော်များနှင့် ဆရာ၏လမ်းညွှန်မှုဖြင့် သင်ကြားမှု အရည်အသွေးများကို ရယူရန် ဖြစ်ပါသည်။

# အခန်း ၅

# စည်းကမ်း

ဤအခန်းတွင် သူငယ်တန်းနှင့် အခြေခံပညာမူလတန်း ကျောင်းသားများအား စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများကဲ့သို့သော စည်းကမ်းနှင့်သက်ဆိုင်သော အကြောင်းအရာများကို သင်ကြားခြင်းဆိုင်ရာ သင်ကြားသင်ယူမှုနည်းလမ်းများကို တစ်ဦးချင်း စူးစမ်းလေ့လာမည် ဖြစ်သည်။ ခေါင်းဆောင်မှုပုံစံအဖြစ် ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို လေ့လာပြီး အတန်းတွင်းစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်းအတွက် နည်းလမ်းတစ်ခုကို သတ်မှတ်ဖော်ထုတ်ရန် ဤအခြေခံသဘောတရားများကို အသုံးပြုမည်ဖြစ်သည်။

သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများသည် အွန်လိုင်းပတ်ဝန်းကျင်များကို မည်သို့ အသုံးပြုသည်ကို သိရှိနိုင်ပြီး ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကွန်ရက်ကို ခွဲခြား သတ်မှတ်ရန်အတွက် နည်းလမ်းတစ်ခုကို သင်လေ့ကျင့်ပေးရမည်ဖြစ်သည်။ ဤနည်းလမ်းသည် သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်သည့် သင်ကြားရေး ရင်းမြစ်တစ်ခု ဖန်တီးရန် သင့်အားကူညီပေးပါမည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် –**

- မူလတန်းအောက်ဆင့်အတွက် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အုပ်စုများ) အကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေး ရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲတတ်မည်။

- စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အုပ်စုများ) ၏ ကွဲပြား ခြားနားချက်များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြတတ်မည်။
- ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို ခေါင်းဆောင်မှုပုံစံတစ်ခုအဖြစ် ဖော်ပြတတ်မည်။
- အတန်းတွင်းစည်းမျဉ်းစည်းကမ်းများ (ရပိုင်ခွင့်များ၊ တာဝန်ဝတ္တရားများနှင့် အကျိုးဆက်များ) ကို ချမှတ်ခြင်းအတွက် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲတတ်မည်။
- ခေါင်းဆောင်ကောင်းများနှင့် နောက်လိုက်ကောင်းများ ဖြစ်ပေါ်လာနိုင်စွမ်းရှိသည့် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို အကဲဖြတ်သုံးသပ်တတ်မည်။
- မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ ရပ်ရွာနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။
- ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အဘယ်ကြောင့် ရေးဆွဲထားကြောင်း ဆွေးနွေးတတ်မည်ဖြစ်ပြီး ဆရာကျင့်ဝတ်ငါးပါးမှ သာဓကများ ပေးတတ်မည်။
- သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများအတွက် အွန်လိုင်း ပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်းမှာ မည်သည်ကို ဆိုလိုကြောင်း ဆွေးနွေးတတ်မည်။
- မူလတန်းအောက်ဆင့် ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။
- ဆရာများနှင့် မူလတန်း ကျောင်းသားများအတွက် ဘေးကင်းလုံခြုံပြီး စိတ်ချယုံကြည်ရသော အွန်လိုင်းလုပ်ဆောင်ပုံများကို လမ်းညွှန်ပေးသည့် ရင်းမြစ်များကို စုစည်းတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၂) သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ (ICT) ကို သင်ကြားသင်ယူမှုတွင် သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်းပြသည်။

(ခ) (၃.၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်း ပြသည်။

(ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာ တစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။

(ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း အပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ် ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) (၁.၁) မိမိ၏ လက်တွေ့သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစား သုံးသပ်သည်။

## အဓိက အသုံးအနှုန်းများ

အာဏာရှင် (authoritarian)၊ ဓလေ့ထုံးတမ်းများ (customs)၊ ဆိုက်ဘာအနိုင်ကျင့်ခြင်း (cyberbullying)၊ ဒီမိုကရေစီဆန်သော ခေါင်းဆောင်မှုပုံစံ (democratic leadership style)၊ တိုက်ရိုက်ဒီမိုကရေစီ (direct democracy)၊ စည်းကမ်း (discipline)၊ ဖြန့်ဝေတရားမျှတမှု (distributive justice)၊ တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများ (explicit rules)၊ သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများ (implicit rules)၊ ဥပဒေများ (laws)၊ စည်းမျဉ်းများ (regulations)၊ ကိုယ်စားပြုဒီမိုကရေစီ (representative democracy)၊ စည်းမျဉ်းစည်းကမ်းများ (rules)၊ ဘေးကင်းလုံခြုံရေးကွန်ရက် (safety network)၊ မိမိကိုယ်ကို ထိန်းကျောင်းခြင်း (self–regulate)။

# ၅.၁။ မူလတန်းအောက်ဆင့်ရှိ စည်းကမ်း

ဤအခန်းငယ်တွင် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်များကို ဖော်ပြပါမည်။ အကျင့်စာရိတ္တ ကောင်းမွန်သော စာသင်ခန်း အသိုက်အဝန်းကို သတ်မှတ်ရန်အတွက် သင်သည် ဒီမိုကရေစီလုပ်ငန်းစဉ်ကို ဖန်တီးပေးမည် ဖြစ်သည်။ မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ပညာရေးကျင့်ဝတ်ငါးပါး အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များနှင့် စည်းမျဉ်းစည်းကမ်းများကို ဆက်စပ်ပေးမည်ဖြစ်သည်။ နောက်ဆုံးသင်ခန်းစာတွင် ကျောင်းသားများအား အွန်လိုင်း ပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံမှုရှိစေရန် ကူညီပေးမည့် လမ်းညွှန်ချက်များကို သင်ရှာဖွေလေ့လာရပါမည်။

## ၅.၁.၁။ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ၊ ဓလေ့ထုံးတမ်းများနှင့်အညီ စည်းကမ်းလိုက်နာခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- မူလတန်းအောက်ဆင့်အတွက် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အုပ်စုများ) အကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေး ရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲတတ်မည်။
- စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ (ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အုပ်စုများ) ၏ ကွဲပြားခြားနားချက်များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြတတ်မည်။

## စည်းကမ်းဆိုသည်မှာ အဘယ်နည်း။

**စည်းကမ်း**ဆိုသည်မှာ အပြုအမူကို ထိန်းညှိရန် ကျင့်ဝတ် (သို့မဟုတ်) အလေ့အကျင့် တစ်ခုဖြစ်သည်။ ၎င်းသည် လူနှင့်တိရစ္ဆာန်များတွင် ကျင့်သုံးနိုင်သည်။ ဥပမာအားဖြင့် တိရစ္ဆာန်များသည် အချို့သော နည်းလမ်းဖြင့် ပြုမူလုပ်ဆောင်ရန် (သို့မဟုတ်) ဆပ်ကပ်တွင် ဖျော်ဖြေရန် လေ့ကျင့်နိုင်သည်။ "လေ့ကျင့်မှု" ဟူသော စကားလုံးသည် စည်းကမ်းနှင့် စပ်လျဉ်း၍ အရေးကြီးပါသည်။ စည်းကမ်းသည် လူတို့အား တိကျသောနည်းလမ်းဖြင့် ပြုမူလုပ်ဆောင်တတ်စေရန် လေ့ကျင့်ပေးသည့်နည်းဖြင့် လုပ်ဆောင်သည်။ စည်းကမ်းကို အပြင်မှ (သို့မဟုတ်) အတွင်းမှ ချမှတ်နိုင်သည်။

မသင့်လျော်သော လုပ်ဆောင်ချက်တစ်ခုကြောင့် အခြားသူတစ်ဦးမှ ၎င်း၏အကျိုးဆက်ကို ပြစ်ဒဏ်ပေးသောအခါတွင် အပြင်စည်းကမ်းသည် ဖြစ်ပေါ်လာသည်။ ဤသူသည် မိဘ (သို့မဟုတ်) ဆရာဖြစ်နိုင်သလို ရဲအရာရှိတစ်ဦးကဲ့သို့ လူမှုအသိုင်းအဝိုင်းမှလည်း ဖြစ်နိုင်သည်။

အတွင်းစည်းကမ်းသည် မိမိကိုယ်ကို ထိန်းကျောင်းခြင်းမှ ဖြစ်ပေါ်လာသည်။ ၎င်းသည် မိမိကိုယ်ကို စီမံခန့်ခွဲရာတွင် နည်းလမ်းတစ်ခုဖြင့် စနစ်ကျစွာ ပြုမူနေထိုင်ရန် လိုက်နာ ကျင့်သုံးနိုင်သောအခါတွင် ဖြစ်ပေါ်လာသည်။ ဥပမာအားဖြင့် သင်သည် အိမ်စာလုပ်ငန်းကို လုပ်ဆောင်ရာတွင် စည်းကမ်းတကျ ဆောင်ရွက်ခြင်းမျိုး ဖြစ်သည်။ သင့်အိမ်စာလုပ်ငန်းများကို အချိန်မီ ပြီးစီးစေရန် လုပ်ရိုးလုပ်စဉ်အတိုင်း လိုက်နာလုပ်ဆောင်ရန် သင်ကိုယ်တိုင် လေ့ကျင့်နိုင်သည်။ ဤစည်းကမ်းရှိသောအပြုအမူ၏ အပြုသဘောဆောင်သော အကျိုးဆက်မှာ နောက်လာမည့် သင်ယူမှုအခွင့်အလမ်းအတွက် ကောင်းစွာပြင်ဆင်မှုရှိခြင်းပင် ဖြစ်သည်။

စည်းကမ်းကို အပျက်သဘောဆောင်သော နည်းလမ်းများ (သို့မဟုတ်) အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ကျင့်သုံးနိုင်သည်။ ဥပမာအားဖြင့် လူများသည် အချို့သော နည်းလမ်းကို မလိုက်နာခြင်း/အသုံးမပြုခြင်းကြောင့် အပြစ်ပေးခံရနိုင်သည်။ အပျက်သဘောဆောင်သော စည်းကမ်း၏ သာဓကတစ်ခုမှာ ကလေးတစ်ဦးကို လက်ဝါးဖြင့် ရိုက်နှက်ခြင်းဖြစ်သည်။ ကလေးက ၎င်း၏ အဖော်ကို ရိုင်းစိုင်းစွာ ပြောဆိုသည့်အခါ ကလေး၏ အားနည်းသည့် အပြုအမူကို ရွေးချယ်မှုအတွက် မိဘက အပြစ်ပေးသည်။ ပြစ်ဒဏ်တွင် ကလေးကို ရိုက်နှက်ခြင်း ပါဝင်သည်။

သို့သော်လည်း စည်းကမ်းလိုက်နာရန်အတွက် အပြုသဘောဆောင်သော နည်းလမ်းမှာ စံနမူနာပြလိုသော အပြုအမူများကို စံနမူနာပြုရန်နှင့် သင့်လျော်သော အပြုအမူများကို အားပေးရန်ဖြစ်သည်။ ဥပမာအားဖြင့် မိဘများသည် သင့်လျော်သော မိသားစု အမူအကျင့်များကို စံနမူနာယူစေပြီး သားသမီးများမှ ကောင်းသော အမူအကျင့်များ လုပ်ဆောင်သောအခါတွင် အားပေးနိုင်သည်။ ထို့ကြောင့် ကလေးသည် ယဉ်ကျေးသိမ်မွေ့လာပြီး မိဘကလည်း ထိုအပြုအမူကို ချီးကျူးနိုင်ပါသည်။ ကလေးက ရိုင်းရိုင်းစိုင်းစိုင်းပြောလျှင် မိဘက ကလေးကို တားမြစ်နိုင်သည်။ ကလေးအား အချိန်အနည်းငယ်ယူစေခြင်း (ဥပမာ – အနှောင့်အယှက် မဖြစ်နိုင်သော နေရာတွင်)၊ ခေတ္တခဏ ရပ်တန့်စေပြီးနောက် မိဘသည် ကလေးနှင့် အဖြစ်အပျက်အကြောင်း ဆွေးနွေးနိုင်သည်။ ၎င်းတွင် အခြားသူများအား စကားပြောသည့်အခါ သင့်လျော်သော အပြုအမူကို ပြုမူရန် ၎င်းတို့ကို သတိပေးခြင်း ပါဝင်နိုင်သည်။ သင့်လျော်သော အပြုအမူသည် ဘေးကင်းမှု၊ အမူအကျင့်၊ ယုံကြည်ချက်၊ တန်ဖိုးထားမှုများ အစရှိသည်တို့နှင့် ဆက်စပ်နေနိုင်သည်။ ရွေးချယ်ထားသော အပြုအမူသည် စည်းမျဉ်းစည်းကမ်း၊ ဥပဒေ (သို့မဟုတ်) ဓလေ့ထုံးတမ်းတစ်ခုဖြစ်နိုင်ပြီး မိသားစု၊ ကျောင်း၊ အလုပ်၊ ရပ်ရွာ၊ လူ့အဖွဲ့အစည်း၊ အစိုးရတို့နှင့် သက်ဆိုင်နိုင်သည်။

ခေတ္တရပ်၍ ပြန်လည်သုံးသပ်ပါ – အပျက်သဘောဆောင်သော စည်းကမ်း၏ အကျိုးဆက်များမှာ အဘယ်နည်း။


ကျောင်းသားတစ်ဦးသည် ကျောင်းတွင် မှားယွင်းသော အဖြေတစ်ခုပေးခြင်းကြောင့် အပျက်သဘောဆောင်သောနည်းဖြင့် စည်းကမ်းကြပ်မတ်ခံရခြင်းကို စိတ်ကူးကြည့်ပါ။ ဆရာ၏ မေးခွန်းများကို ဖြေဆိုရန် ကြောက်ရွံ့ကြမည်လား။ စာသင်ခန်းတွင်းဆွေးနွေးမှုတွင် ပါဝင်ဆွေးနွေးလိုစိတ် ရှိပါမည်လား။ ဤကျောင်းသားအား ဆက်လက်သင်ယူရန်အတွက် အားတက်သရော ရှိနေစေပါသလား။

## စည်းမျဉ်းစည်းကမ်းများ

**စည်းမျဉ်းစည်းကမ်းများ**သည် လမ်းညွှန်ချက်တစ်ရပ်ဖြစ်သည်။ ၎င်းတို့သည် လူများ (သို့မဟုတ်) လူအုပ်စုများကို မည်ကဲ့သို့ပြုမူရန် (သို့မဟုတ်) အချို့သော အလေ့အကျင့်များကို ကျင့်သုံးရန် လမ်းညွှန်သည်။ ဥပမာ – အချို့သော လူမှုရေးကိစ္စရပ်များတွင် ကျွန်ုပ်တို့၏

ပြုမူပုံနှင့် လုပ်ဆောင်ပုံတို့အပေါ် စည်းမျဉ်းစည်းကမ်းများဖြင့် ချုပ်ကိုင်ထားသည်။ ထို့ကြောင့် စည်းမျဉ်းစည်းကမ်းများသည် မတူညီသော အခြေအနေများ/အကြောင်းအရာများတွင် ကွဲပြားနိုင်ပြီး ၎င်းတို့သည် လူတိုင်းနှင့် သက်ဆိုင်မည် မဟုတ်ပေ။ စည်းမျဉ်းစည်းကမ်းများသည် နေရာတိုင်းတွင် အကျုံးဝင်မည်မဟုတ်ပေ။

ဥပမာတစ်ခုမှာ မိုဘိုင်းလ်ဖုန်း အသုံးပြုမှုအကြောင်း ဖြစ်သည်။ ကျောင်းတွင် 'မိုဘိုင်းလ်ဖုန်း မသုံးရ' ဟူသော စည်းမျဉ်းစည်းကမ်း ရှိနိုင်သည်။ သို့သော် ကျောင်းဂိတ်မှ ထွက်သွားသည့် အခါတွင် မိုဘိုင်းလ်ဖုန်း သုံးနိုင်သောကြောင့် စည်းမျဉ်းစည်းကမ်းသည် နေရာတိုင်းတွင် အကျုံးဝင်မည် မဟုတ်ပေ။ သို့မဟုတ် ကျောင်းသားများ အသုံးပြုခွင့် မရနိုင်သောအချိန်တွင် ဆရာသည် ၎င်း၏ဖုန်းကို အသုံးပြုနိုင်သောကြောင့် စည်းမျဉ်းစည်းကမ်းသည် လူတိုင်းနှင့် မသက်ဆိုင်ပေ။




**ပုံ ၅.၁။ စည်းမျဉ်းစည်းကမ်းစာအုပ် – မိုဘိုင်းလ်ဖုန်း အသုံးပြုခွင့်မရှိ**

ဘေးကင်းလုံခြုံစေရန်နှင့် ပဋိပက္ခများ/ပြဿနာများကို ရှောင်ရှားနိုင်ရန်အတွက် စည်းမျဉ်းစည်းကမ်းများ တည်ရှိပါသည်။ ဥပမာအားဖြင့် သင့်စာသင်ခန်းကို သင်ပြင်ဆင်သောအခါတွင် လူတိုင်းသည် ဘေးကင်းလုံခြုံပြီး ကာကွယ်မှုရှိကြောင်းကို သေချာစေရန်အတွက် သဘောတူထားသည့် စည်းမျဉ်းစည်းကမ်းအချို့ကို သင်သတ်မှတ်နိုင်သည်။ စည်းမျဉ်းစည်းကမ်းများကို ယေဘုယျအားဖြင့် လူမှုရေးအရ ရေးဆွဲထားသည်။[၃] ဆိုလိုသည်မှာ အဖွဲ့တွင်

[၃] Vygotsky, L. S. (1978).

ပါဝင်သူများမှ လူမှုရေးအရ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲထားခြင်းဖြစ်သည်။

လူမှုရေးအရ ရေးဆွဲထားသော စည်းမျဉ်းစည်းကမ်းများသည် တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများ (သို့မဟုတ်) သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများ ဖြစ်နိုင်သည်။ တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများကို ရည်ရွယ်ချက် တစ်ခုအတွက် တမင်တကာ ရည်ရွယ်၍ ရေးဆွဲထားပါသည်။ ၎င်းတို့ကို အဖွဲ့၏ အဖွဲ့ဝင်များကြားတွင် မျှဝေထားသည်။ သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများသည် တိုက်ရိုက်မဖော်ပြဘဲ တမင်တကာ ရည်ရွယ်၍ ရေးဆွဲထားခြင်းလည်း မဟုတ်ပါ။ အမြဲတမ်း ရှင်းလင်းနေမည်လည်း မဟုတ်ပါ။

## တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများဆိုသည်မှာ အဘယ်နည်း။

**တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများ**သည် ရှင်းလင်းပြတ်သားပြီး တိုက်ရိုက်ဖြစ်သည့် စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ ဥပမာအားဖြင့် ဂိမ်းတစ်ခု၏ စည်းမျဉ်းစည်းကမ်းများ။ သင်သည် ဘုတ်ဂိမ်း (board game) ကစားပါက ဂိမ်းကစားနည်း စည်းမျဉ်းစည်းကမ်းများကို ရေးပေးရပါမည်။ အသုံးပြုသော ဘာသာစကားသည် ရှင်းလင်းနေရမည်ဖြစ်ပြီး ပါဝင်သူ အားလုံးသည် ဂိမ်း၏ စည်းမျဉ်းစည်းကမ်းများကို သိရှိရမည်ဖြစ်သည်။ ကျောင်းဝတ်စုံ ဝတ်ခြင်းသည် တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းတစ်ခုဖြစ်ပြီး ကျောင်းတွင် ဝတ်စား ဆင်ယင်ပုံသည် မည်သို့မည်ပုံဆိုသည်ကို လူတိုင်းသိသည်။ အခြား စည်းမျဉ်းစည်းကမ်းများမှာ စာမေးပွဲများတွင် မသမာမှုပြုခြင်း/စာခိုးကူးခြင်း၊ အခြားသူတစ်ဦး၏ အဖြေအား ကူးယူခြင်း (သို့မဟုတ်) အထူးသင်္ချာစည်းမျဉ်းစည်းကမ်းများ စသည်တို့ ဖြစ်နိုင်ပါသည်။

## သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများဆိုသည်မှာ အဘယ်နည်း။

**သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများ**သည် အစဉ်အမြဲတိကျရှင်းလင်းမှု မရှိသော်လည်း ထိုစည်းမျဉ်းစည်းကမ်းများကို တရားသေလိုက်နာသင့်သည်ဟု မှတ်ယူထားကြသည်။ သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများသည် ကျွန်ုပ်တို့အနေဖြင့် မိမိ၏အပြုအမူကို အုပ်စိုးသည့် စည်းမျဉ်းစည်းကမ်းတစ်ခု ရှိသည်ကို တစ်ခါတစ်ရံတွင် မသိရှိဘဲ ကျွန်ုပ်တို့ လေးစားလိုက်နာသော စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ ဥပမာအားဖြင့် လူ့အဖွဲ့အစည်းတွင် ဝတ်စားဆင်ယင်ပုံနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ အမြဲရေးထားလေ့မရှိပေ။

ဤစည်းမျဉ်းစည်းကမ်းများတွင် ဦးထုပ်ဆောင်းရမည့်အချိန်၊ မည်မျှကြာကြာ ဝတ်ဆင်သင့်သည်၊ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကို ဖုံးအုပ်ထားနိုင်သည် (သို့မဟုတ်) မတူညီသော လုပ်ငန်းဆောင်တာများအတွက် ဝတ်ဆင်ရမည့် အင်္ကျီအမျိုးအစားများ ပါဝင်သည်။

သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများတွင် လူတို့ဆက်သွယ်ပြောဆိုသည့် နည်းလမ်းများလည်း ပါဝင်နိုင်သည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့၏ မျက်နှာအမူအရာနှင့် ကိုယ်ဟန်အမူအရာများသည် အထူးသဖြင့် ကျွန်ုပ်တို့၏ ယုံကြည်ချက်များကို မျှဝေခြင်းများ၊ အခြားသူများအား မက်ဆေ့ချ်များ/ သတင်းအချက်အလက်များကို မျှဝေခြင်းများ ပါဝင်ပါသည်။

အရေးကြီးသည်မှာ စည်းမျဉ်းစည်းကမ်းများတွင် လူ့အဖွဲ့အစည်းအနေဖြင့် ရေးဆွဲပြဋ္ဌာန်းရန်၊ လက်တွေ့ကျင့်သုံးရန်၊ ဆက်လက်ထိန်းသိမ်းရန် (သို့မဟုတ်) ပြောင်းလဲရန်တို့ ပါဝင်သည်။[၄] ဥပမာအားဖြင့် အချို့နိုင်ငံများတွင် အမျိုးသမီးများသည် လူသိရှင်ကြား ပြောရေးဆိုခွင့်မရပေ။ ဤစည်းမျဉ်းစည်းကမ်းကို လူတစ်စု (သို့မဟုတ်) လူအများက ရှေးအခါကတည်းက ရေးဆွဲခဲ့ခြင်း ဖြစ်နိုင်သည်။ အမျိုးသမီးတစ်ဦးအနေဖြင့် ပြောရေးဆိုခွင့်မရှိသော မိသားစုအိမ်မျိုးတွင် (သို့မဟုတ်) ဘာသာတရားတစ်ခုတွင် ယင်းစည်းမျဉ်းစည်းကမ်းကို အမျိုးမျိုးသော အကြောင်းအရာများ၌ ကျင့်သုံးကြပေမည်။ ဤစည်းမျဉ်းစည်းကမ်းအတိုင်း ဆက်လက်လိုက်နာလုပ်ဆောင်နိုင်ရန် ပြည်သူများက အလေးထားရမည်။ သို့မဟုတ်ပါက လူအများက လူသိရှင်ကြား ထုတ်ဖော်ပြောကြလျှင် ဥပမာ – လူ့အခွင့်အရေးအဖြစ်ဖြင့် နောက်ဆုံးတွင် စည်းမျဉ်းစည်းကမ်းသည် ပြောင်းလဲသွားနိုင်ပေသည်။

## ဓလေ့ထုံးတမ်းများ

ဓလေ့ထုံးတမ်းများသည် အကျင့်စရိုက်များဖြစ်သည်။ ၎င်းတို့သည် လူ့အဖွဲ့အစည်းအတွင်း အလွတ်သဘော စည်းမျဉ်းစည်းကမ်းများနှင့် ရိုးရာဓလေ့များဖြစ်သည်။ ဓလေ့ထုံးတမ်း များသည် ယေဘုယျအားဖြင့် အချိန်ကာလပြောင်းလဲလာသည်နှင့်အမျှ တစ်ခါပြီးတစ်ခါ ပြောင်းလဲသတ်မှတ်လာသည်။ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် သမိုင်းကြောင်းအပေါ်မူတည်၍ ကွဲပြားမည် ဖြစ်သည်။ ဓလေ့ထုံးတမ်း၊ ယုံကြည်မှုများနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများ/အလေးထားမှုများသည် အထူးသဖြင့် အားလုံးအကျုံးဝင်သော

၄ Burns, T. R., & Machado, N. (2013).

အပြုအမူများကို လေ့ကျင့်သောအခါတွင် ကျောင်းသားများကို နားလည်ရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် သင့်အသိုက်အဝန်း (သို့မဟုတ်) မိသားစုအိမ်တွင် ဖြစ်ပျက်နေသည့် အရာများသည် သင့်ကျောင်းသားများ တွေ့ကြုံရသည့်အရာနှင့် အလားတူ (သို့မဟုတ်) ကွဲပြားနိုင်သည်။ ကျောင်းသားများအကြားတွင် တူညီမှုများနှင့် ကွဲပြားမှုများလည်း ရှိနေပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်း (၁၃၅) ကျော်ရှိသဖြင့်[၅] ဓလေ့ထုံးတမ်းအားလုံးသည် လူတိုင်းနှင့် သက်ဆိုင်သည်မဟုတ်ကြောင်း ကျောင်းသားများ သိရှိနားလည်ထားရန် အရေးကြီးပါသည်။ စာသင်ခန်းအတွင်းရှိ အချို့သော ကျောင်းသားများသည် တူညီသော ဓလေ့ထုံးတမ်းများကို လိုက်နာကျင့်သုံးကြပြီး အချို့မှာ မတူညီသော ဓလေ့ထုံးတမ်းများကို လိုက်နာကျင့်သုံးကြသည်။

ဓလေ့ထုံးတမ်းများသည် တိကျမှုမရှိ ဖြစ်လေ့ရှိသည်။ တစ်နည်းဆိုရသော် ၎င်းတို့သည် ရေးသားထားသော စည်းမျဉ်းစည်းကမ်းမဟုတ်သည့် သွယ်ဝိုက်သောနည်းဖြင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ ဖြစ်သည်။ ဓလေ့ထုံးတမ်းများသည် လူအားလုံးအပေါ် အချိန်တိုင်းတွင် သက်ရောက်စေမည်မဟုတ်ပါ။

ဓလေ့ထုံးတမ်းများကို များသောအားဖြင့် ဥပဒေဖြင့် ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့ရာတွင် ဓလေ့ထုံးတမ်း ယုံကြည်ချက်များကို မလိုက်နာပါမိက ထိုင၎်းတို့သည် လှောင်ပြောင်ခံရခြင်း (သို့မဟုတ်) ဖယ်ကြဉ်ခံရခြင်းမျိုး ကြုံတွေ့ရနိုင်သည်။ ဓလေ့ထုံးတမ်းတစ်ခု၏ ဥပမာတစ်ခုမှာ အိမ်ထဲသို့မဝင်မီ သင့်ဖိနပ်ကိုချွတ်ခြင်း ဖြစ်သည်။ ဤဓလေ့ကို မလိုက်နာပါက သင့်ကိုအပြစ်ပေးမည် မဟုတ်သော်လည်း၊ သင်၏ဖိနပ်ချွတ်ခြင်း အပြုအမူသည် ရိုသေလေးစားမှုကို ဖော်ပြသော အပြုအမူပင် ဖြစ်သည်။

---

၅ The Government of the Republic of the Union of Myanmar Ministry of Education. (2016).




**ပုံ ၅.၂။ မြန်မာနိုင်ငံတွင် အိမ်ထဲသို့မဝင်မီ ဖိနပ်ချွတ်ခြင်းသည် ထုံးစံဖြစ်သည်။**

ပွဲတော်များသည်လည်း ဓလေ့ထုံးတမ်းတစ်ခုပင်ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် ကျင်းပလေ့ရှိသည့် ပွဲတော်များ အများအပြားရှိသည်။ မြန်မာပြည်သူပြည်သားများသည် လစဉ်လတိုင်းလိုလိုပင် ရွှေတိဂုံဘုရားနှင့် အခြားစေတီတော်များသို့ သွားရောက်ကြပြီး ဘာသာရေးဆိုင်ရာ ထုံးတမ်းစဉ်လာပွဲတော်များတွင် ပါဝင်ဆင်နွှဲကြသည်။

အခြားမြန်မာ့ရိုးရာပွဲတော်များမှာ –

- ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးပွဲ၊
- မတ်လတွင် လူကြိုက်များသည့် သဲပုံစေတီပွဲတော်များ၊ (ပုံ ၅.၃ ကို ကြည့်ပါ။)

- ဧပြီလတွင် မြန်မာနှစ်သစ်ကူးပွဲတော်များ၊
- မေလတွင် ကျင်းပသော ဗုဒ္ဓနေ့ (သို့မဟုတ်) ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓရုပ်ပွားတော်အား ရေသပ္ပာယ်ပြီး ဗောဓိညောင်ပင်အား ရေသွန်းလောင်းပွဲ၊
- ဇူလိုင်လတွင် ဝါဆိုလပြည့်နေ့၌ သံဃာတော်များအား ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့်
- သီတင်းကျွတ်လတွင် မြတ်စွာဘုရားအား ဖူးမြော်ပူဇော်ရန်အတွက် စေတီများနှင့် နေအိမ်များကို ဆီမီး/လျှပ်စစ်မီး၊ မီးပုံးများ၊ ဖယောင်းတိုင်များဖြင့် အလှဆင်ထားသည့် မီးထွန်းပွဲတော်ဟုလည်း လူသိများသော ပွဲတော်များကို အောက်တိုဘာလတွင် ကျင်းပသည်။




**ပုံ ၅.၃။ သဲပုံစေတီပွဲ**

## ဥပဒေများ

**ဥပဒေများ**သည် အစိုးရကဲ့သို့ ဥပဒေပြုအာဏာရှိသော အဖွဲ့အစည်းတစ်ခုမှ ပြဋ္ဌာန်းသော အထူးစည်းမျဉ်းအမျိုးအစားကို ရည်ညွှန်းပါသည်။ ပြည်သူ (သို့မဟုတ်) နိုင်ငံတော်၏

ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် အစိုးရဥပဒေများ လိုအပ်ပါသည်။ ဥပဒေများသည် လူ့အဖွဲ့အစည်း တစ်ရပ်လုံးအတွက် တစ်သမတ်တည်းဖြစ်သည်၊ ဆိုလိုသည်မှာ ဥပဒေများသည် အုပ်ချုပ်ရေးဒေသရှိသည့် နေရာတိုင်းတွင် လူတိုင်းနှင့်သက်ဆိုင်ပါသည်။

ဥပမာအားဖြင့် အမျိုးသားပညာရေး ရည်မှန်းချက်များ၊ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကျောင်းအမျိုးအစားများ၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးညွှန်းတမ်းစံသတ်မှတ်ခြင်း၊ အရည်အသွေးဆိုင်ရာ အကဲဖြတ်မှုနှင့် မြန်မာနိုင်ငံ ပညာရေး၏ အရည်အသွေးအာမခံမှုတို့ကို ပြဋ္ဌာန်းထားသည့် အမျိုးသားပညာရေးဥပဒေ[၆] ရှိပါသည်။

အမျိုးသားပညာရေးဥပဒေ၏ ရည်ရွယ်ချက်များသည် ဆရာများ၏ အခန်းကဏ္ဍနှင့် တာဝန်များကို အသိအမှတ်ပြုရန် အရေးကြီးပါသည်။ အခန်း (၂) ပါ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

**လေးထောင့်ကွက် ၅.၁။ အမျိုးသားပညာရေးဥပဒေ၏ ရည်ရွယ်ချက်များ**[၇]

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊

(ခ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစု ပျိုးထောင်ပေးရန်၊

(ဂ) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင် တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများ ဖြစ်လာစေရန်၊

(ဃ) ပညာအခြေပြုလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအား အရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

၆ The Government of the Union of the Republic of Myanmar. (2014).

၇ The Government of the Union of the Republic of Myanmar. (2014, p. 3).

| | |
|---|---|
| (င) | နိုင်ငံတကာအဆင့်မီပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ၏ အရည်အသွေး မြင့်မားလာစေရန်၊ |
| (စ) | ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာ တတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ |
| (ဆ) | အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းနှင့် ကျောင်းကျန်းမာရေး လုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်။ |

**ဓလေ့ထုံးတမ်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများအကြားရှိ ဆက်စပ်မှုမှာ အဘယ် နည်း။**

လူ့အဖွဲ့အစည်းတွင် လူမှုအသိုက်အဝန်းအတွင်း အတူတကွနေထိုင်ကြသောအခါ လူများ၏ အပြုအမူကို အုပ်ချုပ်ရန် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသည်။ စည်းမျဉ်း စည်းကမ်းများသည် ထုံးတမ်းစဉ်လာ (သို့မဟုတ်) ဓလေ့ထုံးတမ်းများအဖြစ် အလွတ်သဘော စတင်ခဲ့ခြင်း ဖြစ်နိုင်သည်။ အချိန်ကြာလာသည်နှင့်အမျှ စည်းမျဉ်းစည်းကမ်းများသည် ဥပဒေ ပုံစံဖြင့် ပိုမိုတရားဝင် ဖြစ်လာသည်။

တစ်ခါတစ်ရံတွင် စည်းမျဉ်းစည်းကမ်းများ ချမှတ်သည့်ပုံစံကို ပြုပြင်ပြောင်းလဲနိုင်ပြီး သတ်မှတ်ထားပြီးသည့် စည်းမျဉ်းစည်းကမ်းများကိုပင် ပြန်လည်ပြင်ဆင်နိုင်သည်။[၈] သို့သော်လည်း စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ဆောင်သည့်နည်းလမ်းများကို ပြန်လည် သတ်မှတ်ရန်အတွက် အစိုးရတစ်ရပ်တွင် သိသာထင်ရှားသော ပြောင်းလဲမှုများ လိုအပ်နိုင် ပါသည်။ *အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း*အရ အရည်အသွေးရှိ၍ သာတူညီမျှရှိသော ပညာရေးသည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအား အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကူညီပေးပါသည်။[၉]

၈ Burns, T. R., & Machado, N. (2013).

၉ The Government of the Republic of the Union of Myanmar Ministry of Education. (2016).

ထို့ကြောင့် ယခင်သင်ခန်းစာများတွင် ဆွေးနွေးခဲ့သည့်အတိုင်း အရည်အသွေးပြည့်ဝ၍ သာတူညီမျှမှုရှိသော ပညာရေးကို မည်ကဲ့သို့ပေးရမည်ကို သိရှိထားရန်နှင့် ကျောင်းသားအားလုံး သင်ယူခွင့်ရရှိရန် မည်သို့သေချာစေရမည်ကို သိရှိထားရန် အရေးကြီးပါသည်။ ဆရာများအနေဖြင့် ကျွန်ုပ်တို့သည် ပြန်လည်သုံးသပ်သော သင်ကြားမှုအလေ့အကျင့်များကို လက်ခံကျင့်သုံးပါက စာသင်ခန်းတွင်း သင်ကြားသင်ယူမှု၏ ထိရောက်မှုကို ပိုမို စောင့်ကြည့်နိုင်မည် ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်ပြုစုရေးဆွဲခြင်း – စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေး ရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မူလတန်းအောက်ဆင့်အတွက် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို ဖော်ပြနိုင်သည့် သင်ကြားရေး ရင်းမြစ်တစ်ခုကို ပြုစုရေးဆွဲရန်ဖြစ်သည်။

ဤရင်းမြစ်သည် ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအတွက် သင့်လျော်မည် ဖြစ်သည်။ လေးထောင့်ကွက် (၅.၂) တွင် အတန်းအဆင့်အလိုက် ရည်မှန်းချက်များနှင့် လေးထောင့်ကွက် (၅.၃) တွင် သင်ယူမှုရလဒ်များကို ကြည့်ပါ။ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများသည် လူမှုအဖွဲ့အစည်းအတွင်းရှိ ဓလေ့ထုံးတမ်းများအကြောင်း လေ့လာသင်ယူရန်နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်စေရန် လိုအပ်ကြောင်း ဤရည်မှန်းချက်များက ထပ်လောင်းပြောကြားသည်။

သင်ဖန်တီးသည့် ရင်းမြစ်သည် ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအတွက် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို ရှင်းပြရာတွင် ကူညီပေးလိမ့်မည်။ ပထမအဆင့်မှာ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို ဖော်ပြသည့် ဇယားတစ်ခုကို ပြုစုရေးသားရန် ဖြစ်ပြီး တစ်ခုစီအတွက် နမူနာတစ်ခု ပေးရပါမည်။ (ဇယား ၅.၁ ကို ကြည့်ပါ)။ ဥပမာအားဖြင့် မြန်မာဓလေ့ထုံးတမ်း နမူနာကို ရှာပါ။ ထို့နောက် ဓလေ့ထုံးတမ်းနှင့် ယင်း၏ရည်ရွယ်ချက်ကို ရှင်းပြပါ။ မြန်မာလူမျိုးများသည် ဓလေ့ထုံးတမ်းကို မလိုက်နာပါက မည်ကဲ့သို့ဖြစ်မည်ကို ထောက်ပြပါ။ ပြစ်ဒဏ်ပေးခံရမည်လား၊ အပြစ်ပေးခံရပါက မည်သူက ပြစ်ဒဏ်ပေးမည်နည်း။

ဤရင်းမြစ်သည် ကျောင်းသားလူငယ်များအတွက် ဖြစ်သောကြောင့် ရုပ်ပုံများကို အသုံးပြုခြင်းသည် အထောက်အကူ ဖြစ်စေမည်။ ရုပ်ပုံများသည် ကျောင်းသားလူငယ်များအတွက် အသုံးဝင်ပါသည်။ ရုပ်ပုံများက အဓိပ္ပာယ်ကို ရှင်းလင်းစေရန် ကူညီပေးသည်။ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများကို ကိုယ်စားပြုသော ရုပ်ပုံများကို အသုံးပြုပါ။ မဂ္ဂဇင်းများမှ ရုပ်ပုံများကို ဖြတ်တောက်ခြင်း (သို့မဟုတ်) ပုံများကို ဆွဲခြင်းတို့ ပြုလုပ်နိုင်သည်။

၎င်း၏အဓိကကျသော အကြောင်းအရာကို ရှင်းပြရန် ပုံတစ်ပုံချင်းစီအောက်တွင် ရှင်းလင်းချက်တစ်ခုစီ ရေးပါ –

- စည်းမျဉ်းစည်းကမ်း၊ ဥပဒေ (သို့မဟုတ်) ဓလေ့ထုံးတမ်းဆိုင်ရာ ရှင်းလင်းချက်
- စည်းမျဉ်းစည်းကမ်း၊ ဥပဒေ (သို့မဟုတ်) ဓလေ့ထုံးတမ်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းချက်
- စည်းမျဉ်းစည်းကမ်း၊ ဥပဒေ (သို့မဟုတ်) ဓလေ့ထုံးတမ်းကို မလိုက်နာခြင်း၏ အကျိုးဆက်ကို ဖော်ပြချက်။

သင့်စိတ်ကူးများကို မှတ်တမ်းတင်ရန်အတွက် သင်၏သင်ကြားရေးရင်းမြစ်ဖိုင်တွဲ (သို့မဟုတ်) ပိုစတာစာရွက် (သို့မဟုတ်) ဇယား (၅.၁) ကို အသုံးပြုပါ။

## လေးထောင့်ကွက် ၅.၂။ စာရိတ္တနှင့် ပြည်သူ့နီတိအတွက် အတန်းအဆင့်အလိုက် (ပထမတန်းနှင့် ဒုတိယတန်း အတွက်) ရည်မှန်းချက်များ[၁၀]

**အတန်းအဆင့်အလိုက် ရည်မှန်းချက်များ**

| ပထမတန်း | ဒုတိယတန်း |
|---|---|
| – စာရိတ္တပိုင်းဆိုင်ရာကျင့်ဝတ်၊ တာဝန်ဝတ္တရားများနှင့်စပ်လျဉ်း၍ အလေ့အကျင့်ကောင်းများကို သိရှိရန် | – စာရိတ္တပိုင်းဆိုင်ရာကျင့်ဝတ်၊ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ အလေ့အကျင့်ကောင်းများကို သိရှိရန် |
| – မိမိကိုယ်ကို လေးစားမှုရှိရန် | – တစ်ဦးနှင့်တစ်ဦး ယုံကြည်လေးစားတတ်ရန် |
| – လူမှုအဖွဲ့အစည်းအတွင်း ဓလေ့ထုံးတမ်းများကို သိရှိရန် | – လူမှုအဖွဲ့အစည်းအတွင်း ဓလေ့ထုံးတမ်း ကောင်းများကို နားလည်ရန် |
| – မိမိကိုယ်တိုင် ဖြောင့်မတ်မှန်ကန်မှုနှင့် တာဝန်သိမှု | – မိမိ၏ အခန်းကဏ္ဍနှင့် တာဝန်ကို သိနားလည်သူတစ်ဦး ဖြစ်လာရန် |

၁၀ Department of Basic Education. (n.d., p. 2).

## လေးထောင့်ကွက် ၅.၃။ ပထမတန်းနှင့် ဒုတိယတန်းအတွက် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် နယ်ပယ်နှင့် သင်ခန်းစာအစီအစဉ်[၁၁]

**ဘာသာရပ်နယ်ပယ်နှင့် သင်ခန်းစာအစီအစဉ်**

| ဘာသာရပ် နယ်ပယ် / တန်ဖိုးများ | ပထမတန်း | ဒုတိယတန်း |
|---|---|---|
| စည်းကမ်း | (၁၂) စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာခြင်း | (၁၀) စည်းမျဉ်းစည်းကမ်းများကို လိုက်နာ စောင့်ထိန်းတတ်ခြင်း။<br>(၁၁) အများပိုင်ပစ္စည်းများကို အလေးထား အသုံးပြုတတ်ခြင်း။ |

**ဇယား ၅.၁။ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်**

| | စည်းမျဉ်းစည်းကမ်းများ | ဥပဒေများ | ဓလေ့ထုံးတမ်းများ |
|---|---|---|---|
| အလွတ်သဘော (သို့မဟုတ်) သမားရိုးကျ ဖြစ်သည်။ | | | |
| မည်သူက သတ်မှတ် ပြဋ္ဌာန်းသည်။ | | | |
| မည်သူက လိုက်နာ ကျင့်သုံးသည်။ | | | |

၁၁ Department of Basic Education. (n.d., p. 4).

| | စည်းမျဉ်းစည်းကမ်းများ | ဥပဒေများ | ဓလေ့ထုံးတမ်းများ |
|---|---|---|---|
| မည်သူက တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းသည်။ | | | |
| မလိုက်နာခြင်း၏ အကျိုးဆက်များ | | | |
| စည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်သည့် ဥပမာများ | | | |
| ဥပဒေနှင့် ပတ်သက်သည့် ဥပမာများ | | | |
| ဓလေ့ထုံးတမ်းနှင့် ပတ်သက်သည့် ဥပမာများ | | | |

## သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် ရေးသားခြင်း – စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ၏ ကွဲပြားခြားနားချက်များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများ၏ ကွဲပြားခြားနားချက်များကို နားလည်မှုသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးပါကြောင်းကို ရှင်းပြရန် ဖြစ်သည်။

ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားငယ်များအတွက်ပင် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်ကို သိရှိရန် အရေးကြီးပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရာတွင် ကွဲပြားမှုများကို နားလည်ရန် အဘယ်ကြောင့် အလွန်အရေးပါသနည်း။

သင်၏ ရွယ်တူသူငယ်ချင်းများနှင့် မျှဝေရန်အတွက် ဤမေးခွန်းကို ဖြေဆို၍ စာပိုဒ်တစ်ခုကို ရေးပါ။ ရည်ရွယ်ချက်မှာ သင်၏လုပ်ဖော်ကိုင်ဖက်များအား သိရှိနားလည်စေခြင်းသည် အဘယ်ကြောင့် အရေးပါသော အယူအဆတစ်ခုဖြစ်ကြောင်းကို သဘောပေါက်စေရန် ဖြစ်သည်။ ထို့နောက် ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအား ဝေါဟာရများကြား ကွဲပြားခြားနားချက်ကို သင်ကြားရာတွင် သင့်ရင်းမြစ်က မည်သို့ကူညီပေးမည်ကို ပြသပါ။ စာပိုဒ်ကို ရေးရန် လေးထောင့်ကွက် ၅.၄ (သို့မဟုတ်) သင်၏ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ်ကို အသုံးပြုပါ။

## လေးထောင့်ကွက် ၅.၄။ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြား ကွဲပြားခြားနားချက်များကို သိရှိခြင်း၏ အရေးပါမှု

# ၅.၁.၂။ 'စည်းကမ်း' အခန်းကို သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို ခေါင်းဆောင်မှုပုံစံတစ်ခုအဖြစ် ဖော်ပြတတ်မည်။
- အတန်းတွင်း စည်းမျဉ်းစည်းကမ်းများ (ရပိုင်ခွင့်များ၊ တာဝန်ဝတ္တရားများနှင့် အကျိုးဆက်များ) ကို ချမှတ်ခြင်းအတွက် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ် တစ်ရပ်ကို ရေးဆွဲတတ်မည်။
- ခေါင်းဆောင်ကောင်းများနှင့် နောက်လိုက်ကောင်းများ ဖြစ်ပေါ်လာနိုင်စွမ်းရှိသည့် ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို အကဲဖြတ်သုံးသပ်တတ်မည်။

## ဒီမိုကရေစီခေါင်းဆောင်မှုစနစ်

ဤသင်ခန်းစာသည် စည်းကမ်းအခန်းကို သင်ကြားခြင်းအကြောင်းဖြစ်သည်။ **စည်းကမ်း**ဟု ဆိုရာတွင် စာသင်ခန်းအား သင်ကိုယ်တိုင်စီမံခန့်ခွဲပုံ ပါဝင်သည်။ ထို့ပြင် ကုမ္ပဏီကြီးများ၊ ကျောင်းနှင့်အိမ် အပါအဝင် လုပ်ငန်းခွင်တွင် အခြားသူများကို စီမံခန့်ခွဲပုံ အကြောင်းလည်း ပါဝင်သည်။ ဥပမာအားဖြင့် မိသားစုများသည် ၎င်းတို့၏ ကလေးငယ်များအား အကျင့်စာရိတ္တ ကောင်းမွန်စေရန်၊ လေးစားမှု ရှိစေရန်၊ ဘေးကင်းစေရန်၊ တာဝန်သိပြီး ၎င်းတို့၏ ကိုယ်ပိုင်အပြုအမူကို လိုက်လျောညီထွေဖြစ်အောင် သင်ယူနိုင်စေရန်အတွက် မတူညီသော စည်းကမ်းများကို ကျင့်သုံးကြသည်။

အခြားသူများ၏ အပြုအမူကို စီမံခန့်ခွဲခြင်းကို နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်သည်။ လူတို့သည် သိလျက်နှင့်သော်လည်းကောင်း (သို့မဟုတ်) မသိဘဲလျက် သော်လည်းကောင်း အသုံးပြုနေသော ခေါင်းဆောင်မှုပုံစံ အမျိုးမျိုးရှိသည်။ တစ်နည်းဆိုရသော် အချို့သော ခေါင်းဆောင်များသည် မိဘများ၊ ဆရာများ (သို့မဟုတ်) ကုမ္ပဏီတစ်ခု၏ မန်နေဂျာများ ဖြစ်ကြပြီး ၎င်းတို့တာဝန်ယူရသည့် အုပ်စုကို အပြည့်အဝ ထိန်းချုပ်ထားပြီး ဆုံးဖြတ်ချက်များ

အားလုံးကို ချမှတ်သည်။ ၎င်းတို့၏ ချဉ်းကပ်ပုံသည် **အာဏာရှင်**ဆန်နေကြောင်း ၎င်းတို့ သဘောမပေါက်သော်လည်း ဤနည်းလမ်းကိုပင် ကျင့်သုံးကြသည်။

အာဏာရှင်ဆန်သော ချဉ်းကပ်မှုဆိုသည်မှာ အာဏာကို ချုပ်ကိုင်ထားသည်ဟု ဆိုလိုသည်။ အာဏာရှင်ဆိုသည်ကို နားလည်ရန် အာဏာပိုင်ဆိုသည်မှာ မည်သည်ကိုဆိုလိုသည်ကို လေ့လာကြည့်ရမည်ဖြစ်သည်။ အာဏာပိုင်ခြင်းဟူသည် လူတစ်ဦးက တစ်စုံတစ်ခု (သို့မဟုတ်) တစ်စုံတစ်ဦးကို ထိန်းချုပ်သောအခါတွင်ဖြစ်သည်၊ ဥပမာအားဖြင့် သင်္ဘောပေါ်ရှိ ကပ္ပတိန်သည် သင်္ဘောကို ကွပ်ကဲခြင်းမျိုးဖြစ်သည်။ သင်္ဘောသည် လိုရာခရီးကို ရောက်ရှိရန် လမ်းကြောင်းအတိုင်း ဆက်လက်သွားစေရန်နှင့် ဘေးကင်းစွာ ရွက်လွှင့်နိုင်စေရန် ကပ္ပတိန်က အမိန့်ပေးမည်ဖြစ်သည်။ ပုံ (၅.၄) တွင် ကပ္ပတိန်၏ အခွင့်အာဏာကို ၎င်း၏ ဦးထုပ်ဖြင့် ဖော်ပြနိုင်ပြီး ၎င်းက သင်္ဘော၏ ဒုတိယတာဝန်ခံဖြစ်သည့် မှန်ပြောင်းကိုင်ဆောင်ထားသူကို စောင့်ကြည့်နေသည်။



**ပုံ ၅.၄။ သင်္ဘောကပ္ပတိန်က အမိန့်ပေးနေပုံ**

**ဒီမိုကရေစီဆန်သော ခေါင်းဆောင်မှုပုံစံ**တွင် ဆုံးဖြတ်ချက်များချရာ၌ ၎င်းတို့၏ အုပ်စုဝင်များ ပါဝင်ပါသည်။ ဥပမာအားဖြင့် အစိုးရသည် အရပ်သားများကို မဲဆန္ဒပေးရွေးချယ်စေခြင်းဖြင့် ဆုံးဖြတ်ချက်များချရာတွင် ပါဝင်စေနိုင်သည်။ ဒီမိုကရေစီ (democracy) ဟူသော စကားလုံးသည် ဂရိမူလရင်းမြစ်ဖြစ်သည်။ *demos* ဆိုသည်မှာ ပြည်သူများဖြစ်ပြီး *kratos* ဆိုသည်မှာ အုပ်ချုပ်မှု ဖြစ်သည်။[၁၂] ထို့ကြောင့် ဒီမိုကရေစီဆိုသော စကားလုံးသည် ပြည်သူက အုပ်ချုပ်သည်၊ ပြည်သူက အာဏာရှိသည်။ အာဏာရှင်ပုံစံနှင့် မတူသည်မှာ အုပ်ချုပ်သူရှိခြင်းနှင့် အာဏာသည် ပြည်သူများနှင့် မဆိုင်ဘဲ အာဏာကို ချုပ်ကိုင်မှတ်ခြင်းဖြစ်သည်။

ဒီမိုကရေစီစနစ်တစ်ခုစီသည် မတူညီသောနည်းလမ်းများဖြင့် လုပ်ဆောင်သွားမည်ဖြစ်သည်။ ဥပမာအားဖြင့် အချို့သော ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံသားများသည် ဥပဒေများနှင့် မူဝါဒများအပေါ် ဆုံးဖြတ်ချက်များချရာတွင် ကူညီပိုင်ခွင့်ရှိသည်။ ၎င်းကို **တိုက်ရိုက်ဒီမိုကရေစီ** ဟုခေါ်သည်။ အခြားဒီမိုကရေစီနိုင်ငံများက ပြည်သူများကို ၎င်းတို့ကိုယ်စား ဆောင်ရွက်ရန် ရွေးချယ်ကြလိမ့်မည်။ ပြည်သူများကို ကိုယ်စားပြုရန် ကိုယ်စားလှယ်များအား ရွေးချယ်၍ ၎င်းတို့အတွက် ကိုယ်စားပြောပေးစေသည်။ ဤသို့လုပ်ဆောင်ခြင်းကို **ကိုယ်စားပြုဒီမိုကရေစီ**ဟုခေါ်သည်။[၁၃]

သို့သော်လည်း ဒီမိုကရေစီဆန်သော လူ့အဖွဲ့အစည်းသည် နိုင်ငံသားများ၏ တာဝန်ထမ်းဆောင်ခြင်းကို အားကိုးနေပါသည်။[၁၄] နိုင်ငံသားများသည် မဲပေးခြင်းဖြင့်သာမက ရပ်ရွာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာကာ လိုအပ်သည့်နေရာများတွင် ကူညီခြင်းဖြင့်လည်း ပါဝင်မည် ဖြစ်သည်။ ဥပမာအားဖြင့် ၎င်းတို့သည် ရပ်ရွာအုပ်စု၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာနိုင်သည်၊ ပရဟိတလုပ်ငန်းကို ကူညီနိုင်သည် (သို့မဟုတ်) နိုင်ငံရေးအုပ်စုတွင် ပါဝင်လာနိုင်သည်။ ထို့ကြောင့် တက်ကြွသော နိုင်ငံသားဖြစ်မှုသည် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရာတွင် အရေးပါသော အယူအဆတစ်ခုဖြစ်သည်။ တက်ကြွသော နိုင်ငံသားများသည် ခေါင်းဆောင်ကောင်းများနှင့် နောက်လိုက်ကောင်းများဖြစ်ကြသည်။ ၎င်းတို့သည် လူများကို ဦးဆောင်နိုင်ပြီး အခြားသူများနှင့်လည်း ပူးပေါင်းလုပ်ဆောင်နိုင်သည်။

---

၁၂ Commonwealth of Australia. (2020).

၁၃ Commonwealth of Australia. (2020).

၁၄ Commonwealth of Australia. (2020).

ဒီမိုကရေစီဆန်သော လူ့အဖွဲ့အစည်းတွင် နိုင်ငံသားများသည် ၎င်းတို့၏ အခန်းကဏ္ဍနှင့် ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို လိုက်နာကျင့်သုံးရန်လိုအပ်သည်။ ဤအခြေခံသဘောတရားများကို ထိန်းသိမ်းရန် ဥပမာများမှာ –

- လူတစ်ဦးချင်းစီနှင့် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်ခွင့်ကို လေးစားခြင်း၊
- သဘောထားကွဲလွဲမှုနှင့် ဆန့်ကျင်ဘက်အယူအဆများကို လက်သင့်ခံနိုင်ခြင်း၊
- သာတူညီမျှမှု – လူအားလုံးကို တန်ဖိုးထားပြီး ၎င်းတို့၏ စွမ်းဆောင်ရည် အပြည့်အဝရရှိရန် ၎င်းတို့ကို ပံ့ပိုးပေးခြင်း၊
- လွတ်လပ်မှု – လူတစ်ဦးစီတွင် လွတ်လပ်စွာပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ သွားလာလှုပ်ရှားခွင့်နှင့် လွတ်လပ်စွာယုံကြည်ခွင့်ရှိခြင်းနှင့်
- တရားမျှတမှု – လူ့အဖွဲ့အစည်းအတွင်းနှင့် တရားရုံးတွင် လူတိုင်းကို တရားမျှတစွာဆက်ဆံခြင်း။[၁၅]

ဤသဘောတရားတစ်ခုစီသည် ဤစာသင်နှစ် ပထမနှစ်ဝက်၊ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် သင်ယူမှုတွင် ပါဝင်ပါသည်။

ဤသဘောတရားများကို ဒီမိုကရေစီစနစ်ကိုအခြေခံသော စာသင်ခန်းများတွင်လည်း အသုံးချနိုင်သည်။ ဥပမာ –

## လူတစ်ဦးချင်းစီနှင့် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်ခွင့်ကို လေးစားခြင်း

ဤနည်းအားဖြင့် ဆရာများသည် စာသင်ခန်းတွင်း စည်းမျဉ်းစည်းကမ်းများ ရေးဆွဲသတ်မှတ်ခြင်းကဲ့သို့သော စာသင်ခန်းအတွင်း ဆုံးဖြတ်ချက်များချရာတွင် ကျောင်းသားများအား ပါဝင်လာအောင် တွန်းအားပေးနိုင်သည်။ စည်းမျဉ်းစည်းကမ်းများ၏ ထိရောက်မှုကို ဆင်ခြင်သုံးသပ်ရန် ကျောင်းသားများနှင့် တွေ့ဆုံနိုင်သည်။ ဥပမာအားဖြင့် ကျောင်းသားများသည် စည်းကမ်းများ လက်တွေ့လုပ်ဆောင်ပုံကို စောင့်ကြည့်မှတ်သား စစ်ဆေးနိုင်သည်။

၁၅ Commonwealth of Australia. (2020).

၎င်းတို့သည် အခြားသော စည်းမျဉ်းစည်းကမ်းများကို ထည့်သွင်းရန် လိုအပ်ပါက၊ ရှိပြီးသား စည်းမျဉ်းစည်းကမ်းများကို ဖယ်ရှားခြင်း (သို့မဟုတ်) ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်နိုင်သည်။ ကျောင်းသားများသည် စာသင်ခန်းအတွင်း ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကို ဖြေရှင်းပေးခြင်း၊ ပြဿနာများကို ဖြေရှင်းရန် ဆုံးဖြတ်ချက်များ ချခြင်းဖြင့် တာဝန်ယူမှုကို လက်ခံကြသည်။

စာသင်ခန်းအသိုက်အဝန်းသည် မိမိကိုယ်ကို တန်ဖိုးထားတတ်ပြီး စည်းကမ်းရှိရန် အားပေးလိမ့်မည်။ ကျောင်းသားများအား ၎င်းတို့၏ အပြုအမူနှင့် လုပ်ရပ်များအား ထိန်းညှိနည်းကို လေ့လာရန် တွန်းအားပေးပါမည်။ ၎င်းတို့၏ လုပ်ရပ်များအတွက် အကျိုးဆက်များ ရှိလာမည်ဆိုသည်ကို နားလည်လာပါမည်။ အကျိုးဆက်သည် အပြုသဘော ဖြစ်နိုင်သည်။ သို့မဟုတ် အကျိုးဆက်သည် ကျောင်းသားအား ၎င်းတို့၏ အပြုအမူကို ဆင်ခြင်တွေးတော သုံးသပ်ပြီး အနာဂတ် အခြေအနေများတွင် ပြုပြင်ပြောင်းလဲရန် အခွင့်အလမ်းတစ်ခုကို ပေးနိုင်သည်။

## သဘောထားကွဲလွဲမှုနှင့် ဆန့်ကျင်ဘက်အယူအဆများကို လက်သင့်ခံနိုင်ခြင်း

စာသင်ခန်း အသိုက်အဝန်းတွင် ကြင်နာမှုကို လက်ခံကျင့်သုံးသည်။ ဤသည်မှာ စာသင်ခန်း အသိုက်အဝန်း၏ ဓလေ့တစ်ခုဟူ၍ ယူဆနိုင်ပါသည်။ ထို့ကြောင့် စာသင်ခန်း အသိုက်အဝန်းသည် လှောင်ပြောင်ခြင်းကို လက်သင့်မခံပေ။ ကျောင်းသားများသည် အယူအဆအားလုံးကို တန်ဖိုးထားကြပြီး တစ်ဦး၏ အယူအဆများကို တစ်ဦးနှင့်တစ်ဦး လေးစားမှုဖြင့် စုံစမ်းမေးမြန်းနည်းကို သင်ယူကြသည်။ ကျောင်းသားများသည် ၎င်းတို့၏ ကိုယ်ပိုင် လုပ်ဆောင်ချက်များ၊ ယုံကြည်ချက်များနှင့် တန်ဖိုးထားမှုများကို ဝေဖန်ပိုင်းခြားခြင်း နည်းဖြင့် တွေးတောတတ်လာကြသည်။

စာသင်ခန်းကဲ့သို့သော အုပ်စုလိုက်အဖွဲ့အစည်း အနေအထားတွင် ဟန်ချက်ညီညီ ထိန်းသိမ်းထားရန်အတွက် ဓလေ့ထုံးတမ်းများကို လေးစားခြင်းသည် အရေးကြီးပါသည်။ ဓလေ့ထုံးတမ်းများကို လေးစားခြင်းသည် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းကို ဖြစ်ထွန်းစေနိုင်ပါသည်။



ပုံ ၅.၅။ ကွဲပြားခြားနားမှုကို လက်သင့်ခံခြင်း

## သာတူညီမျှမှု – လူသားအားလုံးကို တန်ဖိုးထားပြီး ၎င်းတို့၏ စွမ်းဆောင်ရည် အပြည့်အဝ ရရှိရန် ၎င်းတို့ကို ပံ့ပိုးပေးခြင်း

ဒီမိုကရေစီစာသင်ခန်းတွင် ကျောင်းသားတိုင်းသည် သင်ယူမှုအသိုက်အဝန်းနှင့် သင်ကြားရေး လုပ်ရှားမှုများတွင် ပါဝင်နိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ဆရာ (သို့မဟုတ်) ကျောင်းသားသည် သင်ယူသူအားလုံးအတွက် တန်းတူပါဝင်မှုတွင် အတားအဆီးများကို ဖော်ထုတ်နိုင်သည်။ ထို့နောက် ၎င်းတို့သည် သင်ယူမှုအတားအဆီးကို ဖြေရှင်းရန်အတွက် ကျောင်းသားတိုင်းကို ၎င်းတို့၏ အရည်အချင်းပြည့်မီအောင် ပံ့ပိုးပေးနိုင်ရန် အဖြေရှာနိုင်မည်ဖြစ်သည်။

## လွတ်လပ်မှု – လူတစ်ဦးစီတွင် လွတ်လပ်စွာပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ သွားလာ လုပ်ရှားခွင့်နှင့် လွတ်လပ်စွာယုံကြည်ခွင့်ရှိခြင်း

ကျောင်းသားများ၏ အတွေးအမြင်များကို ဆရာနှင့် အတန်းရှိ အခြားကျောင်းသားများက တန်ဖိုးထားကြပါသည်။ ကျောင်းသားတစ်ဦးစီတွင် စကားပြောပိုင်ခွင့်ရှိသော်လည်း အချင်းချင်းလည်း နားထောင်ကြရမည်ဖြစ်သည်။ စာသင်ခန်း အသိုက်အဝန်းသည်

ယဉ်ကျေးမှုနှင့် ယုံကြည်ချက်အားလုံး ပါဝင်မည်ဖြစ်သည်။

တူညီမှုနှင့်ကွဲပြားမှုများကို လေးစားအသိအမှတ်ပြုမည်ဖြစ်သည်။ ထို့ကြောင့် စာသင်ခန်း အသိုက်အဝန်းသည် ကျောင်းသားများအချင်းချင်း ကွဲပြားခြားနားမှုအကြောင်း စူးစမ်းလေ့လာရန် ကြိုးပမ်းသည့် စုံစမ်းရေးလုပ်ငန်းစဉ်ကို တန်ဖိုးထားမည်ဖြစ်သည်။

## တရားမျှတမှု – လူ့အဖွဲ့အစည်းအတွင်းနှင့် တရားရုံးတွင် လူတိုင်းကို တရားမျှတစွာ ဆက်ဆံခြင်း


စာသင်ခန်းအသိုက်အဝန်းသည် လူတိုင်း၏ အချက်အလက်များ ဖြည့်သွင်းမှုကို တန်ဖိုးထားပါသည်။ ဤအချက်အလက်များထည့်သွင်းမှုတွင် ဆုံးဖြတ်ချက်များချပုံ၊ အချင်းချင်း တွေးခေါ်ပုံနှင့် သင်ယူပုံတို့ပါဝင်သည်။ ဥပမာအားဖြင့် အချို့သော ကျောင်းသားများသည် လျင်မြန်စွာ သင်ယူနိုင်ပြီး အချို့သော ကျောင်းသားများသည် အချိန်ပို၍ လိုအပ်နိုင်သည်။ ဆရာသည် စာသင်ခန်းတွင်း ဆွေးနွေးမှုများတွင် ကျောင်းသားများ၏ တုံ့ပြန်မှုများကို စောင့်ကြည့်မည်ဖြစ်ပြီး စိတ်ကူးစိတ်သန်းများကို လုပ်ဆောင်ရန် အချိန်အနည်းငယ်ကြာသည့် ကျောင်းသားများအတွက်လည်း အကြံဉာဏ်များ ဖန်တီးနိုင်စေရန် အခွင့်အလမ်း ရရှိစေရမည်ဖြစ်သည်။ ပညာရေးဆိုင်ရာ နောက်ခံအကြောင်းရင်း၊ ဖြန့်ဝေတရားမျှတမှုတို့နှင့် သက်ဆိုင်သည့် အခြားတရားမျှတမှုပုံစံလည်း ရှိသေးသည်။

## ဖြန့်ဝေတရားမျှတမှု

ဖြန့်ဝေတရားမျှတမှုတွင် လူ့အဖွဲ့အစည်းအတွင်း ကုန်စည်များ၊ ရင်းမြစ်များနှင့် ဝန်ဆောင်မှုများကို ဖြန့်ဝေပေးသည့် တရားမျှတသော နည်းလမ်းများပါဝင်သည်။[၁၆] တစ်နည်းဆိုရသော် ကုန်စည်များနှင့် ဝန်ဆောင်မှုများသည် လူအများကြားတွင် မျှတပြီး တရားမျှတသော နည်းလမ်းများဖြင့် မျှဝေသုံးစွဲနိုင်ပါသလား။ ဤအချက်သည် ပညာရေး ကဏ္ဍတွင် အထူးအရေးကြီးပါသည်။ ဥပမာအားဖြင့် ယခင်အခန်းတွင် အခြေအနေများကို တန်းတူညီမျှ (သို့မဟုတ်) သာတူညီမျှ ဆက်ဆံနိုင်ပုံကို ဆွေးနွေးခဲ့ကြပါသည်။

16 Lamont, J., & Favor, C. (2017).

ကျေးလက်ကျောင်းများနှင့် မြို့ပြကျောင်းများ၏ အခြေအနေကို ကြည့်ကြပါမည်။ ရင်းမြစ်များကို မည်သို့ခွဲဝေသုံးစွဲသင့်သနည်း။ ကျေးလက်ဒေသတွင် အင်တာနက်ချိတ်ဆက်မှု အားကောင်းမှု မရှိနိုင်ပေ။ ဖြန့်ဝေတရားမျှတမှုနည်းလမ်းသည် ထိုကျေးလက်ကျောင်းကို မည်ကဲ့သို့ ပံ့ပိုးကူညီရမည်ကို ဆုံးဖြတ်ရန် ရှာဖွေမည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ ကျေးလက်ကျောင်းသည် ကျောင်းသားများအား မြို့ပြကျောင်းကဲ့သို့ ပညာသင်ကြားပေးနိုင်ရန် တန်းတူညီမျှ အခွင့်အလမ်း ရရှိစေရေးဖြစ်သည်။ အင်တာနက်ချိတ်ဆက်မှုကိုမြှင့်တင်ရန် မဖြစ်နိုင်သော်လည်း ကျောင်းတွင် ထပ်ဆောင်းဖတ်မှတ်စရာများကို ပံ့ပိုးပေးနိုင်သည်။ တန်းတူညီမျှမှု မရှိသေးခင် သာတူညီမျှမှုရှိရန် အရေးကြီးပါသည်။



**ပုံ ၅.၆။ သာတူညီမျှမှုနှင့် တန်းတူညီမျှမှု ကွာခြားချက်**

ဖြန့်ဝေတရားမျှတမှု စီရင်ထုံးများကိုသိရှိရန် အဘယ်ကြောင့် အရေးကြီးသနည်း။ ဖြန့်ဝေတရားမျှတမှု၏ ပန်းတိုင်မှာ ရင်းမြစ်များကို မျှတစွာဝေငှခြင်းဖြင့် အခွင့်အလမ်းများ မျှတအောင် ဖန်တီးရန်ဖြစ်သည်။[၁၇] ပညာရေးကဏ္ဍများတွင် ဤသို့လုပ်ဆောင်ခြင်းဖြင့် ကျောင်းသားအားလုံးအတွက် အောင်မြင်နိုင်ခြေကို တိုးမြှင့်ရန် မျှော်လင့်ခြင်းဖြစ်သည်။

၁၇ Fleischacker, S. (2004).

ဆရာတစ်ဦးအနေဖြင့် ဤအယူအဆသည်လည်း သင့် စာသင်ခန်းထဲတွင် ဖြစ်ပေါ်လာနိုင်သည်။ ဥပမာအားဖြင့် ကျောင်းသား၏မိသားစုသည် ကျောင်းသုံးစာအုပ်များ မတတ်နိုင်လျှင် ဆရာသည် ကျောင်းသားအား စာအုပ်များ ငှားရမ်းပေးနိုင်သည် (သို့မဟုတ်) စာရေးကိရိယာ ဝယ်ယူရန် မိသားစုက မတတ်နိုင်သော ကျောင်းသားများအား ဆရာက ဘောပင်နှင့် ခဲတံများ ပေးနိုင်သည်။

သို့သော် ရင်းမြစ်များကို မျှတသောနည်းလမ်းဖြင့် မျှဝေခြင်းအကြောင်း ဆွေးနွေးရာတွင် သင့်ကျောင်းသားများအား ပါဝင်လာအောင် ကူညီပေးရပါမည်။ ဤဆွေးနွေးမှုသည် ကျောင်းသားများအား အမျိုးမျိုးသော ရှုထောင့်များမှ အခြေအနေများကို မြင်နိုင်စေရန် ကူညီပေးမည်ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ကျောင်းသားများအား မိမိကိုယ်ကို ထိန်းကျောင်းရာတွင် ကူညီပေးရန်နှင့် တရားမျှတမှုမရှိသော အခြေအနေများကို တုံ့ပြန်တွန်းလှန်ရာတွင် ကူညီပေးရန် ဖြစ်သည်။ ဤသင်ယူမှုသည် စာသင်ခန်းအသိုက်အဝန်းတွင် ပြည်ထောင်စုစိတ်ဓာတ်ကို မြှင့်တင်နိုင်မည် ဖြစ်သည်။

ဒီမိုကရေစီစနစ်၏ အဓိကကျသောအချက်မှာ ထိရောက်သော ဆက်သွယ်ပြောဆိုမှု၊ ပြန်လည်သုံးသပ်တွေးခေါ်မှုနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုတို့ ဖြစ်သည်။[၁၈] ထိရောက်အောင်မြင်သော ဆရာတစ်ဦးသည် ဤအရည်အချင်းများကို စံနမူနာပြုပြီး ယင်းအရည်အချင်းများကို ကျောင်းသားများနှင့် ဆွေးနွေးပါမည်။ ၎င်းတို့သည် စိတ်ပါလက်ပါနားထောင်နေသည့်အခါ (သို့မဟုတ်) မိမိကိုယ်ကို ဆင်ခြင်သုံးသပ်သည့်အခါ (သို့မဟုတ်) ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုမှန်ဘီလူးဖြင့် အခြေအနေတစ်ခုသို့ ချဉ်းကပ်သည့်အခါတို့တွင် ညွှန်ပြမည့် ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားသော လမ်းညွှန်ချက်တွင် ပါဝင်နိုင်သည်။

## စာသင်ခန်းအသိုက်အဝန်း တည်ဆောက်ရန် ထည့်သွင်းစဉ်းစားမှုများ

စာသင်ခန်းအသိုက်အဝန်း တည်ဆောက်ခြင်းလုပ်ငန်းစဉ်ကို အခန်း (၃) တွင် ပြန်လည်အမှတ်ရပါ။ ပထမဦးစွာ ကျောင်းသားများသည် စာသင်ခန်းထဲတွင် ၎င်းတို့ကြိုက်နှစ်သက်သည့် အကြောင်းအရာနှင့် ကြိုက်နှစ်သက်မှုမရှိသည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။

၁၈ Turabik, T., & Gün, F. (2016).

ထို့နောက် ဆရာတစ်ဦးမှ ဦးဆောင်ဆွေးနွေးပြီးနောက် ကျောင်းသားများသည် အားလုံးသဘောတူသော လူမှုကျင့်ဝတ်များကို သတ်မှတ်ကြပါသည်။ ဥပမာတစ်ခုပေးထားပါသည်။ ဇယား (၅.၂) ကိုကြည့်ပါ။

**ဇယား ၅.၂။ စာသင်ခန်းအသိုက်အဝန်း၏ သာဓကတစ်ခု**

| ကျွန်ုပ်တို့၏ စာသင်ခန်းတွင်း ရပိုင်ခွင့်များ | ကျွန်ုပ်တို့၏ စာသင်ခန်းတွင်း တာဝန်ဝတ္တရားများ |
|---|---|
| ကျောင်းသားတိုင်းသည် ၎င်းတို့၏ဆန္ဒများကို ထုတ်ဖော် ပြောကြားနိုင်သည်။ | ကျွန်ုပ်တို့သည် ညင်သာစွာ ပြောဆိုကြသည်။ |
| ကျောင်းသားတိုင်းသည် ဘေးကင်းလုံခြုံသည်ဟု ခံစားရမည်။ | ကျွန်ုပ်တို့သည် စာသင်ခန်းထဲတွင် ဖြည်းဖြည်းချင်း ရွေ့လျား/သင်ယူကြသည်။ |
| ကျောင်းသားတိုင်း၏ ဥစ္စာပစ္စည်းများကို အကာအကွယ် ပေးထားသည်။ | ကျွန်ုပ်တို့၏ လက်များကို အခြားသူအား အနှောင့်အယှက် မဖြစ်စေရန် ကျွန်ုပ်တို့ကိုယ်တိုင် ထိန်းသိမ်းသည်။ |
| ဆရာ့စကားကို ကျောင်းသားတိုင်း ကြားနိုင်ရမည်။ | ကျွန်ုပ်တို့သည် အမြင်အာရုံ၊ အကြားအာရုံတို့ဖြင့် ဆရာ့အား အာရုံစူးစိုက်သည်။ |
| ကျောင်းသားတိုင်းသည် လေးစားခံရသည်။ | ကျွန်ုပ်တို့သည် ဆရာ့အား လေးစားကြပြီး အချင်းချင်းလည်း လေးစားကြသည်။ |

ထည့်သွင်းစဉ်းစားရမည့် အခြားအချက်များလည်း ရှိပါသေးသည်။ သင်၏ စာသင်ခန်းအသိုက်အဝန်း၏ အလေ့အကျင့်ကို ဖော်ဆောင်ရာတွင် ထည့်သွင်းစဉ်းစားရမည့် နည်းလမ်းတစ်ခုမှာ ဆွေးနွေးမှုအတွက် အကြောင်းအရာများကို စီစဉ်ရန်ဖြစ်သည်။ ယင်းတို့သည် ပညာရေး၊ လူမှုရေး၊ လုပ်ထုံးလုပ်နည်း၊ ယဉ်ကျေးမှုနှင့် ပုဂ္ဂိုလ်ရေးတို့အရ ဖြစ်နိုင်သည်။[၁၉] ဥပမာအားဖြင့် –

- ပညာရပ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ မျှော်လင့်ချက်များသည် စာသင်ခန်းတွင် ကျောင်းသားများ ပါဝင်ပုံနှင့် ဆက်စပ်နေသည်။ ကျောင်းသားလူငယ်များအတွက် ယင်းပါဝင်မှုသည် ၎င်းတို့၏တာဝန်ကို ပြီးမြောက်စေခြင်း (သို့မဟုတ်) အသက်ကြီးသော ကျောင်းသားများအတွက် ယင်းသို့ပါဝင်မှုသည် ၎င်းတို့၏ အိမ်စာများလုပ်ဆောင်ခြင်း (သို့မဟုတ်) အကျိုးရှိစွာ ရုန်းကန်လှုပ်ရှားခြင်းနှင့် ဖွဲ့ရှိစွာလုပ်ဆောင်ခြင်းတို့ ဖြစ်နိုင်သည်။

၁၉ Curwin, R. (2014).

- လူမှုစည်းမျဉ်းစည်းကမ်းများနှင့် မျှော်လင့်ချက်များသည် တစ်ဦး၏ အကြံဉာဏ်များကို တစ်ဦးက တန်ဖိုးထားခြင်း၊ ပြဿနာများကို ဖြေရှင်းခြင်း၊ ရင်းမြစ်များကို မျှဝေခြင်း စသည်တို့ ဖြစ်နိုင်သည်။
- လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့် မျှော်လင့်ချက်များတွင် အချိန်မှန်ခြင်း၊ ဝတ်စားဆင်ယင်ပုံများ၊ ဘေးကင်းရေး လုပ်ထုံးလုပ်နည်းများ၊ မိမိကိုယ်ကို သန့်ရှင်းရေးလုပ်ခြင်း၊ လက်ဆေးခြင်း စသည်ဖြင့် ပါဝင်နိုင်သည်။
- ယဉ်ကျေးမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းစဉ်များတွင် အခြားသူများကို လေးစားခြင်း၊ မတူကွဲပြားမှုကို တန်ဖိုးထားခြင်း၊ အခြားသူများကို ကူညီပေးခြင်းနှင့် အခြားသူများ၏ ယုံကြည်ချက်များကို သင်ယူလိုစိတ်ရှိခြင်းစသည့် အရာများ ပါဝင်နိုင်သည်။
- ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းများနှင့် မျှော်လင့်ချက်များတွင် အခြားသူများ ပြောသောအခါ နားထောင်ခြင်း၊ မိမိဆက်ဆံခံရလိုသည့်အတိုင်း အခြားသူများကို ဆက်ဆံခြင်း၊ မိမိကိုယ်တိုင် စည်းကမ်းလိုက်နာခြင်း စသည်တို့ ပါဝင်သည်။

## သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုလိုက်စူးစမ်းလေ့လာခြင်း – ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို ခေါင်းဆောင်မှုပုံစံတစ်ခုအဖြစ် ဖော်ပြခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို ခေါင်းဆောင်မှုပုံစံတစ်ခုအဖြစ် ဖော်ပြရန်ဖြစ်သည်။ ဤသင်ယူမှုလုပ်ငန်းတွင် ဒီမိုကရေစီ၏ အဓိပ္ပာယ်ကို စူးစမ်းလေ့လာခြင်းလည်း ပါဝင်ပါသည်။

အယူအဆတစ်ခု၏ အဓိပ္ပာယ်ကို နားလည်ရန်၊ ဆန့်ကျင်ဘက်အဓိပ္ပာယ်ကို ဖော်ထုတ်သိရှိ နားလည်ခြင်းသည် အထောက်အကူဖြစ်စေသည်။ ထို့ကြောင့် ဤသင်ယူမှုလုပ်ငန်းအတွက် သင့်အား ကတ်များပေါ်တွင် ရေးထားသော စကားလုံးအချို့ကို ပေးပါမည်။ ဤကတ်များကို ‘ဒီမိုကရေစီဆန်သော’၊ ‘ဒီမိုကရေစီမဆန်သော’ (သို့မဟုတ်) ‘မသေချာသော’ ဟူ၍ ခေါင်းစဉ် သုံးခုဖြင့် ခွဲခြားသတ်မှတ်မည်ဖြစ်သည်။

ထို့နောက် ဝေါဟာရများကို အုပ်စုများအဖြစ် အမျိုးအစားခွဲပါမည်။ အဆိုပါအုပ်စုများသည် ယခင်က ဆွေးနွေးခဲ့သည့်အတိုင်း ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို အခြေခံမည် ဖြစ်သည်။

- လူတစ်ဦးချင်းစီနှင့် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်ခွင့်ကို လေးစားခြင်း၊
- သဘောထားကွဲလွဲမှုနှင့် ဆန့်ကျင်ဘက်အယူအဆများကို လက်သင့်ခံနိုင်ခြင်း၊
- သာတူညီမျှမှု – လူအားလုံးကို တန်ဖိုးထားပြီး ၎င်းတို့၏ စွမ်းဆောင်ရည် အပြည့်အဝရရှိရန် ၎င်းတို့ကို ပံ့ပိုးပေးခြင်း၊
- လွတ်လပ်မှု – လူတစ်ဦးစီတွင် လွတ်လပ်စွာပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ သွားလာလှုပ်ရှားခွင့်နှင့် လွတ်လပ်စွာယုံကြည်ခွင့်ရှိခြင်းနှင့်
- တရားမျှတမှု – လူ့အဖွဲ့အစည်းအတွင်းနှင့် တရားရုံးတွင် လူတိုင်းကို တရားမျှတစွာ ဆက်ဆံခြင်း။[၂၀]

သင့်စိတ်ကူးများကို အခြားကျောင်းသားများ၏ စိတ်ကူးနှင့် နှိုင်းယှဉ်ကြည့်ပါ။ ဒီမိုကရေစီ၏ အခြေခံသဘောတရားများကို အခြေခံ၍ 'ဒီမိုကရေစီဆန်သော'၊ 'ဒီမိုကရေစီမဆန်သော' (သို့မဟုတ်) 'မသေချာသော' ဟူသည့် ဝေါဟာရများကို အဘယ်ကြောင့် ခွဲခြားသတ်မှတ်သည်ကို ဆွေးနွေးပါ။

**သင်ယူမှုလုပ်ငန်း (၂)။ သင်ကြား၊ သင်ယူမှုနည်းလမ်း – အတန်းတွင်း စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းအတွက် ဒီမိုကရေစီဝါဒကိုအခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲ၍ အကဲဖြတ်သုံးသပ်ခြင်း**

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အတန်းတွင်း စည်းမျဉ်းစည်းကမ်းများကို ချမှတ်ခြင်း အတွက် ဒီမိုကရေစီဝါဒကို အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲတတ်ရန်နှင့် ၎င်းအား ဒီမိုကရေစီဝါဒ၏ သဘောတရားများကို အခြေခံ၍ အကဲဖြတ်သုံးသပ်တတ်ရန်ဖြစ်သည်။

သင်ခန်းစာ (၃.၁.၃) တွင် သင်သည် အုပ်စုလိုက်လုပ်ဆောင်ရန်အတွက် အများသဘောတူသော ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို ရေးသားပြုစုခဲ့သည်။ ယခုတစ်ကြိမ်တွင် သင်ကြားသူ၏ စာသင်ခန်းအသိုက်အဝန်းကို တည်ထောင်ရာတွင် အများသဘောတူသော ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို ချမှတ်ရန်အတွက် ဒီမိုကရေစီဝါဒကို အခြေခံသော လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲပေးမည် ဖြစ်ပါသည်။

၂၀ Commonwealth of Australia. (2020).

သင်၏ ဒီမိုကရေစီလုပ်ငန်းစဉ်ကို ရေးဆွဲရန် အတန်းဖော်တစ်ဦးနှင့်အတူ ပူးပေါင်းလုပ်ဆောင်ပါ။ ဤလုပ်ငန်းစဉ်ကို သင်၏ သင်ကြားရေးရင်းမြစ်ဖိုင်တွဲတွင် ထည့်သွင်းနိုင်သည် (သို့မဟုတ်) ဇယား (၅.၃) တွင် ထည့်သွင်းရေးသားနိုင်သည့် သင်ကြားရေးအရင်းအမြစ်တစ်ခု ဖြစ်လာမည် ဖြစ်သည်။ သင်၏ လုပ်ငန်းစဉ် (သူငယ်တန်း၊ ပထမတန်း သို့မဟုတ် ဒုတိယတန်း) နှင့် သင်ကြားရေး ရည်မှန်းချက်များအတွက် သက်ဆိုင်ရာ အတန်းအဆင့်ကို ညွှန်ပြပါ။ နောက်ဆက်တွဲ ၁ (သူငယ်တန်း သင်ရိုးညွှန်းတမ်း) နှင့် လေးထောင့်ကွက် (၅.၂) နှင့် (၅.၃) (ပထမတန်းနှင့် ဒုတိယတန်းအတွက် ရည်မှန်းချက်များ၊ သင်ယူမှုနယ်ပယ်နှင့် အပိုင်းများ) ကို ကြည့်ပါ။[၂၁]

သင်၏ အနာဂတ်စာသင်ခန်းအသိုက်အဝန်းကို တည်ထောင်ရန် သင်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ကို ရှင်းပြပါ။ အောက်ပါတို့ ပါဝင်ရပါမည် –

- သင်ခန်းစာအစပျိုးခြင်း – သင်ယူမှုလုပ်ငန်းတွင် ကျောင်းသားများ စိတ်ဝင်စားမှု ရှိစေရန် သင်မည်သို့ လှုံ့ဆော်မည်နည်း။
- သင်ကြားပြသခြင်း – လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ကို ရှင်းပြရန် တိကျပြတ်သားသော ညွှန်ကြားချက်များပေးခြင်း။
- လက်တွေ့လုပ်ဆောင်ခြင်း – ကျောင်းသားများနှင့် ဆရာများသည် နှစ်သက်မှုနှင့် မနှစ်သက်မှုများကို ခွဲခြားသိမြင်ရန် မည်သို့လုပ်ဆောင်ကြမည်နည်း။
- ပြန်လည်သုံးသပ်ခြင်း – အတန်းတစ်တန်းလုံး၏ ဆွေးနွေးမှုကို လမ်းညွှန်ရန် ဆွေးနွေးမည့် မေးခွန်း (၅) ခု ကို ဖြေဆိုစေပါ။ ဆွေးနွေးခြင်း၏ ရည်ရွယ်ချက်မှာ စာသင်ခန်းတွင်း ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများဇယားကို ရေးသားပြုစုရန် ဖြစ်သည်။
- ဥပမာပေးခြင်း – သင့်စာသင်ခန်း ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများဇယားတွင် သင်အလိုရှိသော အရာကို ဥပမာတစ်ခုပေးပါ။

ထို့နောက် ခေါင်းဆောင်ကောင်းများနှင့် နောက်လိုက်ကောင်းများ ဖြစ်ထွန်းလာစေရန် လုပ်ငန်းစဉ်ကို အကဲဖြတ်သုံးသပ်ပြီး တစ်နည်းအားဖြင့် တက်ကြွပြီး တာဝန်သိသော နိုင်ငံသားများ ဖြစ်ပေါ်လာရန် ဖြစ်သည်။ အကဲဖြတ်သုံးသပ်ချက်သည် ခေါင်းဆောင်မှုပုံစံ

---

၂၁ Department of Basic Education. (n.d.). *KG Syllabus.*

အနေဖြင့် ဒီမိုကရေစီ၏ အခြေခံ သဘောတရားများကို အခြေခံ၍ စာပိုဒ်တိုငါးခု ဖြစ်နိုင်သည်။ ဥပမာအားဖြင့် လုပ်ငန်းစဉ်သည် ကျောင်းသားများ၏ အရည်အချင်းများကို ဖော်ထုတ်ရန် မည်ကဲ့သို့ ကူညီပေးသနည်း။

- လူတစ်ဦးချင်းစီနှင့် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်ခွင့်ကို လေးစားခြင်း၊
- သဘောထားကွဲလွဲမှုနှင့် ဆန့်ကျင်ဘက်အယူအဆများကို လက်သင့်ခံနိုင်ခြင်း၊
- သာတူညီမျှမှု – လူအားလုံးကို တန်ဖိုးထားပြီး ၎င်းတို့၏ စွမ်းဆောင်ရည် အပြည့်အဝ ရရှိရန် ၎င်းတို့ကို ပံ့ပိုးပေးခြင်း၊
- လွတ်လပ်မှု – လူတစ်ဦးစီတွင် လွတ်လပ်စွာပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ သွားလာလှုပ်ရှားခွင့်နှင့် လွတ်လပ်စွာယုံကြည်ခွင့်ရှိခြင်းနှင့်
- တရားမျှတမှု – လူ့အဖွဲ့အစည်းအတွင်းနှင့် တရားရုံးတွင် လူတိုင်းကို တရားမျှတစွာ ဆက်ဆံခြင်း။၂၂

နောက်ဆုံးအနေဖြင့် ဤလုပ်ငန်းစဉ်သည် ကျောင်းသားများအား ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းများ ဖြစ်လာစေရန် မည်သို့ကူညီပေးကြောင်း ရှင်းပြရန် နိဂုံးချုပ်အပိုဒ်ကို ရေးပါ။ တစ်နည်းဆိုရသော် ၎င်းတို့သည် စံနမူနာပြ လုပ်ဆောင်ခြင်းအားဖြင့် ဦးဆောင်နိုင်သည် (သို့မဟုတ်) ညွှန်ကြားချက်များကို လိုက်နာနိုင်ပြီး အခြားသူများနှင့်လည်း လုပ်ဆောင်နိုင်သည်။

**ဇယား ၅.၃။ စာသင်ခန်းတွင်း စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်းဆိုင်ရာ ဒီမိုကရေစီလုပ်ငန်းစဉ်**

| | |
|---|---|
| **သင်ခန်းစာအစပျိုးခြင်း –**<br>စိတ်ဝင်စားမှုကိုရရှိရန် မည်ကဲ့သို့ လှုံ့ဆော်မည်နည်း။ | |

၂၂ Commonwealth of Australia. (2020).

| | |
|---|---|
| **သင်ယူမှုရည်မှန်းချက်များနှင့် အတန်းအဆင့်** | |
| **သင်ကြားပြသခြင်း –**<br>လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ကို ရှင်းပြရန် တိကျပြတ်သားသော ညွှန်ကြားချက်များ | |
| **လက်တွေ့လုပ်ဆောင်ခြင်း –**<br>ကျောင်းသားများက မည်သည်ကို လုပ်ဆောင်ကြမည်နည်း။ ဆရာက မည်သည်ကို လုပ်ဆောင်မည်နည်း။ | |
| **ပြန်လည်သုံးသပ်ခြင်း –**<br>ဆွေးနွေးမည့် မေးခွန်းများ | |

| | |
|---|---|
| **ဥပမာပေးခြင်း –**<br><br>သင်၏ အတန်းတွင်း ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများဇယား | |
| **ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်ကို အကဲဖြတ်သုံးသပ်ခြင်း –**<br><br>ဤလုပ်ငန်းစဉ်သည် ကျောင်းသားများအား တာဝန်သိပြီး တက်ကြွသော နိုင်ငံသားများ၏ အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်စေရန် မည်ကဲ့သို့ ကူညီပေးမည်နည်း။ | |

လာမည့်သင်ခန်းစာ (သင်ခန်းစာ ၅.၁.၃) တွင် သင်သည် ဤလုပ်ငန်းတာဝန်နှင့် ပတ်သက်သည့် အချင်းချင်းတုံ့ပြန်အကြံပြုချက်များကို ပေးရန်နှင့် လက်ခံရန် အခွင့်အရေး ရလိမ့်မည်ကို သတိပြုပါ။ အကဲဖြတ်အကြံပြုခြင်းတွင် အသုံးပြုရမည့်ပုံစံကို ဇယား (၅.၄) တွင် ဖော်ပြထားသည်။

**ဇယား ၅.၄။ အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းနှင့် တုံ့ပြန်အကြံပြုချက်များအတွက် စံသတ်မှတ်ချက်များ**

| | |
|---|---|
| **သင်ခန်းစာအစပျိုးခြင်း –**<br><br>ဆရာက စိတ်ဝင်စားမှုကို မည်ကဲ့သို့ လှုံ့ဆော်ပေးမည့် အကြောင်း အသေးစိတ်ရှင်းလင်းချက် ရှိပါသလား။ ထိရောက်ပါမည်လား၊ သင့်စိတ်ဝင်စားမှုကို လှုံ့ဆော်ပေးမည်လား၊ မဟုတ်ပါက၊ နည်းဗျူဟာကို မြှင့်တင်ရန် နည်းလမ်းကို အကြံပြုပါ။ | |
| **သင်ယူမှုရည်မှန်းချက်များနှင့် အတန်းအဆင့် –**<br><br>ဤအသေးစိတ်အချက်အလက်များကို ထည့်သွင်းထားပါသလား။ | |
| **သင်ကြားပြသခြင်း –**<br><br>စာသင်ခန်းစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်းအတွက် ဒီမိုကရေစီ လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ကို ရှင်းပြရန် တိကျပြတ်သားသော ညွှန်ကြားချက်များ ရှိပါသလား။ ကျောင်းသားများကို သင်ပေးမည်ဆိုပါက ဤ ရှင်းလင်းချက်ကို အသုံးပြု၍ လမ်းညွှန်နိုင်ပါသလား။ | |
| **လက်တွေ့လုပ်ဆောင်ခြင်း –**<br><br>ကျောင်းသားများက မည်သည်ကို လုပ်ဆောင်ကြမည်နည်း၊ ဆရာက မည်သည်ကို လုပ်ဆောင်မည်နည်း ဆိုသည်ကို ရှင်းရှင်းလင်းလင်းရှိပါသလား၊ သို့မဟုတ်ပါက ဤရှင်းလင်းချက်ကို ပိုမိုကောင်းမွန်စေရန် မည်ကဲ့သို့ပြုလုပ်နိုင်မည်နည်း။ | |
| **ပြန်လည်သုံးသပ်ခြင်း –**<br><br>စာသင်ခန်းစည်းမျဉ်းများ – အခွင့်အရေးနှင့် တာဝန်ဝတ္တရားများဇယားကို သတ်မှတ်ရာတွင် အထောက်အကူဖြစ်စေမည့် ဆွေးနွေးမည့်မေးခွန်း ငါးခု ရှိပါသလား။ လုပ်ငန်းစဉ်ကို လမ်းညွှန်ပေးခြင်း မဟုတ်ပါက ယင်းကို မည်ကဲ့သို့ မြှင့်တင်နိုင်မည်နည်း။ | |

| | |
|---|---|
| ဥပမာပေးခြင်း –<br><br>စာသင်ခန်း၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ ဖယားသည် မည်သို့မည်ပုံရှိမည်ကို ဥပမာတစ်ခုရှိပါသလား။ ကျောင်းသားလူငယ်များ နားလည်နိုင်မည့် ဘာသာစကားဖြင့် ရေးထားပါသလား။ | |
| ဒီမိုကရေစီဝါဒ အခြေခံသော လုပ်ငန်းစဉ်ကို အကဲဖြတ်သုံးသပ်ခြင်း –<br><br>ဒီမိုကရေစီ လုပ်ငန်းစဉ်သည် တာဝန်သိပြီး တက်ကြွသော နိုင်ငံသားများ၏ အရည်အချင်းများဖြစ်သည့် လေးစားမှု၊ သည်းခံမှု၊ သာတူညီမျှမှု၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် တရားမျှတမှုတို့အား ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသားများကို မည်ကဲ့သို့ ကူညီပေးမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ရှင်းပြထားသည့် စာပိုဒ်ငါးပိုဒ် ရှိပါသလား။ စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်၍ မည်သို့ အလေးပေး ဖော်ပြထားနည်း။ | |

## ၅.၁.၃။ မူလတန်းအောက်ဆင့်တွင် ‘စည်းကမ်း’ အခန်းကို သင်ကြားခြင်း


### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- မူလတန်းအောက်ဆင့် ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ ရပ်ရွာနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။
- ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အဘယ်ကြောင့် ရေးဆွဲထားကြောင်း ဆွေးနွေးတတ်မည်ဖြစ်ပြီး ဆရာကျင့်ဝတ်ငါးပါးမှ သာဓကများ ပေးတတ်မည်။

## စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းများ

ယခင်သင်ခန်းစာများတွင် ဆွေးနွေးခဲ့သည့်အတိုင်း စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများသည် ကွဲပြားခြားနားပါသည်။ ထိုကွဲပြားခြားနားချက်ကို စဉ်းစားရန် နည်းလမ်းတစ်ခုမှာ လုပ်ငန်းစဉ်ပြပုံ (flow chart) ကို ကြည့်ခြင်းဖြစ်သည်။ ကျောင်းစည်းမျဉ်းစည်းကမ်းတစ်ခု၏ ဥပမာကို ကြည့်မည်။ စည်းမျဉ်းစည်းကမ်းများအရ – ကျောင်းသားများသည် အရွယ်ရောက်ပြီးသူတစ်ဦးနှင့် သွားခြင်းမှလွဲ၍ ကျောင်းပိတ်ချိန်အထိ ကျောင်းတွင်းမှအပြင်သို့ မထွက်ရပါ။ ကျောင်းသားတစ်ဦးသည် နေ့လယ်စာစားချိန်တွင် ကျောင်းပြင်သို့ထွက်သွားလျှင် ဤကျောင်းသားသည် စည်းမျဉ်းစည်းကမ်း (သို့မဟုတ်) ဥပဒေကို ချိုးဖောက်ခဲ့ပါသလား။ ကျောင်းသားသည် ကျောင်းစည်းမျဉ်းစည်းကမ်းကိုသာ ဖောက်ဖျက်ခဲ့ပြီး ဥပဒေကို ဖောက်ဖျက်ခဲ့ခြင်း မဟုတ်ကြောင်း ပုံ (၅.၇) တွင် ဖော်ပြထားသည်။




**ပုံ ၅.၇။ စည်းမျဉ်းစည်းကမ်း (သို့မဟုတ်) ဥပဒေ**[၂၃]

[၂၃] Adapted from Australia's Magna Carta Institute Incorporated. (2020).

စည်းမျဉ်းစည်းကမ်းများသည် လူတစ်ဦးချင်းမှ ချမှတ်ထားသော လမ်းညွှန်ချက်များဖြစ်ပြီး ဥပဒေများသည် အုပ်ချုပ်ရေးအာဏာပိုင်မှ ဖန်တီးထားသော လမ်းညွှန်ချက်များဖြစ်သည်။[၂၄] စည်းမျဉ်းစည်းကမ်းများကို အဖွဲ့အစည်းနှင့် ပါဝင်သူများ ဘေးကင်းလုံခြုံစေရန် ချမှတ်ထားခြင်း ဖြစ်သည်။ ဥပမာ – စာသင်ကျောင်းတွင် ကျောင်း၊ ဝန်ထမ်းများနှင့် ကျောင်းသားများ ဘေးကင်းစေရန်အတွက် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားသည်။ လူ့အဖွဲ့အစည်းကို ဘေးကင်းလုံခြုံအောင် ထိန်းသိမ်းရန်အတွက် ဥပဒေများကို ပြဋ္ဌာန်းထားသည်။

အစိုးရက မဲခွဲဆုံးဖြတ်ပြီးနောက် ပြည်သူအများစု၏ သဘောတူညီမှုဖြင့်သာ ဥပဒေ ဖြစ်ပေါ်လာသည်။ ဥပဒေကို ဖောက်ဖျက်ခြင်း၏ အကျိုးဆက်ကို ပြည်သူများကလည်း သဘောတူကြမည်ဖြစ်သည်။ ဥပဒေတစ်ရပ်ကို အလွယ်တကူ မပြောင်းလဲနိုင်သော်လည်း စည်းမျဉ်းစည်းကမ်းတစ်ခုကိုမူ ပြုပြင်နိုင်သည်၊ ဖယ်ရှားနိုင်သည် (သို့မဟုတ်) ပြောင်းလဲ နိုင်သည်။ ဥပဒေတစ်ရပ်ကို အတည်ပြုပြီးသည်နှင့် ၎င်းသည် လူ့အဖွဲ့အစည်းအတွင်းရှိ လူတိုင်းနှင့်သက်ဆိုင်သွားသော်လည်း စည်းမျဉ်းစည်းကမ်းသည် လူတိုင်းနှင့် အချိန်တိုင်း သက်ဆိုင်မည် မဟုတ်ပေ။

## စည်းမျဉ်းတစ်ခုဆိုသည်မှာ အဘယ်နည်း။

**စည်းမျဉ်း**ဆိုသည်မှာ ဥပဒေတစ်ရပ်ကို လိုက်နာကြောင်း သေချာစေရန် အာဏာပိုင်တစ်ဦးက ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းဖြစ်သည်။ တစ်နည်းဆိုရသော် ဥပဒေတစ်ရပ်ကို ထိန်းသိမ်းရန် (သို့မဟုတ်) အတည်ပြုပြဋ္ဌာန်းရန်အတွက် အစိုးရက စည်းမျဉ်းအများအပြားကို သတ်မှတ်ဖော်ပြပေမည်။ ဥပမာအားဖြင့် သတ်မှတ်ထားသော အခြေအနေတစ်ခုအတွင်း လူအများ ဘေးကင်းစေရန်အတွက် ဘေးကင်းရေးစည်းမျဉ်းများ ရှိပါသည်။ အဆောက်အအုံများကို ဘေးကင်းစေမည့် စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ထားခြင်း (သို့မဟုတ်) အဆောက်အအုံကို မည်သို့ထိန်းသိမ်းရမည်ကို ဖော်ပြရန် အဆောက်အအုံ ဆိုင်ရာစည်းမျဉ်းများ ရှိပါသည်။

[၂၄] https://www.ruleoflaw.org.au/primary-school-education/

၁၁၈၉ ခုနှစ်မှ စတင်ခဲ့သော အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများသည် လန်ဒန်တွင် စည်းမျဉ်းများကို မည်ကဲ့သို့ ပြဋ္ဌာန်းထားသည်ကို သရုပ်ဖော်ပြရန် ဥပမာတစ်ခုဖြစ်သည်။[၂၅] ၁၂၁၂ ခုနှစ်တွင် မီးလောင်ကျွမ်းမှုကြောင့် လူပေါင်း (၃၀၀၀) ခန့် အသက် ဆုံးရှုံးခဲ့ရပြီးနောက် အဆိုပါစည်းမျဉ်းများကို အားဖြည့်ပြဋ္ဌာန်းပေးခဲ့သည်။ မီးဘေးအန္တရာယ်ကြောင့် သက်ငယ်မိုးများ အသုံးပြုခြင်းကို တားမြစ်ထားပြီး အိမ်များကို ကြွေပြား၊ အုတ်ကြွပ်ပြား (သို့မဟုတ်) ပျဉ်ပြားများဖြင့် အမိုး မိုးထားရန် လိုအပ်သည်ဟု ပြဋ္ဌာန်းထားခဲ့သည်။




**ပုံ ၅.၈။ သက်ငယ်မိုးအိမ်**[၂၆]

လူ့အခွင့်အရေး၊ ပညာရေးဆိုင်ရာအခွင့်အရေး၊ အလုပ်အကိုင်အခွင့်အရေးစသည့် စည်းမျဉ်းများ အများအပြားပင် ရှိပါသည်။

၂၅ Stanley, M. (2020).

၂၆ https://search.creativecommons.org/photos/957c358d-a6cc-498f-8520-743221de1aa4 “Thatched roof house on the village green (pond, ducks, the works), Ashmore, Dorset, England” by Spencer Means is licensed under CC BY-SA 2.0. View license: https://creativecommons.org/licenses/by-sa/2.0/?ref=ccsearch&atype=rich

စည်းမျဉ်း ခြောက်မျိုးမှာ အောက်ပါအတိုင်းဖြစ်သည် –

- ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ဥပဒေများ (ဥပမာ – အခွန်ပေးဆောင်ခြင်း)
- တိုက်ရိုက်အခွင့်အရေးများ နှင့်/သို့မဟုတ် အကာအကွယ်ပေးသည့် ဥပဒေများ (ဥပမာ – ရေကြောင်းဆိုင်ရာ စည်းမျဉ်းများနှင့် ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ စည်းမျဉ်းများ)
- မိမိ၏ ကိုယ်ပိုင်စည်းမျဉ်းများ (ဥပမာ – လူတစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများသည် ၎င်းတို့၏ ကိုယ်ပိုင်လုပ်ဆောင်မှုများကို ထိန်းကျောင်းခြင်း)
- လိုင်စင်အဖွဲ့များနှင့် စစ်ဆေးရေးမှူးများ (ဥပမာ – ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ အန္တရာယ်များကို ထိန်းညှိခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများ)
- စီးပွားရေးအားပြိုင်မှုများ (ဥပမာ – တရားမျှတသော ကုန်သွယ်မှုကို ပံ့ပိုးရန်အတွက် ကြီးမားသော စီးပွားရေးအဖွဲ့အစည်းများ၏ အပြုအမူများကို ထိန်းညှိရန်)
- အများပိုင်ကဏ္ဍဆိုင်ရာဆောင်ရွက်မှုများ၏ စည်းမျဉ်းထိန်းသိမ်းသူများ (ဥပမာ – အစိုးရလုပ်ငန်းဆောင်ရွက်မှုများ တိုးတက်စေရန် စည်းမျဉ်းများ)[၂၇]

စီးပွားရေးဆိုင်ရာထိန်းသိမ်းမှု၏ ဥပမာမှာ ကမ္ဘာ့တရားမျှတသော ကုန်သွယ်မှုအဖွဲ့အစည်းဖြစ်သည်။ WFTO (World Fair Trade Organization) သည် နိုင်ငံပေါင်း (၇၆) နိုင်ငံတွင် ပျံ့နှံ့နေသော ကမ္ဘာ့အသိုက်အဝန်းတစ်ခုဖြစ်သည်။[၂၈] ၎င်းသည် ဖယ်ကြဉ်ခံထားရသော လူ့အသိုက်အဝန်းများ၏ တရားမျှတသောကုန်သွယ်မှုကို ကာကွယ်ရန် ဆောင်ရွက်ပေးသည့် ဒီမိုကရေစီနည်းလမ်းတကျ လည်ပတ်နေသည့် အဖွဲ့အစည်းဖြစ်သည်။

၂၇ Stanley, M. (2020).

၂၈ World Fair Trade Organization. (2020).



**ပုံ ၅.၉။ ထိုင်း–မြန်မာနယ်စပ်တွင် အထည်ရက်လုပ်နေသည့် ဒုက္ခသည်အမျိုးသမီး[၂၉]**

ဥပမာအားဖြင့် အမျိုးသမီးများ တိုးတက်ရေးနှင့် စွမ်းဆောင်နိုင်ရေးအတွက် ပညာရေး (Women's Education for Advancement and Empowerment – WEAVE) သည် WFTO ၏ အဖွဲ့ဝင်ဖြစ်ပြီး ထိုင်း–မြန်မာနယ်စပ်ရှိ ဒုက္ခသည် အမျိုးသမီးများအတွက် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ဤအမျိုးသမီးများသည် ကုန်ပစ္စည်းများကို ကမ္ဘာတစ်ဝန်း ရောင်းဝယ် ဖောက်ကားရန် ရက်လုပ်ကြသည်။ WEAVE သည် အမျိုးသမီးများ၏ အခြေခံလူ့အခွင့်အရေးများကို အကာအကွယ် ပေးထားကြောင်း အာမခံပါသည်။[၃၀] "ကျား၊မ ရေးရာ တန်းတူညီမျှမှု၊ တရားမျှတသော ပေးဆောင်မှု၊ ခွဲခြားဆက်ဆံမှု ကင်းရှင်းမှု၊ လုပ်ငန်းခွင်အတွင်း ဘေးကင်းပြီး ကောင်းမွန်သော အခြေအနေများနှင့် စဉ်ဆက်မပြတ် စွမ်းရည်မြှင့်တင်ခြင်း" ကဲ့သို့သော အမျိုးသမီးများ၏ အခွင့်အရေးများကို အကာအကွယ်ပေးထားကြောင်း သေချာစေပါသည်။[၃၁]

၂၉ https://wfto.com/

၃၀ Urgel, M. (2019).

၃၁ Urgel, M. (2019).

စည်းမျဉ်းဆိုသည်မှာ မည်သည်ကိုဆိုလိုကြောင်းကို နားလည်ရန်၊ ဝေါဟာရ၏အဓိပ္ပာယ်ကို ကိုယ်တိုင် သုံးသပ်ကြည့်ကြမည်ဖြစ်သည်။

## မိမိကိုယ်ကို ထိန်းကျောင်းခြင်းဆိုသည်မှာ အဘယ်နည်း။

တက်ကြွပြီးတာဝန်သိသော နိုင်ငံသားတစ်ဦးအနေဖြင့် သင်သည် သင့်စိတ်ခံစားမှုနှင့် အပြုအမူများကို ကိုယ်တိုင်ထိန်းကျောင်းနိုင်မည်ဟု မျှော်လင့်ပါသည်။ မိမိကိုယ်ကို ထိန်းကျောင်းရန်၊ မိမိကိုယ်ကို စည်းကမ်းရှိရန် လိုအပ်သည်။ အခြားသူများကို ထိခိုက်နစ်နာစေမည့် စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများ မရရှိစေရန် မိမိ၏ စိတ်ခံစားမှုများကို ထိန်းညှိနိုင်သည်ဟု ဆိုလိုသည်။ ဤမျှတင်မကဘဲ မိမိ၏ အမူအကျင့်များကို ထိန်းကျောင်းနိုင်မှသာ မိမိ၏ အလုပ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ပေမည်။ ဥပမာ – အိမ်စာလုပ်သည့်အခါ အာရုံထွေပြားမှု မရှိသင့်ပါ။

သင်၏ တစ်နေ့တာလုံးတွင် သင်၏ စိတ်ခံစားမှုနှင့် အပြုအမူများကို ထိန်းညှိပေးမည့် နည်းလမ်းများစွာကို သင်စဉ်းစားနေပါလိမ့်မည်။ သို့မဟုတ် သင်မလုပ်ခဲ့သည့် အချိန်များ ရှိကောင်းရှိနိုင်သလို တစ်စုံတစ်ခုအတွက် ဒေါသဖြစ်သွားကာ တံခါးကို ဆောင့်ပိတ်ပြီး တုံ့ပြန်ခဲ့မှုမျိုးလည်း ဖြစ်နိုင်ပါသည်။

စာသင်ခန်းတစ်ခုတွင် ကျောင်းသားများသည် အမျိုးမျိုးသော စိတ်ခံစားမှုများကို ခံစားရ လိမ့်မည်။ ၎င်းတို့၏ စိတ်ခံစားမှုများက ၎င်းတို့၏ အပြုအမူနှင့် သင်ယူလိုစိတ်အပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။[၃၂] ဆရာသည် ကျောင်းသားများ၏ သင်ယူမှုကို ပံ့ပိုးပေးရန် လိုအပ်ပြီး ၎င်းတို့၏ စိတ်ခံစားမှုနှင့် အပြုအမူကို ထိန်းညှိနည်းနှင့် ရွေးချယ်မှုများကို မည်ကဲ့သို့ ပြုပြင်ရမည်ကို နားလည်နိုင်စေရန် လိုအပ်သည်။[၃၃] ဤသင်ယူမှုသည် ငြိမ်းဆင်ပံ့ပိုးပေးမှု လိုအပ်သည်။ ဆရာသည် ခေတ္တရပ်တန့်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ ပြုမူလုပ်ဆောင်ခြင်းကို နမူနာပြခြင်းဖြင့် ကူညီနိုင်ပါသည်။

၃၂ Pekrun, R. (2014).
၃၃ Pekrun, R. (2014).




ပုံ ၅.၁၀။ ခေတ္တရပ်တန့်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ ပြုမူလုပ်ဆောင်ခြင်းတို့ဖြင့်
မိမိကိုယ်ကို ထိန်းကျောင်းခြင်း

ကျောင်းသားများ မိမိကိုယ်ကို ထိန်းကျောင်းတတ်ရန်အတွက် လေ့လာသင်ယူရာတွင် ထောက်ပံ့ကူညီပေးခြင်းသည် မြန်မာကျောင်းဆရာများ၏ ဆရာကျင့်ဝတ်ငါးပါးအနက် ပထမကျင့်ဝတ်နှင့် သက်ဆိုင်သည် –

- ကျောင်းသားများကို စည်းကမ်းရှိစေရန် သင်ကြားပေးခြင်း၊
- သင်ကြားပေးပြီး အကောင်းဆုံးဖြစ်အောင် ရှင်းပြခြင်း၊
- မိမိသိသမျှကို သင်ကြားပေးခြင်း၊
- ကျောင်းသားများကို တန်ဖိုးထားကာ လိုအပ်သည့်အချိန်တိုင်း ကျောင်းသားများအတွက် ရပ်တည်ပေးခြင်းနှင့်
- ဆရာ့အလုပ်ကို တန်ဖိုးထားတတ်စေရန် သင်ပြပေးခြင်း။

ဥပမာအားဖြင့် စာသင်ခန်း၊ ကျောင်းနှင့် အသိုက်အဝန်းတွင် စည်းကမ်းများနှင့် ပတ်သက်နေသည်တို့ကို ကျောင်းသားများ သိရှိနားလည်စေရန်အတွက် ဆရာက ပြောကြားရန် လိုအပ်ပါသည်။ စည်းကမ်းသေဝပ်ခြင်းဆိုသည်မှာ မည်သည်ကို ဆိုလိုကြောင်း နားလည်ရန် လိုပါသည်။ ၎င်းတို့၏ ကိုယ်ပိုင်လူမှုရေး၊ စိတ်ခံစားမှုနှင့် သင်ယူမှု အမူအကျင့်များကို မည်ကဲ့သို့ ထိန်းကျောင်း စီမံခန့်ခွဲကြမည်နည်း။

ကျန်ရှိသော ဆရာကျင့်ဝတ်ငါးပါးမှ ကျင့်ဝတ်လေးခုသည် သင်၏လုပ်ဆောင်နိုင်မှုကို သေချာစေရန် သင့်ကိုယ်သင် ထိန်းကျောင်းနိုင်စွမ်းနှင့် သက်ဆိုင်သည် –

- သင့်၏ အသိပညာနှင့် နားလည်သဘောပေါက်မှုကို အတတ်နိုင်ဆုံး ရှင်းပြရပါမည်။
- ခေါင်းစဉ်တစ်ခုအကြောင်း သင်တတ်နိုင်သလောက် သုတေသနပြုလုပ်ရပါမည်၊ သို့မှသာ သင်သိသမျှကို သင်ကြားပေးနိုင်မည်ဖြစ်သည်။
- သင့်ကျောင်းသားများ၏ မတူကွဲပြားမှုကို တန်ဖိုးထားကာ တာဝန်သိပြီး၊ တရားမျှတသည့် ကျင့်ဝတ်ဆိုင်ရာ နည်းလမ်းများဖြင့် ပံ့ပိုးကူညီနိုင်မည်။
- ပြန်လည်သုံးသပ်သော အလေ့အကျင့်ကို ဖော်ဆောင်ခြင်းဆိုသည့် အဓိပ္ပာယ် သက်ရောက်သော သင်၏ ကိုယ်ပိုင်အတတ်ပညာဆိုင်ရာ တိုးတက်မှုကို တန်ဖိုးထားရမည်။

စည်းမျဉ်းစည်းကမ်းများနှင့် စည်းမျဉ်းများကို အဖွဲ့အစည်းအများစုတွင် ဖန်တီးထားသည်။ ကျောင်းများသည် ၎င်းတို့၏ စည်းမျဉ်းစည်းကမ်းများနှင့် စည်းမျဉ်းများရှိနိုင်ပြီး ၎င်းတို့ကိုလည်း အစိုးရက စည်းမျဉ်းစည်းကမ်းများနှင့် စည်းမျဉ်းများဖြင့် အုပ်ချုပ်မည် ဖြစ်သည်။ ဤစည်းမျဉ်းအမျိုးအစားမှာ – အများပြည်သူ ပိုင်ဆိုင်သည့် လုပ်ငန်းများ၏ လှုပ်ရှားလည်ပတ်မှုကို တရားဝင်ထိန်းသိမ်းသည့်စည်းမျဉ်း ဖြစ်သည်။ ဥပမာအားဖြင့် အမျိုးသားပညာရေးဥပဒေစာတမ်း[၃၄]တွင် ဥပဒေကို လိုက်နာရန်အတွက် ကျောင်းတစ်ကျောင်းအနေဖြင့် လိုက်နာရမည့် စည်းမျဉ်းများစွာကို ဖော်ပြထားပါသည်။

---

၃၄ The Government of the Republic of the Union of Myanmar. (2014).

## သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – ဒုတိယတန်း ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ မြန်မာအသိုက်အဝန်းတို့နှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဒုတိယတန်းကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ မြန်မာအသိုက်အဝန်းနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲရန်ဖြစ်သည်။ ဤသင်ယူမှုလုပ်ငန်းကို နှစ်ယောက်တစ်တွဲ လုပ်ဆောင်ကြရမည်။

ရည်ရွယ်ချက်မှာ ကျောင်းသားများအတွက် စာသင်ခန်းအတွင်း၊ ကျောင်းတွင်းနှင့် မြန်မာနိုင်ငံ အသိုက်အဝန်းအတွင်း တည်ရှိနေသော စည်းမျဉ်းစည်းကမ်းများအကြောင်း ဆွဲဆောင်မှုရှိသော သင်ယူမှုလုပ်ငန်းတစ်ခု ဖန်တီးရန်ဖြစ်သည်။ သင့်လုပ်ဆောင်ချက်ဖြင့် တီထွင်ဖန်တီးနိုင်ပါစေ။ ဥပမာအားဖြင့် သင့်ကျောင်းသားများကို အုပ်စုလိုက် လုပ်ခိုင်းနိုင်သည်။ အုပ်စုတစ်စုသည် စာသင်ခန်း၏ အကြောင်းအရာကို စူးစမ်းလေ့လာနိုင်ပြီး စာသင်ခန်းအတွင်းရှိ အခြားကျောင်းသားများအား ပြသရန်နှင့် သင်ကြားရန်အတွက် ပိုစတာတစ်ခုကို ရေးသားပြုစုနိုင်သည်။ ဒုတိယအုပ်စုသည် ကျောင်း၏ စည်းမျဉ်းစည်းကမ်းများကို စူးစမ်းလေ့လာနိုင်ပြီး တတိယအုပ်စုသည် မြန်မာနိုင်ငံအသိုက်အဝန်း၏ စည်းမျဉ်းစည်းကမ်းအချို့ကို ဖော်ထုတ်မည်ဖြစ်သည်။

ကျောင်းသားများနှင့် စကားပြောရန်အတွက် ကျောင်းနှင့် ရပ်ရွာကိုယ်စားလှယ်များကို ဖိတ်ခေါ်နိုင်သည်။ ကျောင်းသားများသည် ရပ်ရွာ (သို့မဟုတ်) ကျောင်းကိုယ်စားလှယ်များကို တွေ့ဆုံမေးမြန်းရန်အတွက် မေးခွန်းများ ပြင်ဆင်နိုင်သည်။

သင်၏ သင်ကြားရေးအရင်းအမြစ်ဖိုင်တွဲ (သို့မဟုတ်) ဇယား (၅.၅) တွင် လုပ်ငန်းဆောင်ရွက်မှုကို ရေးသားပြုစုပါ။ အောက်ပါတို့ကို ထည့်သွင်းနိုင်ပါသည် –

- သင်ခန်းစာအစပျိုးခြင်း – သင်ယူမှုလုပ်ငန်းတွင် ကျောင်းသားများ၏ စိတ်ဝင်စားမှုကို မည်သို့လှုံ့ဆော်မည်နည်း။

- သင်ယူမှုရည်ရွယ်ချက် – ဒုတိယတန်း "စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း"၃၅
- သင်ကြားပြသခြင်း – ဝေါဟာရများ၏ အဓိပ္ပာယ်ကို ရှင်းပြရန် တိကျပြတ်သားစွာ ညွှန်ကြားခြင်း။
- လက်တွေ့လုပ်ဆောင်ခြင်း – ကျောင်းသားများနှင့် ဆရာများသည် မည်သည်တို့ကို လုပ်ဆောင်ကြမည်နည်း။ အုပ်စုဖွဲ့သည့် နည်းလမ်းများကို ရှင်းပြပါ။ အလုပ်နမူနာများသည် မည်သည့်ပုံစံဖြစ်ပြီး ကျောင်းသားများက သဘောတရားများအား နားလည်ကြောင်းကို ဆရာက မည်သို့သိရှိနိုင်မည်နည်း။

**ဇယား ၅.၅။ ဒုတိယတန်း ကျောင်းသားများအတွက် စာသင်ခန်း၊ ကျောင်း၊ မြန်မာနိုင်ငံအသိုက်အဝန်းတို့နှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲခြင်း**

| | |
|---|---|
| **သင်ခန်းစာအစပျိုးခြင်း –**<br><br>စိတ်ဝင်စားမှုကို ရရှိရန် မည်သို့ လှုံ့ဆော်ပေးမည်နည်း။ | |
| **ဒုတိယတန်းအတွက် သင်ယူမှု ရည်ရွယ်ချက်များ** | |
| **သင်ကြားပြသခြင်း –**<br><br>ဝေါဟာရများ၏ အဓိပ္ပာယ်ကို ရှင်းပြရန် အသေးစိတ်ညွှန်ကြားချက်များ | |
| **လက်တွေ့လုပ်ဆောင်ခြင်း –**<br><br>ကျောင်းသားများ မည်သည်ကို လုပ်ဆောင်ကြမည်နည်း။<br><br>ဆရာက မည်သည်ကို လုပ်ဆောင်မည်နည်း။<br><br>အုပ်စုဖွဲ့သည့် နည်းလမ်းများ<br><br>နားလည်မှုကို စစ်ဆေးခြင်း | |

၃၅ Department of Basic Education. (n.d., p. 4).

## သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် ရေးသားခြင်း – ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အဘယ်ကြောင့် ရေးဆွဲထားကြောင်း ဆွေးနွေးခြင်းနှင့် ဆရာကျင့်ဝတ်ငါးပါးမှ သာဓကများ ပံ့ပိုးပေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအား အဘယ်ကြောင့် ရေးဆွဲထားကြောင်းကို သင်ပြန်လည်သုံးသပ်ရန် ဖြစ်ပါသည်။ ထို့နောက် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သင်၏ သင်ကြားမှုအခန်းကဏ္ဍနှင့် တာဝန်များကြား ဆက်နွယ်မှုကို ညွှန်ပြရန် မြန်မာဆရာများ၏ ကျင့်ဝတ်ငါးပါးမှ ဥပမာများကို တင်ပြရန် ဖြစ်သည်။

ဤလုပ်ငန်းအား ဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ၊ စည်းမျဉ်းများကို စာသင်ခန်းများ၊ ကျောင်းများနှင့် လူ့အဖွဲ့အစည်းတွင် အဘယ်ကြောင့် ရေးဆွဲချမှတ်ထားကြောင်း စာပိုဒ်တစ်ပိုဒ် ရေးရမည်ဖြစ်သည်။ ထို့နောက် မိမိကိုယ်ကို ထိန်းကျောင်းခြင်းကဲ့သို့ အယူအဆတစ်ခုအား ရွေးချယ်နိုင်သည်။ မိမိကိုယ်ကို ထိန်းကျောင်းခြင်း အယူအဆအား ဒုတိယအပိုဒ်တွင် ဆွေးနွေးပါ။

ထို့နောက် တတိယအပိုဒ်တွင် မြန်မာကျောင်းဆရာများ၏ ဆရာကျင့်ဝတ်ငါးပါးမှ သာဓကများနှင့် စပ်လျဉ်းသည့် မိမိတို့၏ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းများကို နားလည်သဘောပေါက်လာစေရန် ကျောင်းသားများအား မည်ကဲ့သို့ ကူညီပံ့ပိုးပေးမည်ကို ဆွေးနွေးပါ။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် (သို့မဟုတ်) လေးထောင့်ကွက် (၅.၅) တွင် စာပိုဒ်သုံးခုကို ရေးပါ။

## လေးထောင့်ကွက် ၅.၅။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် ရေးသားခြင်း – စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ၊ စည်းမျဉ်းများနှင့် မြန်မာကျောင်းဆရာများ၏ ကျင့်ဝတ်ငါးပါးအကြား ဆက်နွယ်မှု

# ၅.၁.၄။ အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံမှု

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –

- သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်းမှာ မည်သည်ကို ဆိုလိုကြောင်း ဆွေးနွေးတတ်မည်။
- မူလတန်းအောက်ဆင့် ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်သည့် လုပ်ငန်းတစ်ရပ်ကို ရေးဆွဲတတ်မည်။
- ဆရာများနှင့် မူလတန်းကျောင်းသားများအတွက် ဘေးကင်းလုံခြုံပြီး စိတ်ချယုံကြည်ရသော အွန်လိုင်းလုပ်ဆောင်ပုံများကို လမ်းညွှန်ပေးသည့် ရင်းမြစ်များကို စုစည်းတတ်မည်။

## အွန်လိုင်းပတ်ဝန်းကျင်တွင် ဘေးကင်းရေး

စည်းကမ်းလိုက်နာခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျောင်းသားများနှင့် ဆရာများသည် အွန်လိုင်းပတ်ဝန်းကျင်တွင် အလုပ်လုပ်သည့်အခါ ဘေးကင်းလုံခြုံခြင်း အဓိပ္ပာယ်ကို နားလည်ရန် လိုအပ်ပါသည်။ ဆရာတစ်ဦးအနေဖြင့် ဘေးကင်းလုံခြုံသော အလေ့အကျင့်များနှင့် ပတ်သက်၍ သင့်ကိုယ်သင် အသိပညာပေးရန် အရေးကြီးပြီး ကျောင်းသားများသည် လုံခြုံမှုမရှိဟု ခံစားရပါက (သို့မဟုတ်) အွန်လိုင်းတွင် မရိုမသေပြုမူမှုများတွင် ပါဝင်နေပါက သတိထားရမည့်အရာများ ဖြစ်သည်။

ဤကဲ့သို့သော မလေးစားသည့် အပြုအမူကို **ဆိုက်ဘာအနိုင်ကျင့်ခြင်း** ဟုခေါ်ပါသည်။ ဆိုက်ဘာအနိုင်ကျင့်ခြင်းဆိုသည်မှာ လူမှုမီဒီယာ၊ အီးမေးလ် (သို့မဟုတ်) စာတိုပေးပို့ခြင်းကဲ့သို့သော အွန်လိုင်းပတ်ဝန်းကျင်တွင် အပြန်အလှန်တုံ့ပြန်သည့်အခါတွင် အနိုင်ကျင့်ခံရခြင်း (သို့မဟုတ်) တစ်စုံတစ်ဦးအား အနိုင်ကျင့်ခြင်းဟု အဓိပ္ပာယ်ရသည်။

အဆိုပါ အဖြစ်အပျက်အများစုသည် စာသင်ခန်းအတွင်း ဖြစ်ပေါ်လာနိုင်ခြေနည်းပါးသည်။ သို့သော် ပြဿနာများကို စာသင်ခန်းအတွင်းသို့ ရောက်ရှိလာသည့်အခါမျိုးတွင် ဆရာများ (သို့မဟုတ်) ကျောင်းများက လျစ်လျူရှုထား၍မရသော ပြဿနာတစ်ခု ဖြစ်လာစေသည်။[၃၆]

ယခုအခါ ကျောင်းများအတွက် နည်းပညာ လိုအပ်သောကြောင့် အခြေအနေတစ်ခု ဖြစ်ပေါ်လာပါက နည်းပညာကို ရိုးရှင်းစွာတားမြစ်နိုင်မည် မဟုတ်ပါ။ ယင်းအစား၊ ဆရာများအတွက် ရှေ့ဆက်ရန် အကောင်းဆုံးနည်းလမ်းမှာ လေးစားမှုကို စံနမူနာပြုရန် ဖြစ်သည်။[၃၇] ကျောင်းသားများသည် သင့်ကို ယုံကြည်ထိုက်သူအဖြစ် ထင်မှတ်လာနိုင်သည့်အတွက် သင့်အနေဖြင့် သိရှိထားရမည့်အရာနှင့် စောင့်ကြည့်ရမည့်အရာကို သိနေရန်မှာ အရေးကြီးပါသည်။

## လက္ခဏာများကို သိရှိပြီး သတိပြုမိခြင်း

ကျောင်းသားတစ်ဦးတွင် ဆရာများက မှတ်မိနိုင်သည့် ပုံမှန်မဟုတ်သောအပြုအမူ (သို့မဟုတ်) လက္ခဏာများ ရှိတတ်သည်။ ဥပမာအားဖြင့် ယဉ်ကျေးသိမ်မွေ့သော ကျောင်းသားတစ်ဦးသည် ရုတ်တရက် ဒေါသထွက်လာပြီး ပုံမှန်မဟုတ်သော တုံ့ပြန်မှု ဖြစ်လာနိုင်သည်။ ဤသည်မှာ ကျောင်းသားကို စိတ်အနှောင့်အယှက် ဖြစ်စေသည့်အရာရှိကြောင်း ပြသသည့် လက္ခဏာရပ်တစ်ခု ဖြစ်သည်။ အဖြစ်အပျက်များကို မည်ကဲ့သို့စီမံခန့်ခွဲရမည်ကို မသိရှိခြင်း ဖြစ်နိုင်သည်။ အခြားလက္ခဏာများလည်း ဖြစ်နိုင်သည် –

- ကျောင်းသားသည် တသီးတသန့်နေခြင်း (သို့မဟုတ်) ဝမ်းနည်းနေပုံပေါ်ပါသလား။
- ကျောင်းသားက ပါဝင်ရန် ဆန္ဒမရှိ ဖြစ်နေပါသလား။
- ကျောင်းသားတစ်ဦး အမြဲပုံမှန် ဗိုက်နာနေပါသလား။
- ကျောင်းသားသည် စာသင်ခန်းထဲတွင် (သို့မဟုတ်) နေ့လည်စာစားချိန်တွင် တစ်ဦးတည်းထိုင်နေသလား။
- "ဘာလို့ ငါ့ကို ဘယ်သူမှ မကြိုက်တာလဲ" ဟု ကျောင်းသားတစ်ဦးက ပြောတာ ကြားဖူးပါသလား။
- ကျောင်းသားသည် ရုတ်တရက် ဒေါသပေါက်ကွဲလေ့ရှိပါသလား။

၃၆ Adams, C. (2020).
၃၇ Adams, C. (2020).

ကျောင်းသားက အလွန်ကြောက်နေ၍ ကျောင်းမလာခြင်း ဖြစ်နိုင်သည်။ ကျောင်းသားများ အနိုင်ကျင့်ခံရလျှင် ကျောင်းလာရန် ဆန္ဒမရှိတော့ပေ။ ဆိုက်ဘာအနိုင်ကျင့်ခြင်းအတွက် စိုးရိမ်စရာမှာ အနိုင်ကျင့်သူသည် မည်သူမှန်းမသိရသူအဖြစ် ဆက်လက်တည်ရှိနေနိုင်သည်။[၃၈]

ထို့ပြင် အနိုင်ကျင့်သူများသည် ၎င်းတို့သားကောင်၏ နာကျင်ခံစားမှုကို သိရှိနိုင်မည်မဟုတ်ပေ။ တစ်ခုခုကို အွန်လိုင်းတွင် မျှဝေပြီးသည်နှင့် ဖယ်ရှားရန်မှာ မဖြစ်နိုင်သလောက် ဖြစ်သည်ကို ကျောင်းသားများ သတိပြုမိရန် လိုအပ်ပါသည်။ ထို့ကြောင့် ဆိုက်ဘာအနိုင်ကျင့်မှုသည် သားကောင်အတွက် ကြာရှည်နိုင်သည်။

## ဆိုက်ဘာအနိုင်ကျင့်ခြင်းနှင့်ပတ်သက်၍ မည်သို့ပြုလုပ်ရမည်နည်း။

ကျောင်းသားများကို ဖွင့်ဟပြောဆိုရန် တိုက်တွန်းအားပေးပါ။ အကယ်၍ ၎င်းတို့သည် အနိုင်ကျင့်မှု တစ်ခုခု၏ သားကောင်ဖြစ်ပါက ၎င်းတို့ယုံကြည်သူအား ပြသရန် ပြောပါ။ မက်ဆေ့ချ်ကို ဖန်သားပြင်ဓာတ်ပုံရိုက်ရန် (screenshot) သို့မဟုတ် မက်ဆေ့ချ်ကို ဓာတ်ပုံရိုက်ရန် ၎င်းတို့ကို သတိပေးပြောကြားပါ။ ထို့ပြင် ထိခိုက်နစ်နာစေသော တစ်စုံတစ်ခုကို တွေ့မြင်ပါက အချက်အလက် မျှဝေခြင်းမပြုရန် ကျောင်းသားများအား ရှင်းပြပါ။ ယင်းအစား ၎င်းတို့ယုံကြည်သည့် လူကြီးတစ်ဦးကို ပြသရန်ပြောပါ။

အသုံးပြုနိုင်သည့် နည်းဗျူဟာတစ်ခုသည် မကောင်းသော အပြုအမူကို သတင်းပို့ရန်အတွက် အမည်ဖော်ပြရန်မလိုသော နည်းလမ်းတစ်ခုရှိရန်ဖြစ်သည်။ ဥပမာအားဖြင့် စာသင်ခန်း အတွင်းရှိ ကျောင်းသားများ မက်ဆေ့ချ်ချန်ထားနိုင်သည့် အမည်ဖော်ပြရန်မလိုသော သေတ္တာ တစ်ခု (သို့မဟုတ်) အီးမေးလ်တစ်ခု ထားရှိနိုင်သည်။

ဘေးကင်းလုံခြုံစေသော အမူအကျင့်များကို ကျင့်သုံးခြင်းတွင် သားကောင်အား ပံ့ပိုးကူညီခြင်းနှင့် အနိုင်ကျင့်သူကို ပြန်လည်ပညာပေးခြင်း ပါဝင်သည်။ အနိုင်ကျင့်သူသည် ၎င်းတို့၏ လုပ်ရပ်များ၏ အကျိုးဆက်များကို နားလည်ရန် လိုအပ်သည်။ အနိုင်ကျင့်ခံရသည့်အခါ အခြားသူများ မည်ကဲ့သို့ခံစားရသည်ဆိုသည်ကို ၎င်းတို့နားလည်ရန် လိုပါသည်။ အသွင်ပြောင်း သင်ကြားနည်းများသည် ဤသင်ယူမှုအမျိုးအစားကို အထောက်အကူပြုနိုင်သည်။

၃၈ Adams, C. (2020).

ကျောင်းသားများ မည်ကဲ့သို့ ခံစားရသည်ကို ဆွေးနွေးသည့် လှုပ်ရှားမှုများကို ဖန်တီးပါ၊ သားကောင်နှင့် အနိုင်ကျင့်ခံရသူ၏ အမည်ကိုမဖော်ပြဘဲ ထားနိုင်သည်၊ သို့သော်လည်း အတန်းတွင်း ဆွေးနွေးမှုသည် အနိုင်ကျင့်မှု၏ အကြောင်းရင်းနှင့် အကျိုးဆက်များအကြောင်း ဆွေးနွေးနိုင်ပါသည်။

## ဆိုက်ဘာအနိုင်ကျင့်မှုအကြောင်း မည်သူတို့ကို ပြောကြားရမည်နည်း။


၎င်းတို့၏ အိမ်ပတ်ဝန်းကျင်၊ ကျောင်းတွင် (သို့မဟုတ်) ရပ်ရွာ၌ ၎င်းတို့ကို ယုံကြည်ကိုးစားကြောင်း အသိအမှတ်ပြုစေခြင်းသည် အထောက်အကူ ဖြစ်စေပါသည်။ **ဘေးကင်းလုံခြုံရေးကွန်ရက်**ကို ဖော်ဆောင်ရန် သင့်ကျောင်းသားများအား တိုက်တွန်းအားပေးသင့်သည်။

## ဘေးကင်းလုံခြုံရေးကွန်ရက် ဆိုသည်မှာ အဘယ်နည်း။

ဘေးကင်းရေးပိုက်ကွန်သည် ဆပ်ကပ်ပွဲတစ်ခု (သို့မဟုတ်) ကျွမ်းဘားသရုပ်ပြပွဲတွင် ကျွမ်းဘားအားကစား ပြုလုပ်သူများ၏ အောက်တွင်ထားရှိသည့် ပိုက်တစ်ခုဖြစ်သည်။ ကာယကံရှင် (သို့မဟုတ်) ကျွမ်းဘားအားကစားသူသည် မတော်တဆပြုတ်ကျလာပါက ပိုက်ကွန်သည် ၎င်းတို့အား ဖမ်းမိမည်ဖြစ်သည်။ လုံခြုံရေးကွန်ရက်သည် အလားတူပင် ဖြစ်သည်။ ပြုတ်ကျလျှင် သင့်ကိုဖမ်းဖို့ သင်ယုံကြည်နိုင်သည့်သူများဖြင့် တည်ဆောက်ထားသည့် ပိုက်ကွန်တစ်ခုဖြစ်ပြီး သင့်ကို အန္တရာယ်မှနေ၍ ကာကွယ်ပေးလိမ့်မည်။

ဆရာများအနေနှင့် ကျောင်းသားများကို ဘေးကင်းလုံခြုံစေရန် ကူညီပေးခြင်းသည် ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။ ၎င်းတို့၏ ဘေးကင်းရေးကွန်ရက်တွင် မည်သူမည်ဝါတို့ ဖြစ်သည်ကို အသိအမှတ်ပြုရန်လည်း ၎င်းတို့အား ကူညီပေးနိုင်ပါသည်။ ဥပမာအားဖြင့် သင့်ကျောင်းသားများနှင့် သင်လုပ်ဆောင်နိုင်သည့် သင်ယူမှုလုပ်ငန်းတစ်ခုတွင် သင့်ကျောင်းသားများ၏ လက်တွင် ပုံဖော်ရေးသားခြင်း ပါဝင်သည်။ ထို့နောက် ၎င်းတို့အား လက်ချောင်းတစ်ချောင်းစီပေါ်တွင် ယုံကြည်စိတ်ချရသူ တစ်ဦးစီ၏အမည်ကို ချရေးစေပါ။

ထိုသူသည် ၎င်းတို့သိသောသူ ဖြစ်မည်ဆိုသည်ကို ရှင်းပြပါ။ လျှို့ဝှက်ချက်တစ်ခုခု ဝေမျှလျှင် ၎င်းတို့သိသောသူက ၎င်းတို့ကို ယုံကြည်လိမ့်မည်။ ၎င်းတို့နှင့် အဆင်ပြေသည်ဟုခံစားရပြီး ၎င်းတို့ကို အမြဲတမ်း ဘေးကင်းစေမည့်သူဖြစ်သည်။ ပုံ (၅.၁၁) ကို ကြည့်ပါ။




**ပုံ ၅.၁၁။ ကျွန်ုပ်၏ ဘေးကင်းလုံခြုံရေးကွန်ရက် လုပ်ဆောင်ချက်**[၃၉]

ထို့နောက် တစ်တန်းလုံး ဆွေးနွေးခြင်းဖြင့် ဤလုပ်ဆောင်ချက်ကို ဆက်လက်ဆောင်ရွက်ပါ။ လုံခြုံသည်ဟု မခံစားရသောအခါ မည်သည့်ခံစားချက်များ ဖြစ်ပေါ်နိုင်သည်ကို ကျောင်းသားများနှင့် ဆွေးနွေးပါ။ ဥပမာ –

- ချွေးအရမ်းထွက်နိုင်သည်။
- တုန်လှုပ်သွားသည်။
- ဗိုက်နာသည်။
- စိတ်ဂနာမငြိမ်ဖြစ်သည်။
- နှလုံးခုန်မြန်သည်။

၃၉ စာရေးသူ၏ မူပိုင်ရုပ်ပုံကို ခွင့်ပြုချက်ဖြင့် အသုံးပြုသည်။

ဤဆွေးနွေးမှုအပြီးတွင် ၎င်းတို့မည်ကဲ့သို့ ခံစားရနိုင်သည်ကို ကျောင်းသားများအား တစ်စုံတစ်ရာ အဆင်ပြေခြင်းမရှိဟုထင်ပါက၊ ၎င်းတို့ယုံကြည်စိတ်ချရသူတစ်ဦးနှင့် စကားပြောရန် လိုအပ်ကြောင်း ကျောင်းသားများအား သေချာစွာသတိပေး ပြောကြားပါ။ လျှို့ဝှက်ချက်သည် သင့်အား စိတ်မကောင်းဖြစ်စေလျှင် လျှို့ဝှက်ထားခိုင်းခြင်းသည် မမှန်ကန်ကြောင်း ရှင်းပြပါ။ ထိုသို့ ဖြစ်လာပါက ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကွန်ရက်ရှိ လူတစ်ဦးနှင့် စကားပြောဆိုရန် သတိပေးပါ။

အရေးကြီးသည့်အချက်မှာ မိမိကိုယ်ကို လေးစားမှုနှင့် အခြားသူများကို လေးစားမှုတို့ကို အမြဲစံနမူနာထားရန်ဖြစ်သည်။ ကျောင်းသားများသည် ၎င်းတို့၏ ဆရာများကို ကြည့်ရှုကြပြီး ဆရာများ၏ အပြုအမူများမှ သင်ယူကြသည်။ ဆရာများသည် စာသင်ခန်း၊ ကျောင်းနှင့် ရပ်ရွာတွင် စံနမူနာပြုသူများဖြစ်သည်။

**သင်ယူမှုလုပ်ငန်း (၁)။ တွေး–တွဲ–မျှဝေ သင်ယူခြင်း – သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်းဆိုသည်မှာ မည်သည်ကို ဆိုလိုကြောင်း ဆွေးနွေးခြင်း**

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်း၏ အဓိပ္ပာယ်ဆိုလိုရင်းကို အကြံဉာဏ်များ မျှဝေရန်ဖြစ်သည်။

တွေးတောခြင်း – သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများ အသုံးပြုနိုင်သည့် အွန်လိုင်းပတ်ဝန်းကျင် ဆိုသည်မှာအဘယ်နည်း။ နည်းပညာကို မည်ကဲ့သို့အသုံးပြုကြမည်နည်း။ ၎င်းတို့ကို မည်သည်က အန္တရာယ်ဖြစ်စေနိုင်သနည်း။

နှစ်ယောက်တစ်တွဲ မျှဝေခြင်း – များသောအားဖြင့် သင်နှင့် သင်ယူမှုလုပ်ငန်းများ အတူတွဲ၍ လုပ်လေ့မရှိသော ကျောင်းသားတစ်ဦးနှင့် အတူတွဲ၍ လုပ်ဆောင်ပါ။ သူငယ်တန်းမှ ဒုတိယတန်းအထိ ကျောင်းသားများအတွက် အွန်လိုင်းပတ်ဝန်းကျင်တွင် ဘေးကင်းလုံခြုံစွာ နေထိုင်ခြင်း၏ ဆိုလိုရင်းကို ဆွေးနွေးပါ။ အတန်းနှင့်မျှဝေရန် အရေးကြီးသောအချက်ကို ချရေးပါ။

## သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – မူလတန်းအောက်ဆင့် ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူ့ကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်သည့် အင်ဖိုဂရပ်ဖစ်လုပ်ငန်း တစ်ရပ်ကို ဖန်တီးရေးဆွဲခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေနှင့် သင်ကြား၊ သင်ယူမှု နည်းလမ်းတစ်ခုကို ဖန်တီးရေးဆွဲရန်ဖြစ်ပြီး သူငယ်တန်း၊ ပထမတန်း (သို့မဟုတ်) ဒုတိယတန်း ကျောင်းသားများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း ခံစားရလျှင် မည်သူ့ကို ပြောပြသင့်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်ရန်ဖြစ်သည်။

အင်ဖိုဂရပ်ဖစ်ပိုစတာတစ်ခု ဖန်တီးပါ။ အင်ဖိုဂရပ်ဖစ်များသည် ပုံများ (ဂရပ်ဖစ်) နှင့် စကားလုံးများပါရှိသော ပိုစတာများဖြစ်သည်။ သို့သော် ရှည်လျားသော ဝါကျစာသားများ မပါရှိဘဲ အချက်အလက်များသာ ပါရှိသည်။ ထို့ကြောင့် သင့်ပိုစတာသည် သတင်း အချက်အလက်များ ပေးမည်ဖြစ်ပြီး ယင်းသည် အခြေခံပညာမူလတန်း ကျောင်းသားများ အတွက် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကွန်ရက်ကို ခွဲခြားသတ်မှတ်သည့် သင်ယူမှု လုပ်ငန်းတစ်ရပ် ဖြစ်သည်။

ပိုစတာတွင် အခြေခံပညာ မူလတန်းကျောင်းသားများသည် အွန်လိုင်းတွင် မည်ကဲ့သို့ အပြန်အလှန်ဆက်သွယ်နေပုံကို သရုပ်ဖော်ရန် ပုံများပါရှိသည်။ ထို့နောက် ကျောင်းသား များသည် ၎င်းတို့၏ ဘေးကင်းလုံခြုံရေး ကွန်ရက်ကို မည်သို့ခွဲခြားနိုင်သည်ကို ပြသရန် လက်ပုံကို ဆွဲပါ။

ပိုစတာ၏ အောက်ခြေတွင် ဆရာများနှင့် မူလတန်းကျောင်းသားများအတွက် ဘေးကင်း လုံခြုံ၍ စိတ်ချယုံကြည်ရသော အွန်လိုင်းအပြုအမူများကို လမ်းညွှန်ရန် ကူညီပေးမည့် ရင်းမြစ် နှစ်ခုကို မှတ်တမ်းတင်ပါ။ ရင်းမြစ်များသည် ကျောင်းမူဝါဒ (သို့မဟုတ်) အင်တာနက်ပေါ်တွင် သင်ရှာဖွေတွေ့ရှိထားသည့် သတင်းအချက်အလက် ရင်းမြစ်မှ ဖြစ်နိုင်သည်။

ပိုစတာသည် အမြင်အာရုံကို ဆွဲဆောင်နိုင်မှုရှိပြီး ရည်ရွယ်ချက်ရှိကြောင်း သေချာပါစေ။ ဘေးကင်းလုံခြုံသော ခံစားမှုနှင့် အွန်လိုင်းဘေးကင်းလုံခြုံသော အလေ့အကျင့်များကို အသုံးပြုခြင်းအကြောင်း ကျောင်းသားများအား သင်ပြပေးသောအခါတွင် သင်၏ အနာဂတ် စာသင်ခန်းတွင် ယင်းပိုစတာကို ပြသနိုင်သည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ

၁။ စည်းကမ်းကို အပျက်သဘောနှင့် အပြုသဘောဆောင်သော နည်းလမ်းများဖြင့် မည်သို့ ပြဋ္ဌာန်းနိုင်သနည်း။

၂။ အတွင်းစည်းကမ်းနှင့် အပြင်စည်းကမ်း ကွာခြားချက်မှာ အဘယ်နည်း။

၃။ သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများနှင့် တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများအကြား ကွာခြားချက်မှာ အဘယ်နည်း။

၄။ ဒီမိုကရေစီဝါဒကို အခြေခံသော ခေါင်းဆောင်မှုပုံစံ/ဒီမိုကရက်တစ်ခေါင်းဆောင်မှုပုံစံ ဆိုသည်မှာ အဘယ်နည်း။

၅။ ဒီမိုကရေစီ၏ အခြေခံသဘောတရားအချို့မှာ အဘယ်နည်း။

# အခန်းဆုံးအနှစ်ချုပ်

**အဓိကအချက်များ**

- စည်းကမ်းသည် လူတို့အား တိကျသော နည်းလမ်းဖြင့် ပြုမူတတ်စေရန် လေ့ကျင့်ပေးသည့် နည်းလမ်းဖြင့် လုပ်ဆောင်သည်။
- မသင့်လျော်သော လုပ်ဆောင်ချက်တစ်ခုကြောင့် အခြားသူတစ်ဦးမှ ၎င်း၏ အကျိုးဆက်ကို ပြစ်ဒဏ်ပေးအပ်သောအခါတွင် အပြင်စည်းကမ်းသည် ဖြစ်ပေါ်လာသည်။ ထိုသူသည် မိဘ (သို့မဟုတ်) ဆရာဖြစ်နိုင်သလို ရဲအရာရှိ တစ်ဦးကဲ့သို့ လူမှုအသိုင်းအဝိုင်းမှလည်း ဖြစ်နိုင်သည်။
- အတွင်းစည်းကမ်းသည် မိမိကိုယ်ကို ဆုံးမခြင်းမှ ဖြစ်ပေါ်လာသည်။ လူများသည် တစ်စုံတစ်ခုသော နည်းလမ်းဖြင့် ပြုမူနေထိုင်ရန် မိမိကိုယ်ကို စီမံခန့်ခွဲနိုင်ပြီး လေ့ကျင့်နိုင်သောအခါတွင် ဖြစ်ပေါ်လာသည်။
- စည်းကမ်းကို အပျက်သဘော (သို့မဟုတ်) အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ပြဋ္ဌာန်းနိုင်သည်။ ဥပမာ - လူများသည် အချို့သော နည်းလမ်းဖြင့် လိုက်နာ လုပ်ဆောင်ခြင်း မပြုသောကြောင့် အပြစ်ပေးခံရနိုင်သည်။
- အပြုသဘောဆောင်သော နည်းလမ်းသည် အပြုသဘောဆောင်သော အားဖြည့်မှုမှ တစ်ဆင့် လိုချင်သော အပြုအမူများကို အားပေးသည်။
- စည်းမျဉ်းစည်းကမ်းများသည် ယေဘုယျအားဖြင့် လူမှုရေးအရ တည်ဆောက်ထားပြီး တိကျပြတ်သားစွာ (သို့မဟုတ်) သွယ်ဝိုက်သောအားဖြင့် ဖြစ်နိုင်သည်။
- စည်းမျဉ်းစည်းကမ်းများတွင် လူ့အဖွဲ့အစည်းအနေဖြင့် ရေးဆွဲပြဋ္ဌာန်းရန်၊ လက်တွေ့ ကျင့်သုံးရန်၊ ဆက်လက်ထိန်းသိမ်းရန် (သို့မဟုတ်) ပြောင်းလဲရန်တို့ ပါဝင်သည်။
- ဓလေ့ထုံးတမ်းများသည် အကျင့်စရိုက်များဖြစ်သည်။ ၎င်းတို့သည် လူ့အဖွဲ့အစည်း အတွင်း တရားဝင်မဟုတ်သော စည်းမျဉ်းစည်းကမ်းများနှင့် ဓလေ့ထုံးတမ်းများဖြစ်သည်။
- ဥပဒေများသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် တစ်သမတ်တည်းတည်မြဲပြီး စည်းမျဉ်းစည်းကမ်းများသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးတွင် တစ်သမတ်တည်း မတည်မြဲနိုင်ပေ။

- ဒီမိုကရေစီဆန်သော ခေါင်းဆောင်မှုပုံစံတွင် ဆုံးဖြတ်ချက်များချမှတ်ရာ၌ ၎င်းတို့၏ အဖွဲ့ဝင်များပါဝင်ကြပါသည်။
- ဒီမိုကရေစီစနစ်၏ အခြေခံသဘောတရားများ၏ အဓိကသော့ချက်မှာ ထိရောက်သော ဆက်စပ်ခြုံငုံတွေးခေါ်မှုနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုတို့ ဖြစ်သည်။
- အဖွဲ့အစည်းနှင့် ပါဝင်သူများကို ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် ဥပဒေစိုးမိုးစေရန် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသည်။ ဥပမာ – ကျောင်းသည် ကျောင်း၊ ဝန်ထမ်းများနှင့် ကျောင်းသားများကို ဘေးကင်းလုံခြုံစေရန်အတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြဋ္ဌာန်းထားသည်။
- လူ့အဖွဲ့အစည်း၏ ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းရန်နှင့် ဥပဒေစိုးမိုးစေရန် ဥပဒေများ ပြဋ္ဌာန်းထားသည်။
- ဆိုက်ဘာအနိုင်ကျင့်ခြင်းဆိုသည်မှာ လူမှုမီဒီယာ၊ အီးမေးလ် (သို့မဟုတ်) စာတိုပေးပို့ခြင်းကဲ့သို့သော အွန်လိုင်းပတ်ဝန်းကျင်တွင် အပြန်အလှန် ဆက်သွယ်သည့်အခါ တစ်စုံတစ်ဦးသည် အနိုင်ကျင့်ခံရခြင်း (သို့မဟုတ်) တစ်စုံတစ်ဦးကို အနိုင်ကျင့်ခြင်းကို ဆိုလိုသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအကြောင်း သင်ကြားသင်ယူခြင်းသည် စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေးတွင်ပါဝင်သည့် အားလုံးအကျုံးဝင်သည့် ပညာရေးကို မြှင့်တင်ရန် မည်ကဲ့သို့ အထောက်အကူပြုမည်ကို ရှင်းပြပါ။

## ဆက်လက်ဖတ်မှတ်စရာများ

**၅.၁။**

Adams, C. (2020). *Cyberbullying: What teachers and schools can do*. Scholastic Teachers. https://www.scholastic.com/teachers/articles/teaching-content/cyberbullying-what-teachers-and-schools-can-do/

Australia's Magna Carta Institute Incorporated. (2020). *Rule of law education centre: Rules and laws.* https://www.ruleoflaw.org.au/primary-school-education/

Australian Electoral Commission. (2016). *Democracy rules.* https://education.aec.gov.au/democracy-rules/

Commonwealth of Australia. (2020). *Parliamentary education office: Democracy.* https://peo.gov.au/understand-our-parliament/how-parliament-works/system-of-government/democracy/

Curwin, R. (2014, August 5). *Social and emotional learning: The 5 critical categories of rules*. https://www.edutopia.org/blog/5-critical-categories-of-rules-richard-curwin

Department of Basic Education. (n.d.). *Curriculum outline, morality and civics education primary level subject objectives.* Myanmar Ministry of Education.

Department of Basic Education. (n.d.). *KG syllabus: Expected learning outcomes of the respected learning areas.* Myanmar Ministry of Education.

Pekrun, R. (2014). *Emotions and learning: Educational practices series* (Vol. 24). UNESCO and International Bureau of Education.

The Government of the Republic of the Union of Myanmar. (2014). *National Education Law : Parliamentary Law No. 41.* 1376, New Moon of Thadingyut 7th day (September 30, 2014). Union Parliament.

The Government of the Republic of the Union of Myanmar. (2016). *National education strategic plan 2016–21 Summary*. Ministry of Education.

Urgel, M. (2019). *WEAVE: Innovating for refugee women.* World Fair Trade Organization. https://wfto.com/article/weave-%E2%80%93-innovating-refugee-women

World Fair Trade Organization. (2020). *About WFTO.* https://wfto.com/who-we-are

အခန်း
၄

# ငြိမ်းချမ်းစွာ နေထိုင်ခြင်း

ဤအခန်းတွင် သင်သည် သူငယ်တန်းနှင့် မူလတန်းအောက်ဆင့် ကျောင်းသားများကို ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုနှင့် ငြိမ်းချမ်းစွာနေထိုင်ခြင်းဆိုင်ရာ အကြောင်းအရာများ သင်ကြားရန်အတွက် သင်ကြားနည်းများကို ဖော်ဆောင်မည်ဖြစ်သည်။ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် နည်းလမ်းများနှင့် စာသင်ခန်းအတွင်း 'အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်' ကို ဖန်တီးနိုင်ပုံတို့ကို စူးစမ်းကြမည်ဖြစ်သည်။ ထို့နောက် စာရိတ္တနှင့်ပြည်သူ့နီတိ ပညာရေး၏ အဓိကအကြောင်းအရာများကို ပေါင်းစပ်ဖွဲ့စည်းပြီး မြန်မာကျောင်းဆရာအဖြစ် ၎င်းတို့၏ အခန်းကဏ္ဍကို ဆွေးနွေးရန်အတွက် အဆိုပါအကြောင်းအရာများကို ပြန်လည် သုံးသပ်ရန် ပိုစတာတစ်ခုကို ရေးဆွဲမည်ဖြစ်သည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် –**

- မူလတန်းအောက်ဆင့် စာသင်ခန်းတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် စိတ်ကူးပုံဖော်မှုတစ်ခု တည်ဆောက်တတ်မည်။
- လူများနှင့် လူအုပ်စုများ၏ ကွဲပြားခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထားခြင်းသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို ရွေးချယ်တတ်မည်။
- မူလတန်းအောက်ဆင့် စာသင်ကျောင်းတွင် လူတိုင်းအကျုံးဝင်သော လုပ်ဆောင်ပုံများကို မြှင့်တင်ပေးနိုင်သည့် သင်ကြားရေး နည်းကိရိယာတစ်ခုအဖြစ် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို အကဲဖြတ်သုံးသပ်တတ်မည်။

- ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့် ညှိနှိုင်းဖြေရှင်းရန် အချင်းချင်း၏ အမြင်များကို နားထောင်ရန် အဘယ်ကြောင့် လိုအပ်ကြောင်း ဖော်ပြတတ်မည်။
- ငြိမ်းချမ်းသော နည်းလမ်းဖြင့် ပြဿနာများကို ဖြေရှင်းသူတစ်ဦး၏ ထူးခြားသော လက္ခဏာများကို နမူနာလုပ်ပြရန် အရုပ်ငယ်များအသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းတစ်ခုကို ပြင်ဆင်တတ်မည်။
- 'အပြုသဘောဆောင်သော' တုံ့ပြန်မှုများနှင့် 'အပျက်သဘောဆောင်သော' တုံ့ပြန်မှုများကို သရုပ်ပြသင်ကြားရန် လုပ်ငန်းတစ်ရပ်တွင် ရည်ရွယ်ချက်ရှိရှိ ရွေးချယ်အသုံးပြုထားသော ဘာသာစကားကို ညွှန်ပြတတ်မည်။
- ကျောင်းသားအားလုံး၏ အတွေးအခေါ်များကို တန်ဖိုးထားသည့် စာသင်ခန်း အတွင်း 'အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်' ကို မည်သို့ဖန်တီးရကြောင်း ရှင်းပြတတ်မည်။
- ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်း၊ ပူဆွေးသောကရောက်ခြင်းနှင့် ပျော်ရွှင် ဝမ်းမြောက်ခြင်း ကဲ့သို့သော စိတ်လှုပ်ရှားမှုများအကြောင်း ဆွေးနွေးမှုကို အဆင့်ဆင့် ပံ့ပိုးကူညီသည့် လုပ်ငန်းတစ်ရပ်ကို ပြင်ဆင်တတ်မည်။
- စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ထိန်းကျောင်းသည့် နည်းလမ်းများကို ကျောင်းသားများ သင်ယူရာတွင် အထောက်အကူ ဖြစ်စေရန် စိတ်လှုပ်ရှားမှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ပတ်သက်သော ထပ်ဆောင်း လုပ်ငန်းတစ်ရပ်အား မည်သို့ လုပ်ဆောင်ရကြောင်းကို ရှင်းပြတတ်မည်။
- လူမှုကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်း၏ အဓိကအကြောင်းအရာများကို ပေါင်းစပ်ထားသော ပိုစတာတစ်ခုကို ရေးဆွဲတတ်မည်။
- စာရိတ္တနှင့်ပြည်သူ့နီတိတွင် လေ့လာဖော်ထုတ်ထားသည့် အဓိကအကြောင်း အရာများကို ပြန်လည်သုံးသပ်တတ်ပြီး မြန်မာကျောင်းဆရာဖြစ်လာရန် ဤနားလည်သဘောပေါက်မှုက မည်သို့ပံ့ပိုးပေးကြောင်း ဆွေးနွေးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၃.၁) မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍနှင့် မျှော်မှန်းထားသော တာဝန်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှု ပတ်ဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) (၃.၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်း ပြသည်။

## အဓိက အသုံးအနှုန်းများ

အပြုသဘောဆောင်သော အပြုအမူ(constructive behaviour)၊ အပျက်သဘောဆောင်သော အပြုအမူ(destructive behaviour)၊ အမြင်ရှုထောင့်(perspective)၊ အဖွဲ့ဝင်ဖြစ်သည် ဟူသော ခံစားချက် (sense of belonging)၊ သင်ကြားပေးနိုင်သောအခိုက်အတန့် (teachable moment)။

# ၆.၁။ ကွဲပြားစုံလင်သော လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ နေထိုင်ခြင်း

ဤအခန်းငယ်တွင် သင်သည် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှု၏ ဆိုလိုရင်းနှင့် ၎င်းသည် ငြိမ်းချမ်းစွာ နေထိုင်ခြင်းကို သင်ယူရာတွင် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း ပြန်လည်သုံးသပ်မည် ဖြစ်သည်။ သင်၏ ကျောင်းသားများကို လူတိုင်းအကျုံးဝင်မှုနှင့် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများကို သင်ကြားပေးရာတွင် ပံ့ပိုးပေးမည့် နည်းဗျူဟာအချို့ကိုလည်း စူးစမ်းလေ့လာမည် ဖြစ်သည်။

## ၆.၁.၁။ မူလတန်းအောက်ဆင့်တွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်ပြီး ငြိမ်းချမ်းသော ပတ်ဝန်းကျင်တစ်ခုကို မြှင့်တင်ခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- မူလတန်းအောက်ဆင့် စာသင်ခန်းတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် စိတ်ကူးပုံဖော်မှုတစ်ခု တည်ဆောက်တတ်မည်။
- လူများနှင့် လူအုပ်စုများ၏ ကွဲပြားခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထားခြင်းသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို ရွေးချယ်တတ်မည်။
- မူလတန်းအောက်ဆင့် စာသင်ကျောင်းတွင် လူတိုင်းအကျုံးဝင်သော လုပ်ဆောင်ပုံများကို မြှင့်တင်ပေးနိုင်သည့် သင်ကြားရေးနည်းကိရိယာတစ်ခုအဖြစ် ဖတ်မှတ်စရာ ရင်းမြစ်တစ်ခုကို အကဲဖြတ်သုံးသပ်တတ်မည်။

## ယဉ်ကျေးမှု မှန်ဘီလူး

ယဉ်ကျေးမှုဆိုသည်မှာ အဘယ်နည်း။ ယဉ်ကျေးမှုသည် ကမ္ဘာကြီး၊ ကျွန်ုပ်တို့၏ အပြန်အလှန်ဆက်သွယ်မှုများနှင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို ကြည့်ရှုရာတွင် ကျွန်ုပ်တို့ဖြတ်သန်းကြည့်ရှုသည့် မှန်ဘီလူးဖြစ်သည်။ ယဉ်ကျေးမှုတွင် ကျွန်ုပ်တို့၏ အတွေ့အကြုံများနှင့် အမြင်များ၊ ကျွန်ုပ်တို့၏ တန်ဖိုးထားမှုများ၊ သဘောထားများနှင့် ယုံကြည်ချက်များ၊ ကျွန်ုပ်တို့၏ ဓလေ့ထုံးတမ်းများနှင့် ရိုးရာအစဉ်အလာများ ပါဝင်သည်။[၄၀] **အမြင်ရှုထောင့်** ဟူသည့် ဝေါဟာရမှာ ကမ္ဘာကြီးကို ကျွန်ုပ်တို့ရှုမြင်ပုံကို ရည်ညွှန်းပါသည်။



**ပုံ ၆.၁။ ယဉ်ကျေးမှုဟူသည် ကမ္ဘာကြီးကို ကျွန်ုပ်တို့ရှုမြင်ရာတွင် ကျွန်ုပ်တို့အသုံးပြုသည့် မှန်ဘီလူး တစ်ခုပင်ဖြစ်သည်။**

တစ်ခါတစ်ရံတွင် လောကကြီးကို အခြားသူများ၏ အမြင်မှတစ်ဆင့်မြင်ရန် ခက်ခဲပါသည်။ ကျွန်ုပ်တို့သည် ယဉ်ကျေးမှုမှန်ဘီလူးဖြင့် အခြေအနေကို ကြည့်နေကြောင်း ကျွန်ုပ်တို့ မသိသောကြောင့် ဤအခက်အခဲ ဖြစ်ပေါ်လာပါသည်။ လူ့ဘောင်လောကတွင် ကျွန်ုပ်တို့၏ ပြုမူဆောင်ရွက်ပုံများသည် လူမှုဆက်ဆံရေးအခြေအနေ၏ ရလဒ်များပင်ဖြစ်ကြောင်း အများအားဖြင့် ကျွန်ုပ်တို့ သတိမပြုမိကြပေ။ ကျွန်ုပ်တို့၏အမြင်များသည် လွှမ်းမိုးခံရနိုင်ပြီး

၄၀ Gay, G. (2013).

ထိုအမြင်များသည် ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်များကို လွှမ်းမိုးနိုင်ကြောင်း သိရှိလာသည်နှင့်အမျှ ကျွန်ုပ်တို့သည် ယဉ်ကျေးမှုများအကြား မတူကွဲပြားမှုများနှင့် တူညီမှုများကို သိရှိနားလည်လာပါသည်။

တစ်နည်းဆိုရသော် ကျွန်ုပ်တို့၏ မျက်လုံးများနှင့် စိတ်ကိုဖွင့်နိုင်လျှင် ယဉ်ကျေးမှု ယုံကြည်ချက်များသည် လူတို့၏ အပြုအမူ၊ လုပ်ရပ်များနှင့် အပြန်အလှန်အကျိုးသက်ရောက်မှုအပေါ် ကျွန်ုပ်တို့၏ အသိအမြင်ကို မြှင့်တင်နိုင်ပါသည်။ ဤအသိတရားသည် ကျွန်ုပ်တို့အား သနားညှာတာမှုနှင့် နားလည်မှု ပိုမိုတိုးပွားလာစေပါသည်။[၄၁]

ဆရာများအနေနှင့် ကျွန်ုပ်တို့သည် ယဉ်ကျေးမှုအားလုံးကို လက်ခံပြီး အလေးထားရန် လိုအပ်ပါသည်။ သို့သော် မတူကွဲပြားသော ယဉ်ကျေးမှုကို နားလည်သဘောပေါက်အောင် လုပ်ဆောင်သည့်အခါ လေးစားမှုရှိရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ယဉ်ကျေးမှုယုံကြည်ချက်တစ်ခုသည် လူ့အခွင့်အရေးကို ချိုးဖောက်ပါက ၎င်းကို လက်မခံနိုင်သော အပြုအမူဟု ကျွန်ုပ်တို့ ယူဆနိုင်ပါသည်။ သို့သော် ဆရာများအနေနှင့် ခွဲခြားဆက်ဆံခြင်း (သို့မဟုတ်) ရိုင်းပျစော်ကားခြင်းမရှိဘဲ ပညာသင်ကြားပေးရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။ ထိုအပြုအမူသည် ထိုအုပ်စု၏ ဓလေ့ထုံးတမ်းဖြစ်နေသည်ကို ကျွန်ုပ်တို့ ရိုးရှင်းစွာ အသိအမှတ်ပြုရန် လိုအပ်ပြီး လူသားများအနေနှင့် ကျွန်ုပ်တို့တွင် ပါဝင်ရန် (သို့မဟုတ်) မပါဝင်ရန် ရွေးချယ်ခွင့်ရှိသည်။

## ယဉ်ကျေးမှု မတူကွဲပြားသော လူမှုအဖွဲ့အစည်းများ

ကမ္ဘာတစ်ဝန်းရှိ လူမှုအဖွဲ့အစည်းများတွင် ကွဲပြားမှုများ ရှိနေသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ လူဦးရေတွင် မတူကွဲပြားသော လူမျိုးများရှိသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး (၁၃၅) ကျော်ရှိပြီး မတူကွဲပြားသော ဘာသာစကားနှင့် ယဉ်ကျေးမှုများ အများအပြားရှိသည်။[၄၂] မတူကွဲပြားမှုများကို အသိအမှတ်ပြုခြင်းသည် ပညာရေးကဏ္ဍအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဦးစားပေးမှုတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။[၄၃] ဤသည်မှာ

၄၁ Chatterjee Singh, N., & Duraiappah, A. K. (Eds.). (2020).

၄၂ Rwehera, M. (2017. February).

၄၃ The Government of the Republic of the Union of Myanmar. (2016. p. 4).

ကျောင်းသားအားလုံး ကျောင်းတက်ရောက်ခွင့် ရရှိရန်နှင့် ပညာသင်ကြားခွင့် ရရှိစေရန် သေချာစေခြင်းဖြင့် မတူကွဲပြားမှုများကို တုံ့ပြန်ရန်ဖြစ်သည်။




ပုံ ၆.၂။ ယဉ်ကျေးမှု မတူကွဲပြားသော လူ့အဖွဲ့အစည်း

လက်ရှိယုံကြည်ချက်များ မည်သို့ပင်ရှိစေကာမူ ဆရာများနှင့် ကျောင်းသားများသည် တန်ဖိုးထားမှုများနှင့် ယုံကြည်ချက်အသစ်များကို သင်ယူခြင်း၊ အလိုက်သင့်ပြောင်းလဲခြင်း၊ လက်ခံကျင့်သုံးခြင်းများကို ပြုလုပ်နိုင်ပါသည်။

### ယဉ်ကျေးမှုဟူသည်မှာ တစ်သမတ်တည်း ဖြစ်တည်နေသောအရာ မဟုတ်ပါ။

ယဉ်ကျေးမှုသည် ငြိမ်သက်မနေပါ၊ ပြောင်းလဲနိုင်သည်။ ပုံ (၆.၃) တွင် ရှိသော တောင်များသည် တည်ငြိမ်နေပြီး ရွေ့လျားမှုမရှိပေ။ စမ်းချောင်းသည် အရည်ဖြစ်ပြီး၊ ရေသည် ရွေ့လျားတတ်သည်။ ကျွန်ုပ်တို့သည် လူအုပ်စုများကြားတွင် လှုပ်ရှားနေသူများ ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ငြိမ်မနေကြပါ။ ကျွန်ုပ်တို့သည် တောင်များကဲ့သို့ မဟုတ်ပါ။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီစွာ စီးဆင်းနေသော ရေနှင့် ပို၍တူပါသည်။



**ပုံ ၆.၃။ တောင်များ ငြိမ်သက်နေပြီး ရေများစီးဆင်းနေပုံ**

ကျွန်ုပ်တို့ ငြိမ်မနေလျှင် ကျွန်ုပ်တို့ယဉ်ကျေးမှုသည်လည်း ငြိမ်နေ၍မရပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အမူအကျင့်နှင့် လက်တွေ့လုပ်ဆောင်မှုများကို အခြေအနေနှင့် နေရာဒေသအလိုက် ပြုပြင်ပြောင်းလဲ နိုင်ပါသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့သည် ဗလီ၊ ဘုရားကျောင်း (သို့မဟုတ်) စာသင်ကျောင်းတွင် နေထိုင်သကဲ့သို့ ကျွန်ုပ်တို့အိမ်တွင် ပြုမူနေထိုင်ကြမည် မဟုတ်ပေ။

ထို့ကြောင့် ဆရာ၏ အခန်းကဏ္ဍကို သေချာစွာ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ သင်ကြားမှုကို ပိုမိုအဓိပ္ပာယ်ရှိပြီး ကျောင်းသားများ နားလည်လွယ်စေရန်အတွက် ဆရာများသည် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာနှင့် သင်နည်းဗျူဟာများကို ယဉ်ကျေးမှုမှန်ဘီလူးဖြင့် စစ်ထုတ်ရန် လိုအပ်ပါသည်။[၄၄] ထိုသို့လုပ်ဆောင်ရာတွင် ကျောင်းသားအားလုံးကို သိရှိရန်နှင့် ၎င်းတို့၏ နောက်ခံအကြောင်းကို နားလည်ရန် လိုအပ်သည်။

ပထမအဆင့်မှာ သင့်ကျောင်းသားများနှင့် ယုံကြည်မှုနှင့် လေးစားမှုတည်ဆောက်ရန်


၄၄ Gay, G. (2013).

ဖြစ်သည်။ ကျောင်းသားတစ်ဦးနှင့်တစ်ဦး အပြန်အလှန်မည်ကဲ့သို့ လေးစားမှုနှင့်ယုံကြည်မှုတို့ကို တည်ဆောက်ရမည်ကို သင်နှင့်အတူ သင့်ကျောင်းသားများပါ သင်ယူနိုင်ရန် အခွင့်အလမ်းများ လိုအပ်ပါသည်။ နောက်တစ်ချက်မှာ ကျောင်းသားများအား ၎င်းတို့၏ ဘက်လိုက်မှုများကို သတိပြုမိစေရန်နှင့် အကူအညီပေးရန်ဖြစ်ပါသည်။ လူတိုင်းသည် ၎င်းတို့၏ ယဉ်ကျေးမှုယုံကြည်ချက်များကို အခြေခံ၍ ဘက်လိုက်သော အမြင်များရှိကြသည်ကို သိရှိနားလည်လာသောအခါတွင် အချို့သော သူများသည် အဘယ်ကြောင့်ကွဲပြားကြပြီး အချို့မှာ ဆင်တူကြသည်ကို နားလည်လာကြသည်။ ဤနားလည်မှုသည် လူအချို့က အခြားသူများကို အဘယ်ကြောင့် မတူကွဲပြားစွာ ဆက်ဆံရကြောင်း ကျောင်းသားများ နားလည်ရန် ကူညီပေးနိုင်သည့် အစွမ်းရှိသည်။

ခွဲခြားဆက်ဆံတတ်သော အပြုအမူများကို သတိပြုမိကြရန် သင်၏ ကျောင်းသားများကို အားပေးပါ။ ထို့နောက် အရေးကြီးသည့်အချက်မှာ ၎င်းတို့၏ အပြုအမူများသည် ပိုမို၍ အားလုံးအကျုံးဝင်စေသည့် အပြုအမူများဖြစ်လာစေရန် ပြုပြင်ပြောင်းလဲနိုင်သည်ကို သိရှိ နားလည်ရန် အားပေးပါ။

## အကြံပြုထားသော နည်းလမ်းများ

ပုံပြင်စာအုပ်များ၊ ရုပ်ပုံများနှင့် ဗီဒီယိုများသည် အထောက်အကူဖြစ်စေသော ရင်းမြစ်များ ဖြစ်သည်။ ကျောင်းသားများသည် ဇာတ်လမ်း၊ ရုပ်ပုံ (သို့မဟုတ်) မြင်ကွင်းအားလုံးတွင် ဖြစ်ပျက်နေသည်များကို ဆွေးနွေးနိုင်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အကြောင်းအရာများကို အခြားသူတစ်ဦး၏ ရှုထောင့်မှ မြင်နိုင်ရန် ကူညီပေးသည်။



ပုံ ၆.၄။ ဆွေးနွေးမှုကို လှုံ့ဆော်သည့် ပုံပြင်စာအုပ်များ

### သင်ယူမှုလုပ်ငန်း (၁)။ စိတ်ကူးပုံဖော်ခြင်း – မူလတန်းအောက်ဆင့် စာသင်ခန်းတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုသည် မည်သည်ကိုဆိုလိုကြောင်း သရုပ်ပြ သင်ကြားနိုင်သည့် စိတ်ကူးပုံဖော်မှုတစ်ခု တည်ဆောက်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မူလတန်းအောက်ဆင့် စာသင်ခန်း နောက်ခံအခြေအနေတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုနှင့် ပတ်သက်သည့် သင်၏အသိပညာနှင့် နားလည်သဘောပေါက်မှုကို သရုပ်ဖော်ပြသတတ်ရန်ဖြစ်သည်။

အခြေခံပညာမူလတန်းအောက်ဆင့် ကျောင်းဆရာတစ်ဦးအနေဖြင့် မတူကွဲပြားသော ယဉ်ကျေးမှုသည် သင့်အတွက် မည်သည်ကို ဆိုလိုကြောင်းနှင့် မတူကွဲပြားသော ယဉ်ကျေးမှုများ အကြောင်း သင်ယူလေ့လာခဲ့သည့် အကြောင်းအရာအားလုံးကို သရုပ်ဖော်ပြသရန်အတွက် စိတ်ကူးပုံဖော်မှုတစ်ခုကို ဖန်တီးမည်ဖြစ်သည်။ သင်၏ သင်ကြားရေး ရင်းမြစ်ဖိုင်တွဲ (သို့မဟုတ်) လေးထောင့်ကွက် ၆.၁ တွင် သင်၏စိတ်ကူးပုံစံဖော်မှုကို ဖန်တီးတည်ဆောက်ပါ။


ဇယား (၆.၁) ရှိ ဥပမာ (၁) ၌ အချက်အလက်များ၏ ပထမအလွှာသည် မတူကွဲပြားသော ယဉ်ကျေးမှု၏ အကြောင်းအရာများကို ကိုယ်စားပြုသည့် စိတ်ကူးပုံဖော်မှုပုံစံတစ်ခု ဖြစ်သည်။

ဒုတိယအလွှာ (“လေ့ကျင့်သော အသိုင်းအဝိုင်းကို တည်ထောင်ခြင်း” ဟု ဖော်ပြထားသည့် စက်ဝန်း) တွင် ဤအသိုက်အဝန်းသည် အခြေခံပညာမူလတန်းအောက်ဆင့် စာသင်ခန်း၏ နောက်ခံ အကြောင်းအရာများ ဖြစ်သည်။


စိတ်ကူးပုံဖော်မှုပုံစံကို သင်မည်သို့တည်ဆောက်နိုင်ကြောင်း ဥပမာများကိုလည်း ဇယား (၆.၁) တွင် ဖော်ပြထားပါသည်။ ရည်ရွယ်ချက်မှာ တီထွင်ဖန်တီးနိုင်ရန်နှင့် အသိအမြင်ဗဟုသုတ ပေးနိုင်ရန် ဖြစ်သည်။ ရုပ်ပုံများနှင့် သရုပ်ဖော်ပုံများ ထည့်သွင်းနိုင်သည်။ ပုံများကို ရေးဆွဲခြင်း (သို့မဟုတ်) မဂ္ဂဇင်းများမှ ဖြတ်ထားသော ပုံများကို ကပ်ထည့်နိုင်သည်။ အပြင်အဆင် ဖန်တီးရန်နှင့် သင့်စိတ်ကူးများကို စုစည်းဖော်ပြရာတွင် အရောင်များထည့်ပါ။ အလေးပေးမှုကို ဖော်ပြရန်အတွက် သင့်မျဉ်းကြောင်းများတွင် အထူ၊ အပါး အမျိုးမျိုးကို အသုံးပြုပါ။

**ဇယား ၆.၁။ စိတ်ကူးပုံဖော်မှုပုံစံ ဥပမာများ**


ဥပမာ (၁)



## ဥပမာ (၂)



## ဥပမာ (၃)



**လေးထောင့်ကွက် ၆.၁။ ယဉ်ကျေးမှု မတူကွဲပြားမှု၏ စိတ်ကူးပုံဖော်မှုပုံစံ**

**သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – လူများနှင့် လူအုပ်စုများ၏ ကွဲပြားခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထားခြင်းသည် မည်သည်ကို ဆိုလိုကြောင်း သရုပ်ပြသင်ကြားနိုင်သည့် ဖတ်မှတ်စရာ ရင်းမြစ် တစ်ခုကို ရွေးချယ်၍ အကဲဖြတ်ခြင်း**

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စာဖတ်ခြင်းအတွက် ရင်းမြစ်တစ်ခုကို ရွေးချယ်ရန် ဖြစ်ပြီး ကွဲပြားခြားနားချက်များနှင့် တူညီချက်များကို တန်ဖိုးထားရန်နှင့် အားလုံးအကျုံးဝင်သော အပြုအမူများကို မြှင့်တင်နိုင်မည့် ၎င်း၏ အလားအလာများအတွက် ရင်းမြစ်ကို အကဲဖြတ်ရန် ဖြစ်သည်။

ဤလုပ်ငန်းအတွက် သင်သည် နှစ်ယောက်တစ်တွဲ (သို့မဟုတ်) သုံးယောက်တစ်တွဲ အုပ်စုငယ်များဖြင့် လုပ်ဆောင်မည်ဖြစ်သည်။ ဤလုပ်ဆောင်ချက်၏ ပထမပိုင်းသည် စာဖတ်ခြင်းအတွက် ရင်းမြစ်ကို ရွေးချယ်ရန် သင့်စာကြည့်တိုက်ကို ဝင်ရောက်အသုံးပြုရန် လိုအပ်သည်။ သင်သည် စာကြည့်တိုက်သို့ ဝင်ရောက်ခွင့်မရှိပါက ဇယား (၆.၂) တွင် ဖော်ပြထားသော လုပ်ငန်းကို အသုံးပြုပါ။[၄၅]

### ဇယား ၆.၂။ ကွဲပြားခြားနားမှုသည် အဆင်ပြေပါသည် – မတူကွဲပြားမှုအား သင်ကြားခြင်း[၄၆]

**ဆရာက မိတ်ဆက်သင်ကြားခြင်း**

ဆရာသည် ကျောင်းသားများ၏ ကွဲပြားမှုနှင့် တူညီမှုများကို အာရုံစူးစိုက်စေခြင်းဖြင့် မတူကွဲပြားမှု၏ ခေါင်းစဉ်ကို မိတ်ဆက်ပေးသည်။ ကျောင်းသားများကို စဉ်းစားရန် အချက် (၄) ချက်မှ (၅) ချက်ပေး၍ ကျောင်းသားများကို အုပ်စုလိုက် မတ်တတ်ရပ်စေပါ။ ညွှန်ကြားချက်အချို့၏ ဥပမာများမှာ –

- ဇွန်လတွင် မွေးဖွားသော ကျောင်းသားများအားလုံး မတ်တတ်ရပ်ကြပါ။
- မနက်စာအဖြစ် အသီးစားရသည်ကို နှစ်သက်လျှင် မတ်တတ်ရပ်ကြပါ။
- ငါးမျှားဝါသနာပါသော ကျောင်းသားအားလုံး မတ်တတ်ရပ်ကြပါ။
- သင့်မိသားစုသည် လူ လေးဦးထက် ပိုများပါက မတ်တတ်ရပ်ပါ။

ဤညွှန်ကြားချက်တွင် ဖော်ပြမထားရသေးသော အခြားမတူကွဲပြားမှုများကို စဉ်းစားနိုင်သေးလားဟု ကျောင်းသားများကို မေးပါ။

ဤကွဲပြားခြားနားချက်များကို မျှဝေရန် အဘယ်ကြောင့် အရေးကြီးသနည်း။

၎င်းတို့က ကျွန်ုပ်တို့ကို တစ်ဦးကိုတစ်ဦး နားလည်ကြရန် မည်သို့ကူညီပေးနိုင်မည်နည်း။

သင်ပုန်းပေါ်တွင် ကွဲပြားခြားနားသော စကားလုံးကို ရေးစေပါ။ မည်သည်ကို ဆိုလိုကြောင်းကို ကျောင်းသားများအား မေးပါ။ ၎င်းတို့၏ အဖြေများကို မှတ်တမ်းတင်ပါ။ အောက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ဆီသို့ လုပ်ဆောင်ပါ – တစ်ဦးနှင့်တစ်ဦး မတူကွဲပြားနေခြင်း။

ကျွန်ုပ်တို့အားလုံးကို မတူကွဲပြားစေသည့်အရာများနှင့် ကျွန်ုပ်တို့အားလုံးကို တူညီစေသောအရာများ အကြောင်းနှင့်ပတ်သက်၍ ၎င်းတို့၏ အတွေးအမြင်များနှင့် အယူအဆများကို မျှဝေရန် ကျောင်းသားများကို ပြောကြားပါ။ ကျောင်းသားများ၏ အဖြေများကို စက္ကူကားချပ်ကြီးစာရွက်ပေါ်တွင် မှတ်တမ်းတင်ပါ။

၄၅ Adapted from Price. (2005).

၄၆ Price, K. (2005).

**ကျောင်းသားများ စူးစမ်းလေ့လာခြင်း**

ကျောင်းသားများကို အုပ်စုငယ်များ ဖွဲ့စည်းပါ။ ၎င်းတို့နှင့် ၎င်းတို့၏သူငယ်ချင်းများ တစ်ဦးနှင့်တစ်ဦး မည်သို့ မတူကွဲပြားနေကြောင်း၊ တစ်ဦးနှင့်တစ်ဦး မည်သို့တူညီနေကြောင်းများကို ရှင်းပြပါ။ စာရွက်တချို့ ထုတ်ပေးပါ။ ၎င်းတို့သည် စာရင်းနှစ်ခုကို ပြုစုရေးသားပါမည် –

- ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး မတူညီကြပါ...
- ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး တူညီကြပါသည်...

မှတ်ချက် – ကျောင်းသားများ၏ အတန်းအဆင့်ပေါ်မူတည်၍ ဤလုပ်ဆောင်ချက်အပိုင်းသည် အုပ်စုလိုက် ဆွေးနွေးမှုတစ်ခု ဖြစ်နိုင်သည်။ အသက်အရွယ်ကြီးသော ကျောင်းသားများက စာရင်းများ ရေးသားနိုင်သည်။ အသက်အရွယ်ငယ်ရွယ်သော ကျောင်းသားများအတွက်မူ အကြံဉာဏ်များပေး၍ ဆွေးနွေးခြင်းက ပို၍သင့်လျော်ပါသည်။

အကယ်၍ ဤသင်ယူမှုလုပ်ငန်းသည် အသက်အရွယ်ကြီးသော ကျောင်းသားများအတွက် ဖြစ်ပါက ကျောင်းသားများသည် စာရင်းတွင် မိမိတို့၏ အတွေးအမြင်များကို အလှည့်ကျရေးသားကြကြောင်း သေချာစေရန် ပြုလုပ်ပါ။ အုပ်စုရှိ ကျောင်းသားတိုင်းသည် အနည်းဆုံး အကြံဉာဏ်တစ်ခုကို ချရေးသင့်သည်။ ၎င်းတို့၏ အုပ်စုဝင်များသည် မည်သူ တစ်ဦးတစ်ယောက်၏ ခံစားချက်ကိုမျှ မထိခိုက်စေမည့် အပြုသဘောဆောင်သော အကြံဉာဏ်များကို မျှဝေရန် လိုအပ်ကြောင်း ကျောင်းသားများအား ပြောပြရမည်။

**ဆရာက ကြည့်ရှုလေ့လာခြင်း**

သတိပြုရန်မှာ ကျောင်းသားများသည် အုပ်စုများဖွဲ့၍ အလုပ်လုပ်နေချိန်တွင် အုပ်စုဝင်များသည် လုပ်ငန်းလုပ်ဆောင်နေကြောင်း သေချာစေရန် ဆရာက လှည့်လည်ကြည့်ရှုပါ။ ပါဝင်ဆွေးနွေးမှုကို ကြည့်ရှုနားထောင်ပါ။

ဤဆွေးနွေးမှုများသည် အငြင်းပွားဖွယ် (သို့မဟုတ်) အနှောင့်အယှက်ဖြစ်ရန် အလားအလာရှိပါက၊ (သို့မဟုတ်) ၎င်းတို့သည် ဆီလျော်မှုမရှိသော ကိစ္စတစ်ခုကို ဆွေးနွေးနေပါက ကျောင်းသားများကို လုပ်ငန်းအပေါ် ပြန်လည်အာရုံစိုက်ရန်အတွက် သတိပေးနိုင်ရန် ဆရာက အသင့်ရှိနေသင့်ပါသည်။

**တစ်တန်းလုံး၏ ဆွေးနွေးမှုကို ဆရာက ပံ့ပိုးပေးခြင်း**

အတန်းတွင်းဆွေးနွေးမှု တစ်ခုအတွက် ကျောင်းသားများကို ပြန်လည်စုစည်းပါ။ ၎င်းတို့အုပ်စုတွင် မည်သို့သော ခြားနားချက်မျိုး တွေ့ရှိသည်ကို ၎င်းတို့အားမေးမြန်းပါ။ ၎င်းတို့အတွက် အံ့သြစရာ အကောင်းဆုံးသော ခြားနားချက်မှာ အဘယ်နည်း။ ၎င်းတို့၏ အုပ်စုလိုက်ဆွေးနွေးမှုမှ မည်သည်တို့ကို သင်ယူခဲ့ကြသနည်း။ ၎င်းတို့အုပ်စုထဲရှိ ကျောင်းသားများနှင့် ပို၍တူညီမှု ရှိပါသလား။

ကျောင်းသားများကို ၎င်းတို့အုပ်စုက ပြောသော ခြားနားချက်တစ်ခုကို ရွေးစေပါ။ ထိုခြားနားချက်သည် ၎င်းတို့ကို ပုဂ္ဂိုလ်ရေးအရ ထိခိုက်မှုဖြစ်နိုင်သည်။ ဤအရာသည် ဤကျောင်းသားကို ထူးခြားစေသော အရာဖြစ်လိမ့်မည်။ ဥပမာအားဖြင့် ၎င်းအရာသည် ဝါသနာ၊ မသန်စွမ်းမှု၊ ကျွမ်းကျင်မှု၊ အရည်အချင်း၊ ကြိုက်နှစ်သက်မှု၊ မကြိုက်သောအရာများ စသည်ဖြင့် ဖြစ်နိုင်သည်။ ၎င်းတို့သည် ၎င်းတို့ကို ထူးခြားစေသည့် စာမျက်နှာတစ်ခုကို ဖန်တီးမည်ဖြစ်ကြောင်း ကျောင်းသားများအား အသိပေးပါ။ ၎င်းသည် တစ်တန်းလုံးနှင့် ၎င်းတို့ဖန်တီးထားသော စာအုပ်အတွက် စာမျက်နှာတစ်ခု ဖြစ်လာမည်ဖြစ်သည်။

| ကျောင်းသားများအတွက် ထည့်သွင်းစဉ်းစားရမည့်မေးခွန်းများမှာ – |
|---|
| • ဤခြားနားချက်နှင့်ပတ်သက်၍ သင့်ကို အထူးကောင်းမွန်သည် (သို့မဟုတ်) ဆိုးရွားစေသည်ဟု ခံစားစေရန် တစ်စုံတစ်ဦးမှ ပြုလုပ်ဖူးပါသလား။ မည်သူကနည်း၊ မည်သည့်အကြောင်းကြောင့်နည်း။<br>• ဤခြားနားချက်နှင့်ပတ်သက်၍ သင်မည်သည်ကို အနှစ်သက်ဆုံးဖြစ်သနည်း။ မည်သည်ကို မနှစ်သက်ဆုံး ဖြစ်သနည်း။<br>• ဤခြားနားချက်ကြောင့် သင်သည် ကွဲပြားခြားနားသော အရာများကို လုပ်ဆောင်ရန် လိုအပ်ပါသလား။<br>• တူညီသော ခြားနားချက်ရှိသည့် အခြားသူတစ်ဦးဦးကို သင်သိပါသလား။ |
| **ကျောင်းသားများသည် အလုပ်များကို တစ်ဦးချင်းလုပ်ဆောင်ကြခြင်း**<br><br>အတန်းတစ်တန်းလုံးအတွက် စာမျက်နှာတစ်ခုဖန်တီးရန် ကျောင်းသားများအတွက် စာရွက်အချို့ကို ထုတ်ပေးပါ။ စာအုပ်သည် မည်သည့်ပုံစံမျိုးဖြစ်သည်ကို ၎င်းတို့ကိုပြပါ။ စာကြည့်တိုက်မှ ရုပ်ပုံစာအုပ် (သို့မဟုတ်) သင်ဖန်တီးထားသော စာအုပ်ကို အသုံးပြုပါ။ အုပ်စုစာအုပ်အတွက် စာမျက်နှာတစ်ခု ဖန်တီးရန် ကျောင်းသားများကို ပြောကြားပါ။ ဤစာမျက်နှာသည် ၎င်းတို့ကို တစ်မူထူးခြားစေသည့်အရာကို ပေါ်လွင်စေမည်ဖြစ်ကြောင်း ၎င်းတို့ကို သတိပေးပါ။ သရုပ်ဖော်ပုံနှင့် စာသားအချို့ ပါဝင်ရမည်ဖြစ်သည်ကိုလည်း ပြောပြပါ။<br><br>ကျောင်းသားများကို စက်ဝိုင်းတစ်ခုပုံစံထိုင်ခိုင်းပါ၊ ကျောင်းသားတစ်ဦးစီသည် ၎င်းတို့၏ စာမျက်နှာကိုဖတ်ပြပြီး အတန်းကို ၎င်းတို့၏ သရုပ်ဖော်ပုံဥပမာကို ပြသကြရမည်ဖြစ်သည်။ ထို့နောက် အတန်း၏ စာအုပ်ကို ဖန်တီးရန်အတွက် ဆရာမထံ ၎င်းတို့၏စာရွက်များကို ပေးအပ်ကြရမည်ဖြစ်သည်။<br><br>စာအုပ်ကိုပြသခြင်း –<br><br>အတန်းထဲတွင် စာအုပ်ကို ပြသပါ။ မိသားစုများနှင့် သူငယ်ချင်းများ စာအုပ်ကို လာရောက်ကြည့်ရှုနိုင်စေရန် အစီအစဉ် ပြုလုပ်ပါ။ |

ဤသင်ယူမှုလုပ်ငန်း၏ ဒုတိယအပိုင်းသည် သင်ရွေးချယ်သော ဖတ်မှတ်စရာရင်းမြစ် (သို့မဟုတ်) ဇယား (၆.၂) ရှိ လုပ်ဆောင်ချက်များကို အကဲဖြတ်သုံးသပ်ရန် လိုအပ်သည်။ အောက်ပါတို့ကို သင် လုပ်ဆောင်ရမည်ဖြစ်သည် –

- လူတစ်ဦးချင်းစီနှင့် လူအုပ်စုများကြား ခြားနားမှုများနှင့် တူညီမှုများကို သတိပြုမိစေရန် ၎င်း၏ အလားအလာအတွက် စာအုပ်/လုပ်ဆောင်ချက်ကို ပိုင်းခြားစိတ်ဖြာပါ။
- ဤသင်ယူမှုသည် သင့်ကျောင်းသားများကို စာသင်ခန်းအတွင်း ပါဝင်သော အပြုအမူများ ဖွံ့ဖြိုးတိုးတက်စေရန် မည်သို့ကူညီပေးမည်ကို ရှင်းပြပါ။
- သင့်တွေ့ရှိချက်များကို အခြားသူများအား မျှဝေပါ။

အကဲဖြတ်သုံးသပ်ရန်အတွက် လေးထောင့်ကွက် (၆.၂) ကို အသုံးပြုပါ။

**လေးထောင့်ကွက် ၆.၂။ ရင်းမြစ်တစ်ခုအား အကဲဖြတ်သုံးသပ်ခြင်း**

# ၆.၁.၂။ 'ငြိမ်းချမ်းစွာ နေထိုင်ခြင်း' အခန်းကို သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့် ညှိနှိုင်းဖြေရှင်းရန် အချင်းချင်း၏ အမြင်များကို နားထောင်ရန် အဘယ်ကြောင့် လိုအပ်ကြောင်း ဖော်ပြတတ်မည်။
- ငြိမ်းချမ်းသော နည်းလမ်းဖြင့် ပြဿနာများကို ဖြေရှင်းသူတစ်ဦး၏ ထူးခြားသော လက္ခဏာများကို နမူနာလုပ်ပြရန် အရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းတစ်ခုကို ပြင်ဆင်တတ်မည်။
- 'အပြုသဘောဆောင်သော' တုံ့ပြန်မှုများနှင့် 'အပျက်သဘောဆောင်သော' တုံ့ပြန်မှုများကို သရုပ်ပြသင်ကြားရန် လုပ်ငန်းတစ်ရပ်တွင် ရည်ရွယ်ချက်ရှိရှိ ရွေးချယ်အသုံးပြုထားသော ဘာသာစကားကို ညွှန်ပြတတ်မည်။

## အတန်းထဲတွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း

အတန်းထဲတွင် ငြိမ်းချမ်းသော ပတ်ဝန်းကျင်ကို သင်မည်သို့ ပံ့ပိုးမည်နည်း။

သင့်အတန်းထဲတွင် ငြိမ်းချမ်းသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်းသည် သင့်ကျောင်းသားများအား ရပ်ရွာ၊ ကျောင်းနှင့် မိသားစုများတွင် အတူတကွနေထိုင်နည်းကို သင်ကြားပေးရန်အတွက် အလွန်ပင် အရေးတကြီးလိုအပ်ပါသည်။[၄၇] ကျောင်းသားများ၊ မူလတန်းကျောင်းသားများပင်လျှင် ပူးပေါင်းပါဝင်ပြီး ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ၎င်းတို့၏ဘဝတွင် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းအသစ်များကို သင်ယူရန် လိုအပ်ပါသည်။ ၎င်းတို့၏ အခြေအနေကို ခွဲခြမ်းစိတ်ဖြာရန်နှင့် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းများကို အကြံပြုပေးခြင်းဖြင့် သင်၏ကျောင်းသားများကို ခွန်အားဖြစ်စေရန် အရေးကြီးပါသည်။[၄၈] ကျောင်းသားများကို ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးသည့် နည်းလမ်းများတွင် ပြဿနာဖြေရှင်းခြင်း၊ စေ့စပ်ညှိနှိုင်း ဆွေးနွေးခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်းတို့ ပါဝင်သည်။

---

၄၇ Nasser, I. (2014, December).
၄၈ Arigatou International. (2019).



**ပုံ ၆.၅။ ကျောင်းသားများသည် ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် သင်ယူနိုင်သည်။**

လက်ခံနိုင်သော အပြုအမူကို စံနမူနာပြုလုပ်ပြရန်မှာ အရေးကြီးသည်။ လူတို့သည် အုပ်စုများအတွင်း အပြန်အလှန် ဆက်ဆံသောအခါတွင် အုပ်စု၏ လူမှုရေးအရ လက်ခံထားသော အပြုအမူနှင့် ဆက်စပ်နေသော အပျက်သဘောဆောင်သော အကျိုးဆက်များနှင့် အပြုသဘောဆောင်သော အကျိုးဆက်များ နှစ်မျိုးစလုံး ရှိနိုင်သည်။ ဥပမာအားဖြင့် ချီးမွမ်းခြင်းနှင့် နှုတ်ဖြင့်အားပေးခြင်းသည် အပြုအမူများကို အပြုသဘောဆောင်သော အားဖြည့်မှုပေးနိုင်သည်။ အကယ်၍ လူတစ်ဦးသည် အုပ်စု၏ စံနှုန်းများကို မလိုက်နာပါက ထိုသူသည် လှောင်ပြောင်ခြင်း၊ ဖယ်ချန်ခြင်း၊ အရှက်ခွဲခြင်း (သို့မဟုတ်) အနိုင်ကျင့်ခြင်းတို့ကို ခံရနိုင်သည်။[၄၉] ထို့ကြောင့် ဤအုပ်စု၏ လှုပ်ရှားပြောင်းလဲမှုများအပေါ် ကျောင်းသားများ၏ သတိပြုမိမှုကို မြှင့်တင်ခြင်းဖြင့် အုပ်စုများအတွင်းနှင့် အုပ်စုများအကြား တွင် လူမှုရေးဆိုင်ရာ ပဋိပက္ခများ အဘယ်ကြောင့် ဖြစ်ပေါ်လာသည်ကို သိရှိနားလည်ရန် ကူညီပေးနိုင်ပါသည်။

ကျောင်းသားများသည် ပိုမိုသိရှိနားလည်တတ်ရန်နှင့် စာနာနားလည်တတ်ရန် သင်ယူနိုင်လျှင် တစ်ဦးချင်းနှင့် အဖွဲ့များအကြား ပဋိပက္ခများ လျော့နည်းသွားနိုင်သည်။[၅၀] ကျောင်းသားများသည် မတူကွဲပြားမှုကို လက်ခံနိုင်ဖွယ်ရာအဖြစ် ရှုမြင်ရန်အတွက် သင်ယူနိုင်ပြီး အပြန်အလှန်လေးစားခြင်းဖြင့် ပဋိပက္ခကို ဖြေရှင်းရန်၊ အပြုအမူများကို ပြုပြင်ပြောင်းလဲရန်

---

၄၉ Harris, as cited in Chatterjee Singh, N., & Duraiappah, A. K. (Eds.). (2020).

၅၀ Chatterjee Singh, N., & Duraiappah, A. K. (Eds.). (2020).

ကူညီပေးနိုင်သည်။ ငြိမ်းချမ်းစွာ နေထိုင်ခြင်းအတွက် အပြန်အလှန်လေးစားမှုသည် မရှိမဖြစ်လိုအပ်ပါသည်။

## ဆရာ့တာဝန်

ဆရာများသည် ကျောင်းသားများ၏ ဘဝတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ၎င်းတို့သည် ပညာတတ်ခြင်းဆိုသည်ထက် ပိုပါသည်။ ၎င်းတို့သည် သင်ကြားရေးနှင့် သင်ရိုးညွှန်းတမ်း ကျွမ်းကျင်သူများ၊ လမ်းညွှန်ပေးသူများ၊ ပဋိပက္ခညှိနှိုင်းပေးသူများ၊ စီမံခန့်ခွဲသူများ၊ လူမှုရေး ပြောင်းလဲမှုကိုယ်စားပြုသူများနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူများ ဖြစ်သည်။[၅၁] ခက်ခဲသော အချိန်များတွင် ဆရာများသည် ကျောင်းသားများအား ၎င်းတို့၏ ဘဝတွင် ငြိမ်းချမ်းရေးအတွက် ထောက်ခံအားပေးသူများဖြစ်ရန်၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လှုံ့ဆော်မှုများ ပြုလုပ်ရန်အတွက် တွန်းအားပေးပါသည်။

သို့သော် ဤငြိမ်းချမ်းရေးတည်ဆောက်မှုတွင် စိန်ခေါ်မှုများရှိနိုင်သည်။ လူတိုင်းတွင် ပဋိပက္ခ အတွေ့အကြုံများ ရှိသော်လည်း တွေ့ကြုံရသည့် ပဋိပက္ခ အတိုင်းအတာသည် လူတစ်ဦးချင်းအကြား သိသိသာသာ ကွဲပြားနိုင်သည်။ ပဋိပက္ခ အတွေ့အကြုံများသည် ပြင်းထန်သော ခံစားချက်များကို ဖြစ်ပေါ်စေနိုင်ပြီး ခက်ခဲပင်ပန်းခဲ့ရသည့် အမှတ်တရများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ဆရာများအနေဖြင့် ပဋိပက္ခနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတွေ့အကြုံများအကြောင်း ပြန်လည်သုံးသပ်ရန်နှင့် အဆိုပါအတွေ့အကြုံများသည် စာသင်ခန်းအတွင်းရှိ ပဋိပက္ခဖြေရှင်းနည်းများကို စီမံခန့်ခွဲရာတွင် မည်ကဲ့သို့ အဟန့်အတားဖြစ်စေနိုင်ကြောင်း (သို့မဟုတ်) အထောက်အပံ့ ဖြစ်စေနိုင်ကြောင်း ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။ ပဋိပက္ခအကြောင်း လေ့လာခြင်းသည် ကျောင်းသားများ၏ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။[၅၂]

၅၁ The United States Institute of Peace. (2017).

၅၂ Chatterjee Singh, N., & Duraiappah, A. K. (Eds.). (2020).

ဆရာတစ်ဦး လုပ်ဆောင်နိုင်သော အရေးအကြီးဆုံး လုပ်ဆောင်ချက်များထဲမှ တစ်ခုမှာ ကျောင်းသားများနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးတည်ဆောက်ရန် ဖြစ်သည်။ ကျောင်းသားများသည် ၎င်းတို့၏ ဘဝတွင် စိတ်ဒဏ်ရာများ ကြုံတွေ့ရပါက စံနမူနာထားမှုများ ကင်းမဲ့သွားနိုင်သည်။ တိကျသေချာသော စံနမူနာမရှိလျှင် ကျောင်းသားများသည် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ရန်အတွက် ကျွမ်းကျင်မှုများသင်ယူရန် အခွင့်အရေးများကို လက်လွှတ် ဆုံးရှုံးသွားနိုင်ပါသည်။[၅၃]

## အပြုသဘောဆောင်သော အပြုအမူများနှင့် အပျက်သဘောဆောင်သော အပြုအမူများ

ကျွန်ုပ်တို့၏ ပြုမူပုံနှင့် ကျွန်ုပ်တို့၏ ဘာသာစကား အသုံးအနှုန်းရွေးချယ်မှုသည် အရေးကြီးပါသည်။ အပြုအမူနှင့် စကားလုံးများသည် အပြုသဘောဆောင်ခြင်း (သို့မဟုတ်) အပျက်သဘောဆောင်ခြင်း ဖြစ်နိုင်သည်။ ကျွန်ုပ်တို့ အများစုကြုံတွေ့ခဲ့ရနိုင်သည့် အပျက်သဘောဆောင်သော အပြုအမူများကြောင့် ကျွန်ုပ်တို့အများစုအတွက် ကိုယ်ရေးကိုယ်တာ ဆက်ဆံရေးတွင် ပဋိပက္ခ အတွေ့အကြုံများသည် အနုတ်လက္ခဏာဆောင်ပါသည်။ ဥပမာအားဖြင့် ပဋိပက္ခသည် ဒေါသပေါက်ကွဲခြင်း (သို့မဟုတ်) ခြိမ်းခြောက်ခြင်းတို့ကို ဖြစ်စေနိုင်သည်။ သို့သော် ကျွန်ုပ်တို့သည် သဘောထားကွဲလွဲမှုများကို အပြုသဘောဆောင်သော နည်းလမ်းများဖြင့် သင်ကြား၊ သင်ယူနိုင်သည်။

ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည့်အတိုင်း ပထမအဆင့်တွင် ကျွန်ုပ်တို့၏ အယူအဆများ၊ တန်ဖိုးထားမှုများ၊ ယုံကြည်ချက်များ၊ ရှုထောင့်များနှင့် အတွေ့အကြုံများသည် ကွဲပြားနိုင်ကြောင်းကို အသိအမှတ်ပြုရန်ဖြစ်သည်။ ဤကွဲပြားမှုများသည် ပဋိပက္ခဖြစ်စေနိုင်သည်။ ထို့ကြောင့် အနိုင်ရခြင်းအပေါ် အာရုံစိုက်ခြင်းထက် အခြားသူများ၏ အမြင်နှင့်စိုးရိမ်မှုများကို နားလည်ရန် အရေးကြီးပါသည်။ ပဋိပက္ခများကို အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ချဉ်းကပ်ရန် သင်ယူနိုင်ပါက ဆက်ဆံရေး ပိုမိုခိုင်မာလာစေနိုင်ပါသည်။

၅၃ Jennings, as cited in Chatterjee Singh, N., & Duraiappah, A. K. (Eds.). (2020).

အပျက်သဘောဆောင်သော အပြုအမူများတွင် အောက်ပါတို့ပါဝင်သည် –

- အနိုင်ရလိုစိတ်
- ရိုင်းစိုင်းသောမှတ်ချက်များ
- ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု
- လေးစားမှုမရှိခြင်း
- အပျက်သဘောဆောင်သော စကားအသုံးအနှုန်းများ
- နားထောင်ပေးမှုမရှိခြင်း

အပြုသဘောဆောင်သော အပြုအမူများတွင် အောက်ပါတို့ပါဝင်သည် –

- သိရှိနားလည်လိုစိတ်/စာနာထောက်ထားစိတ်
- အပြန်အလှန်လေးစားမှု
- အခြားသူ၏ အတွေးအမြင်များကို ပွင့်လင်းမြင်သာအောင် ပြုလုပ်ခြင်း
- မိမိတို့၏ ထင်မြင်ချက်သည် အမြဲတမ်းမမှန်နိုင်သည်ကို အသိအမှတ်ပြုခြင်း/သိရှိခြင်း
- စိတ်ပါဝင်စားစွာ နားထောင်ခြင်း
- ကရုဏာထားခြင်း/ကြင်နာသနားတတ်ခြင်း
- တီထွင်ဖန်တီးနိုင်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ပြဿနာဖြေရှင်းခြင်း
- ပူးပေါင်းဆောင်ရွက်ခြင်း

## အကြံပြုထားသော နည်းလမ်းများ

ရုပ်သေးအရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် သင်ယူမှုလုပ်ငန်းသည် လက်တွေ့ကျသော စာသင်ခန်း မြင်ကွင်းများကို ဖန်တီးကာ စာသင်ခန်းအတွင်း ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကို ဖြေရှင်းရန်အတွက် အထူးအသုံးဝင်ပါသည်။ အရုပ်ငယ်များသည် ပြဿနာတစ်ရပ်ကို သရုပ်ဖော်ပြပြီး ပါဝင်ပတ်သက်နေသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအားပေးရန် ထိပ်တိုက်တွေ့ရမှုများကို ရှောင်ရှားနိုင်သော နည်းလမ်းတစ်ခုဖြစ်သည်။ ကျောင်းသားများသည် အရုပ်ငယ်များ၏ ရှုထောင့်များ၊ အတွေ့အကြုံများနှင့်ဆက်စပ်သည့် ဇာတ်လမ်းတစ်ပုဒ်၏ တင်ဆက်မှု ပုံစံအမျိုးမျိုးနှင့် ရှုထောင့်အမျိုးမျိုးကို မကြာခဏ မည်ကဲ့သို့ ရှိနေသည်ကို သိရှိနားလည်လာနိုင်သည်။



**ပုံ ၆.၆။ ဇာတ်ညွှန်းကို သရုပ်ဆောင်ပြသသည့် ရုပ်သေးအရုပ်ငယ်များ**

ထို့ပြင် သင်သည် ကျောင်းသားများနှင့်အတူ စာသင်ခန်းအတွင်း နည်းလမ်းများကို မှတ်သားနိုင်သည့် သင်ပုန်းတစ်ခုကို ဖန်တီးပြုလုပ်နိုင်သည်။ ဥပမာ – "အငြင်းပွားမှုများကို ကျွန်ုပ်တို့ ဖြေရှင်းသည့် နည်းလမ်းများ"။ ၎င်းတို့၏ ကိုယ်ပိုင်ပဋိပက္ခများကို ဖြေရှင်းရန် နည်းလမ်းများတွင် သင်သည် ကျောင်းသားများကို ပါဝင်စေခြင်းဖြင့် ၎င်းတို့သည် တန်ဖိုးရှိသော ဘဝတွက်တာ စွမ်းရည်များကို သင်ယူနိုင်စေသည်။[၅၄]

ပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းအကြောင်း သင်ကြားပေးရာတွင် အသုံးဝင်သော အွန်လိုင်းရင်းမြစ်များရှိပါသည်။ စာသင်ခန်းအတွင်း ပဋိပက္ခဖြေရှင်းရန် အကြံပြုထားသော နည်းလမ်းတစ်ခုတွင် အဆင့်လေးဆင့် ပါဝင်သည်[၅၅] –

[၅၄] Chatterjee Singh, N., & Duraiappah, A. K. (Eds.). (2020).

[၅၅] Good Character. (2021).

- ရပ်ဆိုင်းပါ – ခေတ္တရပ်တန့်ပြီး ဒေါသကို ထိန်းချုပ်ပါ။
- မေးမြန်းပါ – သဘောထားကွဲလွဲမှုကို မည်သည်က ဖြစ်စေသနည်း။ သင် မည်သည်ကို အလိုရှိပါသနည်း။
- နားထောင်ပါ – စိတ်ပါဝင်စားစွာ နားထောင်ခြင်းကို အားပေးပါ၊ အခြားသူများ၏ အတွေးအမြင်များနှင့် ခံစားချက်များကို နားထောင်ပါ။
- စဉ်းစားဆင်ခြင်ကြည့်ပါ – ဤအခြေအနေမှာ မည်သို့သော ဖြေရှင်းချက်များက အထောက်အကူ ဖြစ်စေမည်နည်း။ ၎င်းကို သင်မည်သို့ လုပ်ဆောင်မည်နည်း။

သဘောတူညီချက်မရရှိနိုင်ပါက အခြားသူများကို အကြံဉာဏ်များတောင်းပါ။ အခြေအနေကို သင်ကြားပေးနိုင်သော အခိုက်အတန့်အဖြစ် အသုံးပြုပါ။

အတန်းထဲတွင် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာချိန်သည် **သင်ကြားပေးနိုင်သော အခိုက်အတန့်**ပင် ဖြစ်သည်။ များသောအားဖြင့် ကျောင်းသားများကို ဘဝတွက်တာ ကျွမ်းကျင်စရာကို သင်ပေးရန် မမျှော်လင့်ထားသည့် အခွင့်အရေးတစ်ခုဖြစ်သည်။ ဥပမာအနေဖြင့် ကျောင်းသားများအကြား တင်းမာမှုများ မြင့်တက်လာသည်ကို တွေ့ရှိရပါက အခြေအနေကို ခွဲခြမ်းစိတ်ဖြာပြီး အခြေအနေ ပျံ့နှံ့မသွားမီ တစ်တန်းလုံးပါဝင်သည့် ဆွေးနွေးမှုတစ်ခု ဖန်တီးရပါမည်။ ဤသို့ပြုလုပ်ခြင်းသည် သင့်အနေဖြင့် ကျောင်းသားများ၏ အပြုအမူကို တိုက်ရိုက်မဟုတ်သောနည်းဖြင့် ကိုင်တွယ် ဖြေရှင်းခြင်းပင်ဖြစ်သည်။ သင်သည် ပဋိပက္ခကို အပြုသဘောဆောင်သော နည်းလမ်းများဖြင့် မည်ကဲ့သို့ ချဉ်းကပ်ရမည်ကို သင်ကြားပေးခြင်းဖြင့် သင့်ကျောင်းသားများကို ခွန်အားဖြစ်စေပါသည်။

**သင်ယူမှုလုပ်ငန်း။ ရင်းမြစ်ဖန်တီးရေးဆွဲခြင်း – ပဋိပက္ခများကို ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းရန်၊ ရင်ဆိုင်ဖြေရှင်းရန်နှင့် ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းပုံကို စံနမူနာပြရန် ရုပ်သေးလှုပ်ရှားမှုကို စီစဉ်ခြင်း**

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ပဋိပက္ခ၊ ငြိမ်းချမ်းသော ဆွေးနွေးညှိနှိုင်းမှုနှင့် အပျက်သဘောနှင့် အပြုသဘောဆောင်သော အပြုအမူများကြား ခြားနားချက်များ အကြောင်း သင်ကြားရာတွင် အထောက်အကူဖြစ်စေမည့် အရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းတစ်ခုဖြစ်သည့် သင်ကြားရေးအရင်းအမြစ်တစ်ခု ဖန်တီးရန်ဖြစ်သည်။

ဤသင်ယူမှုလုပ်ငန်းအတွက် အဆင့်သုံးဆင့်ရှိသည်။ ပထမအဆင့်မှာ အရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းတစ်ခုကို ပြင်ဆင်ရန်အတွက် ကျိုးကြောင်းဆီလျော်မှု တစ်ခု ရေးသားပြုစုရန်ဖြစ်သည်။ ယင်းတွင် တစ်ဦးနှင့်တစ်ဦး အမြင်များကို နားထောင်ရန်နှင့် ပြဿနာများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန် အဘယ်ကြောင့် လိုအပ်ကြောင်း ဆွေးနွေးရန် တွေး–တွဲ–မျှဝေသည့် လုပ်ငန်းတစ်ခု ပါဝင်မည်ဖြစ်သည်။

အောက်ပါတို့နှင့်စပ်လျဉ်း၍ ဖော်ထုတ်နိုင်ရန် ဇယား (၆.၃) နှင့် သင်ခန်းစာ (၁.၁.၁) ကို သင်ကြည့်ရှုလေ့လာရန် လိုအပ်မည်ဖြစ်ပါသည် –

- သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအတွက် သင်ယူမှု ရလဒ်များနှင့်
- မြန်မာနိုင်ငံရှိ အခြေခံပညာရေး လမ်းညွှန်မှုဆိုင်ရာ အခြေခံမူများ။

ဆွေးနွေးပြီးနောက် သင်၏ အရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းအစီအစဉ်၏ နိဒါန်းနှင့် နိဂုံးဖြစ်လာမည့် စာပိုဒ်နှစ်ပိုဒ်ကို ရေးရပါမည်။ သင်ခန်းစာအချိန်တွင် မပြီးစီးပါက နိဂုံးအပိုဒ်ကို အိမ်စာလုပ်ငန်းအချိန်တွင် ရေးရပါမည်။ ဇယား (၆.၄) ကို သုံးရပါမည်။ ထို့နောက် ပိုစတာစာရွက်ကို သင်၏ သင်ကြားရေးရင်းမြစ်ဖိုင်တွဲတွင် ထည့်သွင်းရပါမည်။

ဒုတိယအဆင့်တွင် သင်သည် ပြဿနာများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းပေးသူ၏ အရုပ်ငယ်ပုံသဏ္ဌာန်ကို စံနမူနာပြုရန် သင့်တွဲဖက်နှင့် လက်တွဲလုပ်ဆောင်ရလိမ့်မည်။ အရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းသည် သူငယ်တန်း၊ ပထမတန်း နှင့်/သို့မဟုတ် ဒုတိယတန်း ကျောင်းသားများအတွက် ဆီလျော်မှုရှိရပါမည်။ သင်၏ လုပ်ဆောင်ချက်ကို အဆင့်သုံးဆင့်လုံးအတွက် စီစဉ်နိုင်သည်။ သင်သည် အဆင့်တစ်ခုကို ရွေးချယ်စီစဉ်ပြီးနောက် အခြားအဆင့် နှစ်ခုအတွက် သင်ယူမှုများကို ကွဲပြားစေရန် ရှင်းပြရမည်ဖြစ်သည်။ (ဇယား ၆.၄ ၏ အောက်ဆုံးတန်းကို ကြည့်ပါ)။

အရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းအတွက် ဇာတ်ညွှန်း (ဇာတ်လမ်း) ရေးရန် လိုအပ်သည်။ ပဋိပက္ခကို ဖြေရှင်းရန် ကြိုးစားခြင်း၏ အပျက်သဘောဆောင်သော နည်းလမ်းဥပမာတစ်ခုဖြင့် ဇာတ်ညွှန်းကို သင်စတင်ကောင်း စတင်လိုပေမည်။

ထို့နောက် ရုပ်သေးပွဲကို ခေတ္တရပ်နားပြီး အရုပ်ငယ်များတွင် တွေ့ကြုံခံစားရနိုင်သည့် (သို့မဟုတ်) စိတ်ခံစားချက်များအကြောင်း ဆွေးနွေးရန် ကျောင်းသားများကို တိုက်တွန်းအားပေးနိုင်သည်။ ဤသင်ယူမှုလုပ်ငန်းတွင် သင်သည် ဤအချက်၌ ဆွေးနွေးမှုကို မြှင့်တင်ရန် မေးခွန်း (၅) ခု ကို မေးမြန်းရမည်ဖြစ်သည်။

ထို့နောက် ပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် အပြုသဘောဆောင်သော နည်းလမ်းတစ်ခုကို နမူနာယူရန် အရုပ်ငယ်များ၏ ရုပ်သေးပွဲကို ပြန်လည်စတင်ပါ။ အကယ်၍ သင်သည် ဒုတိယတန်း ကျောင်းသားများအတွက် အရုပ်ငယ်များ အသုံးပြု၍ လုပ်ဆောင်သည့် လုပ်ငန်းကို စီစဉ်နေပါက၊ ပဋိပက္ခကို ပိုမိုငြိမ်းချမ်းသော ဖြေရှင်းမှုပုံစံအတွက် ဇာတ်ညွှန်းကို ပြန်လည်ရေးသားရန် ၎င်းတို့အတွက် အခွင့်အရေးတစ်ခု ဖန်တီးနိုင်မည်ဖြစ်သည်။

သင်သည် သင်ခန်းစာ (၆.၁.၃) တွင် အရုပ်ငယ်ရုပ်သေးပြပွဲကို ဖျော်ဖြေမည်ဖြစ်သည်။ အရုပ်ငယ်များကို ရုပ်သေးရုပ်အဖြစ် သုံးနိုင်သည် (သို့မဟုတ်) ခြေအိတ်တစ်စုံကို အသုံးပြု၍ ရုပ်သေးရုပ်ငယ်များကို ဖန်တီးနိုင်သည်။



**ပုံ ၆.၇။ ခြေအိတ်ဖြင့် ပြုလုပ်ထားသော ရုပ်သေး/အရုပ်ငယ်**[၅၆]

၅၆ စာရေးသူ၏ မူပိုင်ရုပ်ပုံကို ခွင့်ပြုချက်ဖြင့် အသုံးပြုသည်။

တတိယအဆင့်တွင် နိဂုံးမချုပ်မီ၌ စာပိုဒ်တစ်ခုရေးရန်ဖြစ်သည်။ ဤစာပိုဒ်သည် ရုပ်သေးလှုပ်ရှားမှုတွင် အပြုသဘောဆောင်သည့်အမူအကျင့်များနှင့် အပျက်သဘောဆောင်သောအမူအကျင့်များကို သရုပ်ဖော်ပြသရန်အတွက် စကားလုံးအသုံးအနှုန်းများကို ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ထားကြောင်း ထောက်ပြပါမည်။ ဤစာပိုဒ်နှင့် နိဂုံးအပိုဒ်ကို အိမ်စာလုပ်ငန်းအချိန်တွင် အပြီးသတ်နိုင်သည်။ အကြောင်းအရာ တစ်ခုစီအတွက် စာပိုဒ်တစ်ပိုဒ်စီရေးရန် သင်ဆုံးဖြတ်နိုင်သည်။

သင်ခန်းစာ (၆.၁.၃) အပြီးတွင် တင်ပြရန် သင်၏ သင်ယူမှုလုပ်ငန်းလုပ်ဆောင်ချက်ကို မိတ္တူကူးပါ။

အကြံပြုချက် – နောက်သင်ခန်းစာမတိုင်မီ သင်၏ ရုပ်သေးပွဲကို အစမ်းလေ့ကျင့်ရန် လိုပါမည်။

**ဇယား ၆.၃။ သူငယ်တန်း သင်ရိုးညွှန်းတမ်း၏ သင်ယူမှုနယ်ပယ်အလိုက် မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**[၅၇]

**စာရိတ္တ၊ မိတ္တ နှင့် စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု**

*မျှော်မှန်းရလဒ် (၁)။ ကလေးများသည် မိမိကိုယ်မိမိ သင်ယူလေ့လာနိုင်စွမ်းရှိသူအဖြစ် ယုံကြည်မှုရှိကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် မိမိကိုယ်မိမိ သိရှိပြီး မိမိနှင့် အခြားသူများအကြား တူညီမှု၊ ကွဲပြားခြားနားမှုများကို ပြောပြနိုင်သည်။ |
| ခ | ကလေးများသည် လုပ်ငန်းများကို အချိန်ပိုကြာစွာ အာရုံစိုက်ပြီး လုပ်ကိုင်နိုင်သည်။ |
| ဂ | ကလေးများသည် ပတ်ဝန်းကျင်ကို လွတ်လပ်စွာ စူးစမ်းလေ့လာသည်။ |

*မျှော်မှန်းရလဒ် (၂)။ ကလေးများသည် မိသားစုများ၊ အိမ်နီးချင်းများ၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် အားကောင်းသော ဆက်ဆံရေးကို တည်ဆောက်ထားကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် မိမိဘဝတွင် မိသားစုနှင့် မိတ်ဆွေသူငယ်ချင်းများ၏ အရေးပါမှုကို ဖော်ပြနိုင်သည်။ |
| ခ | ကလေးများသည် လူကြီးများနှင့်လည်းကောင်း၊ သက်တူရွယ်တူများနှင့်လည်းကောင်း၊ ပြေပြစ်စွာ ပြောဆိုဆက်သွယ်နိုင်သည်။ (မိမိနှင့် အခြားသူများအားလုံး၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို လေးစားအသိအမှတ်ပြုသည်။) |
| ဂ | ကလေးများသည် အခြားသူများနှင့်အတူတူ အလုပ်လုပ်ရာတွင် အခြေခံအားဖြင့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်။ |
| ဃ | ကလေးများသည် အခြားသူများနှင့်အတူတူ လုပ်ကိုင်ဆောင်ရွက်ရသည်ကို နှစ်သက်ကြောင်းပြ၍ အခြားသူများကို ဂရုစိုက်ကြောင်းပြသည်။ |

[၅၇] Department of Basic Education. (n.d.). *KG Syllabus.*

*မျှော်မှန်းရလဒ် (၃)။ ကလေးများသည် မြန်မာလူမျိုးတို့၏ တူညီသော တန်ဖိုးထားမှုများနှင့် တာဝန်ဝတ္တရားများကို သိရှိနားလည်ကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် မိမိ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို လေးစားတန်ဖိုးထားကြောင်းနှင့် အခြားသူများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကိုလည်း လေးစားကြောင်းပြသသည်။ |
| ခ | ကလေးများသည် မိမိနေထိုင်ရာ လူမှုပတ်ဝန်းကျင်တွင် ကောင်းသောအမူအကျင့်များကို ပြသနိုင်သည်။ |
| ဂ | ကလေးများသည် မိဘများ၊ ဆရာများနှင့် အခြားလူများအပေါ် လေးစားမှုများနှင့် တာဝန်ရှိမှုများကို ပြသသည်။ |
| ဃ | ကလေးများသည် မိမိ၏ ခံစားချက်များကို မိမိကိုယ်ကိုနှင့် အခြားသူများကို မထိခိုက်စေဘဲ ထိန်းချုပ်ပြသနိုင်သည်။ |
| င | ကလေးများသည် အခြားလူ၏ အပြုအမူသည် မိမိအပေါ် မလေးမစားဖြစ်နေပါက လေးလေးစားစား ပြောဆိုပြုမူရန် ရပ်တည်ချက်ခိုင်မာစွာ ဖော်ထုတ်တောင်းဆိုနိုင်သည်။ |
| စ | ကလေးများသည် အနီးကပ်နေသော လူကြီးများ၏ အားပေးမှုဖြင့် လုပ်ငန်းများကို မိမိကိုယ်တိုင် အစပျိုး ပြုလုပ်တတ်လာသည်။ |
| ဆ | ကလေးများသည် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးကြောင်း ပြသသည်။ |

*မျှော်မှန်းရလဒ် (၄)။ ကလေးများသည်  ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတစ်ဦး၏ သီးသန့်လက္ခဏာများကို သိရှိပြီး တိုင်းရင်းသား လူမျိုးစုအသီးသီး၏ တူညီမှုများနှင့် မတူကွဲပြားခြားနားမှုများကိုလည်း နားလည်ကာ လေးစားတန်ဖိုးထားကြောင်း ပြသည်။*

| | |
|---|---|
| က | ကလေးများသည် မိမိ မိသားစု၏ တန်ဖိုးထားမှုများနှင့် မိသားစုကိုယ်ပိုင်လက္ခဏာများကို သိပြီး အခြားသော မိသားစုများ၏ မတူသော သီးသန့်လက္ခဏာများကိုလည်း ပြောပြတတ်သည်။ |
| ခ | ကလေးများသည် မြန်မာနိုင်ငံ၏ အမှတ်သင်္ကေတများကိုသိပြီး ယင်းသင်္ကေတများ၏ ကိုယ်စားပြုမှုများကိုလည်း ပြောပြတတ်လာသည်။ (အလံ/မြန်မာပြည်မြေပုံ/နိုင်ငံတော်သီချင်း) |
| ဂ | ကလေးများသည် မိသားစုအတွင်း အစဉ်အလာအရ ကျင်းပဆောင်ရွက်သည့် မိသားစုပွဲများအကြောင်း ဂုဏ်ယူပြီး အခြားသူများအား ပြောပြတတ်သည်။ |
| ဃ | ကလေးများသည် အခြားလူမျိုးစုများ၏ အစဉ်အလာအရ ကျင်းပသောပွဲတော်များတွင် တက်ကြွစွာ ပါဝင်ပြီး သက်ဆိုင်ရာလူမျိုးစု၏ ယဉ်ကျေးမှုကို လေးစားကြောင်း ပြသသည်။ |
| င | ကလေးများသည် လူကြီးများ၏ ကူညီအားပေးမှုဖြင့် မိမိ၏ ယဉ်ကျေးမှုဓလေ့များနှင့် အခြားလူများ၏ ယဉ်ကျေးမှုဓလေ့များကို လေးစားတန်ဖိုးထားမှုရှိကြောင်း ပြသသည်။ |

## ဇယား ၆.၄။ ရုပ်သေးလှုပ်ရှားမှု သူငယ်တန်း – ဒုတိယတန်း

| | |
|---|---|
| နိဒါန်း<br><br>(ကျိုးကြောင်းဆီလျော်မှု) –<br><br>တစ်ဦးနှင့်တစ်ဦး အမြင်များကို မည်ကဲ့သို့ နားထောင်ရမည်ကို လေ့လာသင်ယူရန် အဘယ်ကြောင့် လိုအပ်သနည်း။ | |
| သင်ယူမှု ရည်မှန်းချက်များနှင့် အတန်းအဆင့် | |
| သင်ကြားပြသခြင်း –<br><br>ရုပ်သေးလှုပ်ရှားမှု ဇာတ်ညွှန်း | |
| တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း –<br><br>ရုပ်သေးအရုပ်ငယ်များ မည်သို့ခံစားရနိုင်သည်နှင့် ပတ်သက်၍ ဆွေးနွေးမှုကို လှုံ့ဆော်ရန် မေးခွန်း ငါးခု မေးမြန်းပါ။ | |

| | |
|---|---|
| **သင်ကြားပြသခြင်း –**<br><br>ရုပ်သေးလှုပ်ရှားမှု ဇာတ်ညွှန်း၏ ဒုတိယအပိုင်း | |
| **ဘာသာစကားအသုံးအနှုန်း ရွေးချယ်မှုများ –**<br><br>အပြုသဘောနှင့် အပျက်သဘော ဆောင်သော အပြုအမူကို ပြသရန် ဇာတ်ညွှန်းတွင် ရည်ရွယ်ချက်ရှိရှိ ဘာသာစကားအသုံးအနှုန်း ရွေးချယ်ထားမှုများကို ထောက်ပြပါ (သို့မဟုတ်) မီးမောင်းထိုးပြပါ။ | |
| **နိဂုံး –**<br><br>နိဒါန်းနှင့်ချိတ်ဆက်ရန် | |
| **လိုအပ်ချက်အလိုက် ပြောင်းလဲသင်ကြားခြင်း –**<br><br>သူငယ်တန်းမှ ဒုတိယတန်းအထိ သင်ယူမှုကို သင်မည်ကဲ့သို့ ကွဲပြားစေမည်ကို ရှင်းပြပါ။ | |

# ၆.၁.၃။ မူလတန်းအောက်ဆင့်တွင် 'ငြိမ်းချမ်းစွာ နေထိုင်ခြင်း' ကို သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- ကျောင်းသားအားလုံး၏ အတွေးအခေါ်များကို တန်ဖိုးထားသည့် စာသင်ခန်းအတွင်း 'အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်' ကို မည်သို့ဖန်တီးရကြောင်း ရှင်းပြတတ်မည်။
- ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်း၊ ပူဆွေးသောကရောက်ခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း ကဲ့သို့သော စိတ်လှုပ်ရှားမှုများအကြောင်း ဆွေးနွေးမှုကို အဆင့်ဆင့် ပံ့ပိုးကူညီသည့် လုပ်ငန်းတစ်ရပ်ကို ပြင်ဆင်တတ်မည်။
- စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ထိန်းကျောင်းသည့် နည်းလမ်းများကို ကျောင်းသားများ သင်ယူရာတွင် အထောက်အကူဖြစ်စေရန် စိတ်လှုပ်ရှားမှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ပတ်သက်သော ထပ်ဆောင်း လုပ်ငန်းတစ်ရပ်အား မည်သို့ လုပ်ဆောင်ရကြောင်းကို ရှင်းပြတတ်မည်။

## အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို ဖန်တီးခြင်း

အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ဆိုသည်မှာ အဖွဲ့ရှိလူတစ်ဦးစီသည် ချိတ်ဆက်ပြီး ပါဝင်သည်ဟု ခံစားကြရသည်။ ၎င်းတို့သည် အဖွဲ့အတွက် အရေးကြီးသော ပံ့ပိုးကူညီသူဖြစ်ကြောင်း ယုံကြည်ကြသည်။

**အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို တည်ဆောက်ခြင်း**

ကျွန်ုပ်တို့သည် သံယောဇဉ်ကြိုးများဖြင့် နှောင်ဖွဲ့ထားကြသည်။
ယင်းသည် ကျွန်ုပ်တို့၏ ဘဝအတွက် ရည်ရွယ်ချက်နှင့်
အဓိပ္ပာယ်ကို ပေးသည်။

ချစ်ခြင်းမေတ္တာ၊ ပိုင်ဆိုင်မှုနှင့် ဆက်နွှယ်မှု ကင်းမဲ့ခြင်းသည်
အမြဲတမ်း ဒုက္ခဆီသို့ ဦးတည်စေသည်။

ဘရင်းဘရောင်း (Brené Brown)



**ပုံ ၆.၈။ အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို တည်ဆောက်ခြင်း**

ပုံ (၆.၈) တွင် ပါဝင်သော အရွက်များကဲ့သို့ လက်များစွာရှိသော သစ်ပင်၏ပုံတွင် လူတစ်ဦးချင်းစီသည် ပင်ကိုလက္ခဏာရှိသော လူတစ်ဦးချင်းစီဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည် ကြီးထွားလာနေသော အသိုင်းအဝိုင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းကို သရုပ်ဖော်ပြသသည်။ သင့်စာသင်ခန်းထဲတွင် ဤကဲ့သို့သော သစ်ပင်ကို ဖန်တီးခြင်းသည် သင့်ကျောင်းသားများအားလုံး အဖွဲ့ဝင်ဖြစ်ကြောင်း အသိအမှတ်ပြုရာ၌ ကူညီပေးပါလိမ့်မည်။

ကျောင်းသားများကို ၎င်းတို့၏ လက်ပုံများပေါ်တွင် ၎င်းတို့၏ ခြတ်ပုံများ ဖြည့်ထည့်ရန် တိုက်တွန်းနိုင်သည်။ ၎င်းတို့သည် ၎င်းတို့မိဘများ၏ လက်ပုံများကိုလည်း ကောက်ကြောင်း လိုက်ကူးယူပြီး သစ်ပင်ပေါ်တွင် ဖြည့်ရခြင်းကို သဘောကျပေလိမ့်မည်။

ပုံ (၆.၈) တွင် ရေးသားဖော်ပြမှုသည် ကိုးကားချက်တစ်ခုမှဖြစ်သည်။ ကိုးကားဖော်ပြ ထားသည်မှာ – “ချစ်ခြင်းမေတ္တာနှင့် အတူတကွရှိမှု (ချိတ်ဆက်မှု၏ အသုံးအနှုန်းနှစ်ခု) တို့ဖြင့် ဖွဲ့စည်းထားသည့် ဆက်နွယ်မှုသည် လူ့ဘောင်လောကတွင် ကျွန်ုပ်တို့၏ ဖြစ်တည်မှုကို ပြသည်၊ ယင်းသည် ကျွန်ုပ်တို့အတွက် ဘဝ၏ ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်ကို ပေးစွမ်းသည်” ဟူ၍ ဖြစ်သည်။[၅၈]

ဤကိုးကားချက်က မည်သည်ကို ဆိုလိုသနည်း။ လူသားများအနေနှင့် ကျွန်ုပ်တို့၏ အခြေခံ အကျဆုံးနှင့် အရေးအကြီးဆုံး လိုအပ်ချက်တစ်ခုမှာ ချစ်ခြင်းမေတ္တာကို ခံစားတတ်ရန် ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့မည်သူမည်ဝါဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏ ခံစားချက်အတွက် အရေးကြီးသည့် ကျွန်ုပ်တို့၏ နှလုံးသားနှင့်ဆက်နွယ်မှုကို ခံစားရစေရန် ကူညီပေးသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် ငြိမ်းချမ်းမှုနှင့်ပျော်ရွှင်မှုကို ခံစားမိသည့် နည်းတူ အန္တရာယ်ကိုလည်း ခံစားမိပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပင်ကိုစိတ်ဆန္ဒကို လိုက်နာနိုင်ပြီး အားလုံး၏ အကျိုးအတွက် ဆုံးဖြတ်ချက်များ ချနိုင်ခြင်းသည် ကျွန်ုပ်တို့၏ နှလုံးသားထဲတွင်ပင် တည်ရှိနေပါသည်။ ကျွန်ုပ်တို့၏ နှလုံးသားများနှင့် ဆက်နွယ်မှုမရှိလျှင် ကျွန်ုပ်တို့သည် ဝမ်းနည်းမှုနှင့် အထီးကျန်မှုတို့ကို ခံစားကြရသည်။ ကျွန်ုပ်တို့သည် ဆက်နွယ်မှုလည်းရှိပြီး သက်ဆိုင်သည်ဟုလည်း ခံစားမိရန် လူသားတစ်ဦးအနေဖြင့် လိုအပ်ပါသည်။


## စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို ဖန်တီးခြင်း

ကျောင်းသားများသည် ပညာရပ်ဆိုင်ရာ စွန့်စားမှုများကို ရယူပိုင်ဆိုင်လိုသည့် ခံစားချက်ရှိရန် လိုအပ်ပါသည်။[၅၉] ထို့ကြောင့် ယင်းကို စာသင်နှစ်အစမှစ၍ ဦးစားပေး၍လုပ်သင့်သည်။ အလေ့အကျင့် အသိုက်အဝန်းတစ်ခုကို ဖန်တီးရန် (အခန်းငယ် ၂.၁ တွင်) ယခင်က ကျွန်ုပ်တို့

၅၈ Brown, B. (2015, p. 68).

၅၉ Dunlea, M. (2019, September 4).

ဆွေးနွေးခဲ့ပြီးဖြစ်သည်။ သင်နှင့် သင့်ကျောင်းသားများသည် စာသင်ခန်းအတွင်း စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ဆောင်သည့် နည်းလမ်းများကို သဘောတူညီထားသည့် အလေ့အကျင့် အသိုက်အဝန်းတစ်ခုကို အတူတကွ ဖန်တီးပါက သင့်ကျောင်းသားများသည် အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို ပိုမို ရရှိခံစားရပါလိမ့်မည်။



ပုံ ၆.၉။ အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်က မိသားစုကြီးတစ်ခုသဖွယ် ဖြစ်လာစေသည်။

အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်သည် လိုက်လျောညီထွေဖြစ်ခြင်းထက် ပိုမိုသာလွန်ပါသည်။ ဆိုလိုသည်မှာ ကျောင်းသားတစ်ဦးစီသည် ထူးခြားမှုရှိနေသော်လည်း ၎င်းတို့ကို တန်ဖိုးထားခြင်းခံရသည်၊ ကြိုဆိုလက်ခံကြသည်၊ စာသင်ခန်းနှင့်ကျောင်းတွင် သက်သောင့်သက်သာရှိသည်ဟု ခံစားမိကြရန် လိုအပ်သည်ဟု ဆိုလိုသည်။ တစ်နည်းဆိုရသော် ၎င်းတို့သည် စာသင်ခန်းမိသားစု၏ တစ်စိတ်တစ်ပိုင်းတစ်ခုဟု ခံစားမိကြသည်။

သင့်အား စာသင်ခန်းထဲတွင် ပါဝင်နေသည့်ခံစားချက်ကို ဖန်တီးရန် ကူညီပေးနိုင်သည့် နောက်ထပ် အကြံပြုထားသော အဆင့် (၆) ဆင့် ရှိပါသည်။[၆၀] ဤအဆင့်များကို အောက်ပါအတိုင်း လိုက်လျောညီထွေ ဖြစ်စေရန် လုပ်ဆောင်ထားပါသည်။

၆၀ Dunlea, M. (2019, September 4).

## ကျောင်းသားတိုင်းကို ညီမျှစွာ အာရုံစိုက်ပါ

ကျောင်းသားအားလုံးသည် ကွဲပြားကြပြီး အချို့သော ကျောင်းသားများသည် သင်ယူရာတွင် အခြားသူများထက် အတားအဆီးများ ပိုမိုရှိနေနိုင်သည်။ ဆရာတစ်ဦးအနေဖြင့် ကျောင်းသားအားလုံး စာသင်ခန်းအတွင်း ၎င်းတို့ရှိနေခြင်းကို တန်ဖိုးထားကြောင်း သေချာစေရန်မှာ သင်၏ တာဝန်ပင် ဖြစ်သည်။ အထူးသဖြင့် သင်၏ ကျောင်းသားကို စိတ်ဝင်စားတက်ကြွသော ဆွေးနွေးမှုတွင် ပါဝင်စေလိုသည့်အခါ အချင်းချင်း၏ စိတ်ကူးများကို စမ်းသပ်လိုသည့် အခါတွင်ဖြစ်သည်။

ထို့ပြင် သင်အာရုံစိုက်မှုပေးနေသည့် ကျောင်းသားများကို မှတ်သားထားသင့်သည်။ တစ်ခါတစ်ရံ စာသင်ကြားနေချိန်တွင် တိတ်ဆိတ်နေသော ကျောင်းသားများကို လျစ်လျူရှု ထားမိနိုင်သည်။ သို့ရာတွင် ၎င်းတို့ကိုလည်း အသိအမှတ်ပြုရန် လိုအပ်ပေသည်။ အလုပ်ပြီးမြောက်မှုထက် ကြိုးစားအားထုတ်မှုကို ပိုမိုချီးကျူးပါ။ လူတိုင်း၏ ကြိုးစားအားထုတ်မှုကို တန်ဖိုးထားကြောင်း ကျောင်းသားများ သိရှိစေရန် ကူညီပေးပါ။

## လူတိုင်းအကျုံးဝင်စေသည့် အပြုအမူများကို အားပေးပါ

သင့်ကျောင်းသားများအကြား ဆက်ဆံရေးပြေလည်မှုကို အချိန်ပေး၍ ပြန်လည်သုံးသပ်ပါ။ အကယ်၍ တစ်စုံတစ်ဦးသည် ဖယ်ကြဉ်ခြင်းခံရပါက ထိုကျောင်းသားကို ပါဝင်စေရန်အတွက် စာသင်ခန်းအတွင်း ပြုမူလုပ်ဆောင်နေသည့်ပုံစံကို ပြောင်းလဲပါ။ စာသင်ခန်းကျင့်ဝတ်ကို ပြန်လည်ကြည့်ရှု စစ်ဆေးသုံးသပ်ရန် (သို့မဟုတ်) အခန်းထဲရှိ စားပွဲခုံများကို ရွှေ့ရန် လိုအပ်ကောင်းလိုအပ်မည်။ အခြားအကြံပြုချက်တစ်ခုမှာ ကျောင်းသားများသည် မိမိတို့၏ တွဲဖက်များကို မည်ကဲ့သို့ရွေးချယ်သည်ကို ဆွေးနွေးကြရန်ဖြစ်သည်။ သင်က ဤကဲ့သို့ပြောနိုင်သည် – “တစ်စုံတစ်ဦးသည် သင့်ကိုရွေးချယ်သောအခါတွင် ၎င်းတို့သည် သင့်အား လက်ဆောင်တစ်ခု ပေးခြင်းပင်ဖြစ်သည်။ ထိုလက်ဆောင်မှာ အတန်းထဲရှိသူအားလုံးထဲကမှ သင့်ကို ကျွန်ုပ်ရွေးချယ်ခြင်း ဖြစ်သည်” ဟုပြောခြင်းဖြစ်ပါသည်။[၆၁]

၆၁ Dunlea, M. (2019, September 4). https://www.edutopia.org/article/every-student-matters-cultivating-belonging-classroom

## ကျောင်းသား၏ ကိုယ်ပိုင်လက္ခဏာ တည်ဆောက်ပါ

ကျောင်းသားများကို ၎င်းတို့အကြောင်းပြောရန် အားပေးပါ။ ဥပမာအားဖြင့် အချို့သော ကျောင်းသားများသည် ကျန်းမာရေးအခြေအနေတစ်ခု ရှိနိုင်သည်။ ၎င်းတို့၏ အတွေ့အကြုံများကို ဝေမျှမည်ဆိုပါက ထိုအခြေအနေအကြောင်း လေ့လာသိရှိနိုင်ပြီး သနားကြင်နာစိတ်ထားတတ်ရန် အလားအလာများရရှိပါသည်။ အခြားသူများတွင် ကျောင်းသားအများစုနှင့် မတူသည့် အနှစ်သက်ဆုံး ဝါသနာတစ်ခု ရှိပေမည်။ ဤအဖြစ်အပျက်ဇာတ်လမ်းများကို မျှဝေခြင်းသည် ကျောင်းသားများ၏ စိတ်ကို ဖွင့်စေနိုင်ပြီး ခြားနားမှုကို နားလည်သဘောပေါက်၍ တန်ဖိုးထားတတ်ရန် အခွင့်အရေးပေးနိုင်ပေသည်။

ကျောင်းသားတစ်ဦးလျှင် စာမျက်နှာတစ်မျက်နှာပါရှိသည့် အထောက်အထားဖိုင်ကို ဖန်တီးပါ။ မိမိတို့၏ ရည်မှန်းချက်များနှင့် အောင်မြင်မှုများ၊ စိတ်ဝင်စားမှုများ၊ ဝါသနာ၊ ကျန်းမာရေးဆိုင်ရာ ကိစ္စများနှင့် အခြားအရာများ စသည်တို့ကို မှတ်တမ်းတင်ပါ။

## စားပွဲတစ်လုံးကို အမြဲအလွတ်ထားပါ

စားပွဲခုံတစ်လုံးကို အမြဲအလွတ်ထားခြင်းဖြင့် ကျောင်းသားအသစ်တစ်ဦးဦး အတန်းထဲသို့ ဝင်လာပါက စာသင်ခန်းထဲတွင် နေရာတစ်ခုကို ချက်ချင်းရရှိသည်။ ဤသို့ဖြင့် ကျောင်းသားများ၏ မူလရှိနေသော အနေအထားအား အနှောင့်အယှက်ဖြစ်စေသည်ဟု ခံစားရမှုကို ရှောင်ရှားနိုင်သည်။ ထိုစားပွဲခုံတွင် နေရာချထားပေးပြီးသည်နှင့် သင်သည် နောက်ထပ် စားပွဲအလွတ်တစ်လုံးကို မဖန်တီးမီ ရက်အနည်းငယ် ခြားထားလိုက်ပါ။

## လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာချမ်းသာခြင်းအကြောင်းကို မကြာခဏ ဆွေးနွေးပါ

ရုပ်သေးအရုပ်ငယ်ဖျော်ဖြေပွဲနှင့် ဖတ်မှတ်စရာရင်းမြစ်များကို အသုံးပြုခြင်းကဲ့သို့သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ လူမှုရေးနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု အကြောင်း ဆွေးနွေးခြင်းများကို ဖန်တီးရာတွင် ပံ့ပိုးပေးပါသည်။ ယုံကြည်ချက်နှင့် တန်ဖိုးထားမှုများကို မကြာခဏ ဆွေးနွေးကြပြီး ယုံကြည်ချက်များသည် အမူအကျင့်အပေါ် မည်ကဲ့သို့ လွှမ်းမိုးမှုရှိသည်ကို မကြာခဏဆွေးနွေးပါ။ စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်ခြင်းများကို သိရှိနားလည်ရန်နှင့် စီမံခန့်ခွဲရန် ကျောင်းသားများကို ကူညီပါ။

## အောင်မြင်မှုကို အသိအမှတ်ပြုပါ


ကျောင်းသားများအား အမူအကျင့်ကို ပြုပြင်ထားသည့် သာဓကများကို အလေးပေး ဖော်ပြပါ။ ဥပမာအားဖြင့် ကျောင်းသားတစ်ဦးသည် တစ်စုံတစ်ခုအတွက် စိတ်အနှောင့်အယှက် ဖြစ်နေသည်ကို သင် သတိပြုမိပေမည်။ ထို့နောက် ထိုကျောင်းသားသည် ခေတ္တရပ်ကာ ပြန်လည်သုံးသပ်နေသည်ကို သတိပြုမိသည်။ စာသင်ခန်းကျင့်ဝတ်နှင့်အညီ မပြုမူမိကြောင်း ကျောင်းသားများ သတိပြုသိရှိသွားသည်။ ဤကျောင်းသားများကို ချီးကျူးရပါမည်။ ကျောင်းသားတစ်ဦးချင်းစီအပေါ်ကို တိုက်ရိုက်အာရုံစိုက်ချင်းထက် ၎င်းတို့၏ အပြုအမူ အကြောင်းကိုသာ အာရုံစိုက် ပြောဆိုရပါမည်။ ခေတ္တရပ်ပြီး ပြန်လည်သုံးသပ်စေခြင်းဖြင့် မိမိ၏အမူအကျင့်ကို ပြုပြင်ပြောင်းလဲနိုင်ပုံကို ထောက်ပြပါ။ မိမိကိုယ်ကို ထိန်းညှိပေးသည့် အပြုအမူများသည် သတ္တိနှင့် ချုပ်တည်းမှုကို မည်ကဲ့သို့လိုအပ်ကြောင်း ရှင်းပြပါ။

## စိတ်လှုပ်ရှားမှုများကို သတိပြုမိသိရှိပြီး ထိန်းကျောင်းပေးပါ

ကျောင်းသားများသည် မတူညီသော စိတ်လှုပ်ရှားမှုများစွာကို တွေ့ကြုံခံစားကြရသည်။ လေးထောင့်ကွက် (၆.၃) သည် ကျောင်းသားများ၏ သင်ယူမှုကို ထိခိုက်စေနိုင်သော စိတ်လှုပ်ရှားမှု လေးခုကို ကိုယ်စားပြုသည်။[၆၂] ဤအချက်များကိုဖတ်ပြီး ဤအုပ်စုလေးခုနှင့် သက်ဆိုင်သည့် အခြားစိတ်လှုပ်ရှားမှုများကို ချရေးပါ။ ဥပမာအားဖြင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ခေါင်းစဉ်နှင့် ပတ်သက်သည့် ဇာတ်လမ်းတစ်ခုအတွက် ကြောက်ရွံ့မှုနှင့် ဝမ်းနည်းမှု အကြောင်းအရာများ၊ အမိုက် (သို့မဟုတ်) ဖြုန်းတီးမှုနှင့်ပတ်သက်သည့် ခေါင်းစဉ်တစ်ခု အတွက် ရွံရှာမှုအကြောင်းအရာများ၊ အနာဂတ်နှင့်ပတ်သက်သည့် ခေါင်းစဉ်တစ်ခုအတွက် စိုးရိမ်စိတ် (သို့မဟုတ်) စိတ်လှုပ်ရှားမှု အကြောင်းအရာများ၊ သင်္ချာဘာသာရပ်နှင့် ပတ်သက်သည့် ခေါင်းစဉ်တစ်ခုအတွက် ကြောက်ရွံ့မှု (သို့မဟုတ်) သိရှိလိုသည့် အကြောင်းအရာများ၊ ဘာသာရေး (သို့မဟုတ်) ယုံကြည်ကိုးကွယ်မှုနှင့် ပတ်သက်သည့် ခေါင်းစဉ်တစ်ခုအတွက် ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှု အကြောင်းအရာများဖြင့် လုပ်ဆောင်ပါ။

၆၂ Pekrun, R. (2014).

## လေးထောင့်ကွက် ၆.၃။ ကျောင်းသားများ၏ သင်ယူမှုကို ထိခိုက်စေသော စိတ်လှုပ်ရှားမှု လေးမျိုး[၆၃]



ရယူစွမ်းဆောင်နိုင်မှုနှင့် ပတ်သက်သော
စိတ်လှုပ်ရှားမှုများ -
အောင်မြင်မှုနှင့် ကျရှုံးမှု၊ မျှော်လင့်ချက်နှင့် ဂုဏ်သိက္ခာ၊
ပူပင်သောကနှင့် ရှက်စိတ်

စိတ်အလိုမကျမှု၊ စိတ်ရှုပ်ထွေးမှု၊ သိချင်စိတ်နှင့်
ပျော်ရွှင်မှုစသည့် သိမြင်မှုဆိုင်ရာ
ပြဿနာများနှင့် ပတ်သက်သည့် စိတ်လှုပ်ရှားမှုများကို
တွေ့ကြုံခံစားသည်။





စာသင်ခန်းတွင် တင်ပြသည့် အကြောင်းအရာများနှင့်
သက်ဆိုင်သည့် စိတ်ခံစားမှုများ၊
အပျက်သဘောဆောင်သော စိတ်လှုပ်ရှားမှုများနှင့်
အပြုသဘောဆောင်သော စိတ်လှုပ်ရှားမှုများကို
အစပျိုးနိုင်သည်။ နှစ်ခုစလုံးသည် ကျောင်းသားများ၏
စိတ်ဝင်စားမှုကို ဖြစ်ပေါ်စေသည်။

စာသင်ခန်းရှိ ဆရာများနှင့် အခြားကျောင်းသားများနှင့်
သက်ဆိုင်သည့် စိတ်လှုပ်ရှားမှုများဖြစ်သည့်
မနာလိုမှု၊ ဒေါသ၊ ဝန်တိုမှု၊ စိုးရိမ်မှု (သို့မဟုတ်)
စာနာနားလည်မှု၊ ကရုဏာ၊ မေတ္တာ






စိတ်လှုပ်ရှားမှုများအား ထိန်းညှိနည်းကို သင်ယူရာတွင် စိတ်လှုပ်ရှားမှုများကို မည်ကဲ့သို့ သတိပြုမိ သိရှိရန်နှင့် ရင်ဆိုင်ဖြေရှင်းရန်အတွက် သင်ယူခြင်းပါဝင်သည်။ စိတ်လှုပ်ရှားမှုများနှင့် စာသင်ခန်းထဲရှိ ခံစားချက်များအကြောင်းကို ဆွေးနွေးရန် အရေးကြီးပါသည်။

၆၃ Adapted from Pekrun, R. (2014).

စာသင်ခန်းထဲတွင် စိတ်လှုပ်ရှားမှုများကို ဖော်ပြသော ခတ်ပုံများထားရှိခြင်းသည် ကျောင်းသားများအား ကြောက်ရွံ့မှု၊ ဒေါသနှင့် ဝမ်းနည်းမှု (ပူပန်သောက)၊ ပျော်ရွှင်မှု၊ စိတ်ခံစားမှုများနှင့် ကျေနပ်မှုတို့အကြား ခွဲခြားသိမြင်နိုင်စေရန် ပံ့ပိုးပေးပါသည်။

ဤသို့ပြုလုပ်ခြင်းသည် ကွဲပြားသော စိတ်လှုပ်ရှားမှုများ ရှိနေကြောင်း သင့်ကျောင်းသားများကို ပြသရန်လည်း ကူညီပေးပါသည်။ ၎င်းကိုလုပ်ဆောင်ရန် နည်းလမ်းတစ်ခုမှာ စာသင်ခန်းထဲတွင် ဇယား (၆.၅) နှင့်တူသော ဇယားကွက်တစ်ခု ထားရှိရန်ဖြစ်သည်။ ဤဇယားသည် မီးခိုးရောင် စကေးဖြင့် ဖြစ်သော်လည်း မတူညီသော စိတ်လှုပ်ရှားမှုများကို ကိုယ်စားပြုရန်အတွက် မတူညီသော အရောင်များကို သင်အသုံးပြုနိုင်သည်။ ဤသို့ပြုလုပ်ရန် ကျောင်းသားများက ကူညီပေးနိုင်သည်။ ထို့နောက် စိတ်လှုပ်ရှားမှုများ (သို့မဟုတ်) ခံစားချက်များ ခေါင်းစဉ်အောက်တွင် အရောင်များ၏ အရိပ်များရှိသည်။ အရောင်ပိုရင့်လေလေ ခံစားချက်၏ အကျိုးသက်ရောက်မှု ပိုများလေဖြစ်သည်။ အရောင်ဖျော့လေလေ ခံစားချက်၏ အကျိုးသက်ရောက်မှု နည်းလေလေဖြစ်သည်။ ဤအဆင့်များကို သိရှိရန် ကျောင်းသားများအား ကူညီပေးခြင်းဖြင့် မိမိကိုယ်ကို ထိန်းညှိနည်းကို သင်ယူရာတွင် အထောက်အကူ ဖြစ်စေပါသည်။

**ဇယား ၆.၅။ စိတ်လှုပ်ရှားမှု ဇယား**[၆၄]

| ဒေါသထွက်သည်။  | ဝမ်းနည်းသည်။  | ပျော်ရွှင်သည်။  | ကြောက်ရွံ့သည်။  |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |

၆၄ စာရေးသူ၏ မူပိုင်ရုပ်ပုံကို ခွင့်ပြုချက်ဖြင့် အသုံးပြုသည်။

ဥပမာ – ဆရာများအနေနှင့် ပြဿနာတစ်ခုကြောင့် မိဘတစ်ဦးနှင့်ပတ်သက်၍ ဒေါသဖြစ်လာနိုင်သည်။ နောင်တွင် ကျွန်ုပ်တို့ နောင်တရမည်ဖြစ်သော စိတ်ခံစားချက်ကြောင့် တုံ့ပြန်လိုက်ခြင်းမျိုးကို ရှောင်ရှားလိုပါက စိတ်ခံစားချက်မရင့်သန်မီ ဖြေရှင်းလိုက်ရန် လိုအပ်ကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။ ထို့ကြောင့် မိဘဆရာတွေ့ဆုံပွဲကို စီစဉ်နိုင်ပါသည် (သို့မဟုတ်) မိဘက မည်သည်ကို စိုးရိမ်သည့်အကြောင်း နားလည်အောင်လုပ်ပြီး ပြဿနာကို ဖြေရှင်းရန် ကြိုးစားနိုင်သည်။

## မိမိကိုယ်ကို ထိန်းကျောင်းခြင်း

မိမိကိုယ်ကို ထိန်းကျောင်းခြင်းအကြောင်း သင်ကြားခြင်းနှင့် သင်ယူခြင်းတွင် ပြန်လည်သုံးသပ်ခြင်းကို လိုအပ်သည်။ သင့်ကျောင်းသားများကို ခေတ္တရပ်ခြင်း၊ တွေးတောခြင်းနှင့် လုပ်ဆောင်ခြင်း စံနမူနာပြရန်နှင့် သင်ကြားပြသရန် အရေးကြီးပါသည်။ ဤသို့ပြုလုပ်ခြင်းက ကျောင်းသားများ ဝမ်းနည်းစိတ်ပျက်သည့်အခါ (သို့မဟုတ်) စိတ်အနှောင့်အယှက်ဖြစ်သည့် အခါတို့တွင် စိတ်ကို တည်ငြိမ်စေရန် ကူညီပေးသည်။

ကျွမ်းကျင်မှုအသစ်ကဲ့သို့ပင် မိမိကိုယ်ကို ထိန်းကျောင်းခြင်းသည် ဆရာ၏ ထပ်ဆောင်းပံ့ပိုးခြင်းဖြင့် သင်ကြားပြသပေးရန် လိုအပ်သည်။ နမူနာလုပ်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် လေ့ကျင့်ခြင်းများ လိုအပ်သည်။ အကယ်၍ ကျောင်းသားများသည် မသင့်လျော်စွာပြုမူပါက ၎င်းတို့အား ဆင်ခြင်သုံးသပ်ရန်နှင့် အခြေအနေကို တုံ့ပြန်နိုင်သည့်အခြားနည်းလမ်းများ အကြောင်း စဉ်းစားရန် အချိန်ပေးနိုင်သည်။ ဤသို့ဖြင့် ပြစ်ဒဏ်စီရင်မှုအထိ ဖြစ်မလာစေရန် ကူညီပေးသည်။ ဆိုလိုသည်မှာ စိတ်ခံစားချက်ကြောင့်တုံ့ပြန်မှု ဖြစ်နိုင်ခြေနည်းချိန်တွင် သင်သည် အပြုအမူအကြောင်းကို ကျောင်းသားများနှင့်အတူတူ ဆွေးနွေးရမည်ဟု ဆိုလိုသည်။

ကျောင်းသားများအား ၎င်းတို့အနေဖြင့် မည်သည့်အမှားမျိုးကို ပြုလုပ်မိခဲ့သနည်း၊ အဘယ်ကြောင့် ဤသို့ပြုလုပ်မိခဲ့သနည်း၊ နောက်တစ်ကြိမ်တွင် ထိုအမူအကျင့်ကို ပြောင်းလဲရန် ၎င်းတို့ မည်သို့လုပ်ဆောင်မည်နည်း စသည်ဖြင့် မေးခွန်းများမေးခြင်းသည် ကျွန်ုပ်တို့၏ကိုယ်ပိုင် သင်ကြားမှုအမူအကျင့်များနှင့် အခြေအနေများအတွက် စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများအပေါ် ပြန်လည်သုံးသပ်ခြင်းနည်းတူ ကောင်းမွန်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ ရင်းမြစ်ဖန်တီးရေးသားခြင်း – ကျောင်းသားအားလုံး၏ အတွေးအခေါ်များကို တန်ဖိုးထားသည့် ‘စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည် ဟူသော ခံစားချက်’ ကို မည်သို့ဖန်တီးရကြောင်း ရှင်းပြခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားအားလုံး၏ အတွေးအခေါ်များကို တန်ဖိုးထားသည့် စာသင်ခန်းအတွင်း ‘အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်’ ကို တည်ဆောက်နိုင်ရန် ပံ့ပိုးပေးမည့် လမ်းညွှန်ရင်းမြစ်တစ်ခု သင်ဖန်တီးရန် ဖြစ်သည်။

စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို ဖန်တီးရန်နှင့် ထိန်းသိမ်းရန် စာသင်နှစ်တစ်နှစ်လုံးတွင် သင်လုပ်ဆောင်မည့် အဆင့်များကို ရှင်းပြသည့် အဆင့်ဆင့်သော လုပ်ထုံးလုပ်နည်းတစ်ခုဖြစ်သည်။ ၎င်းကို လုပ်ငန်းစဉ်အဆင့်ဆင့်ပြဇယား၊ ပိုစတာ၊ စိတ်ကူးပုံဖော်မှု (သို့မဟုတ်) အင်ဖိုဂရပ်ဖစ်ပုံကြမ်းအဖြစ် သင် ဖန်တီးနိုင်သည်။

သင့်အနေဖြင့် အောက်ပါတို့ ပါဝင်အောင် ဆောင်ရွက်ရန် လိုအပ်သည် –

- အဖွဲ့ဝင်ဖြစ်သည် ဟူသော ခံစားချက်၏ အဓိပ္ပာယ်ကို ရှင်းလင်းချက်၊
- အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို ဖန်တီးခြင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်း အကြောင်းပြချက်တစ်ခု၊
- သင့်စာသင်ခန်းကို သတ်မှတ်ခြင်းအတွက် အဆင့်ဆင့်လုပ်ဆောင်ခြင်းနှင့်
- စာသင်နှစ်တစ်လျှောက်လုံးတွင် ‘အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်’ ကို ရရှိနိုင်စေရန် ကူညီပေးမည့် ပြန်လည်သုံးသပ်ရန်မေးခွန်းများ။

သင်၏ သင်ကြားရေးအရင်းအမြစ်ဖိုင်တွဲ (သို့မဟုတ်) လေးထောင့်ကွက် (ဖ.၄) တွင် သင့်ရင်းမြစ်များကို မှတ်တမ်းတင်ပါ။

## လေးထောင့်ကွက် ၆.၄။ စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို ဖန်တီး ထိန်းသိမ်းခြင်း

**သင်ယူမှုလုပ်ငန်း (၂)။ ရင်းမြစ်ဖန်တီးရေးသားခြင်း – စိတ်လှုပ်ရှားမှုများ အကြောင်း ဆွေးနွေးခြင်းအတွက် ထပ်ဆောင်းလုပ်ငန်းတစ်ရပ်အား လုပ်ဆောင်ရန် သင်ယူမှုလုပ်ငန်းတစ်ခုကို စီစဉ်ခြင်းဖြင့် ကျောင်းသားများ စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို သတိပြုမိသိရှိနိုင်ရန်နှင့် ကိုယ်တိုင်ထိန်းကျောင်းနိုင်ရန် သင်ယူနိုင်ခြင်း**

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင့်အတွက် ဆွေးနွေးမှုလုပ်ငန်းတစ်ခုအား စီစဉ်ရန်၊ စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို သတိပြုမိသိရှိရန်နှင့် မိမိကိုယ်ကို ထိန်းကျောင်းရန် အခွင့်အလမ်းများကို ဖန်တီးရန်အတွက် ဤလုပ်ငန်းကို တိုးချဲ့ရန်ဖြစ်သည်။

ဤသင်ယူမှုလုပ်ငန်းတွင် သင်၏ ရုပ်သေးအရုပ်ငယ် ဖျော်ဖြေပွဲ ပါဝင်သည်။ လေးဦးအဖွဲ့နှင့် အလုပ်လုပ်မည်။ ဆိုလိုသည်မှာ သင်သည် ရုပ်သေးအရုပ်ငယ် ဖျော်ဖြေပွဲအတွက် သင်လုပ်ဆောင်ခဲ့သည့် တူညီသောအတွဲတွင် ပါဝင်မည်ဖြစ်ပြီး အခြားအတွဲတွင်လည်း ပါဝင်မည်ဖြစ်သည်။ အတွဲတစ်တွဲစီသည် ရုပ်သေးအရုပ်ငယ်အကများဖြင့် ဖျော်ဖြေကြမည် ဖြစ်သည်။ ထို့နောက် စိတ်လှုပ်ရှားမှုဆိုင်ရာ ဆွေးနွေးမှုများကို ငြိမ်းဆင်/ထပ်ဆောင်း ပံ့ပိုးရန်အတွက် ရုပ်သေးအရုပ်ငယ်ပြပွဲကို အသုံးပြုမည့် သင်ယူမှုလှုပ်ရှားမှုတစ်ခု စီစဉ်ရန်အတွက် အတူတကွ လုပ်ဆောင်ကြပါမည်။

ရုပ်သေးအရုပ်ငယ်ပြပွဲနှင့် ပတ်သက်သည့် ဆွေးနွေးမှုမေးခွန်း ခြောက်ခုကို သင်မေးမည်ဖြစ်ပြီး အဆိုပါ မေးခွန်းများသည် ကျောင်းသားများအား ကြောက်ရွံ့မှု၊ ဒေါသ၊ ဝမ်းနည်းမှု (ပူဆွေးမှု) နှင့် ပျော်ရွှင်မှုစသည့် စိတ်လှုပ်ရှားမှုများကို သတိပြုမိသိရှိရန်အတွက် အထောက်အကူ ဖြစ်စေမည့် အကြောင်းရင်းကို ရေးသားမည်ဖြစ်သည်။

ထို့နောက် အဖွဲ့လိုက်အနေဖြင့် သင်သည် သင်ယူမှုလုပ်ငန်းကို တိုးချဲ့မည်ဖြစ်သည်။ ထို့ကြောင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဆွေးနွေးမှုသည် နောက်ဆက်တွဲလုပ်ဆောင်မှုတစ်ခု အတွက် နိဒါန်းဖြစ်သည်။ ဤလုပ်ဆောင်ချက်တွင် စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ဖော်ထုတ်ခြင်းနှင့် မိမိကိုယ်ကို ထိန်းညှိခြင်းအတွက် နည်းလမ်းများ ဖန်တီးခြင်းအကြောင်း သင့်ကျောင်းသားများကို လေ့လာရန် ကူညီပေးခြင်းတို့ ပါဝင်ပါသည်။

ဆရာတစ်ဦး၏ စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို လမ်းညွှန်ရန်အတွက် မိမိကိုယ်ကို ထိန်းညှိပေးမည့် ပြန်လည်သုံးသပ်သော မေးခွန်းအချို့ကိုလည်း သင်ထည့်သွင်းနိုင်ပါသည်။ ဥပမာ – ကြောက်ရွံ့စိတ် လွှမ်းမိုးခံရပါက မည်သို့ဖြစ်မည်နည်း။ ယင်းအကြောက်တရားကို မည်ကဲ့သို့ ထိန်းနိုင်မည်နည်း။ စိတ်ပူပင်သောကများ ဖုံးလွှမ်းနေသည့်အခါ မည်သို့ ဖြစ်မည်နည်း။ ယင်းခံစားချက်ကို မည်သို့ကျော်လွှားနိုင်မည်နည်း။ သင့်အဖွဲ့ရှိ နည်းဗျူဟာ များကို ဆွေးနွေးပြီး သင်ခန်းစာအဆုံးတွင် တစ်တန်းလုံးနှင့် မျှဝေရန် အဖြေတစ်ခုရေးပါ။

သင်၏ သင်ကြားရေးရင်းမြစ်ဖိုင်တွဲ (သို့မဟုတ်) ဇယား (၆.၆) တွင် သင့်အဖွဲ့၏ အဖြေကို မှတ်တမ်းတင်ပါ။ ၎င်းသည် သင်ခန်းစာအစီအစဉ် မဟုတ်ပါ။ သင် သင်ကြားပြသပေးသော အခါတွင် သင်ခန်းစာတစ်ခု စီစဉ်ရန်နှင့် သင်၏ ပြန်လည်သုံးသပ်သော တွေးခေါ်မှု

## လုပ်ငန်းစဉ်များကို လမ်းညွှန်ရန် ဤအကြံဉာဏ်များနှင့် အချက်အလက်များကို သင်အသုံးပြုမည် ဖြစ်သည်။

**ဇယား ၆.၆။ အုပ်စု၏ လုပ်ငန်းအစီအစဉ် – စိတ်လှုပ်ရှားမှုဆိုင်ရာစည်းမျဉ်း**

| စိတ်လှုပ်ရှားမှုများကို ခွဲခြားသတ်မှတ်ခြင်း၊ သတိပြုမိသိရှိခြင်းနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ကိုယ်တိုင်ထိန်းကျောင်းပေးခြင်း | |
|---|---|
| **ဆွေးနွေးမည့်မေးခွန်းများ** | **ဤမေးခွန်းကို အဘယ့်ကြောင့် ဆွေးနွေးသနည်း။** |
| | |
| **သင်ယူမှုလုပ်ငန်း၏ နောက်ဆက်တွဲ** – စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများကို ဖော်ထုတ်ခြင်းနှင့် မိမိကိုယ်ကို ထိန်းကျောင်းခြင်းဆိုင်ရာ နည်းဗျူဟာများ ဖော်ထုတ်ခြင်းအကြောင်းကို လေ့လာသင်ယူရာတွင် သင့်ကျောင်းသားများကို သင်မည်သို့ ကူညီပေးနိုင်မည်နည်း။ | |
| **ပြန်လည်သုံးသပ်ရန်မေးခွန်းများ** – စိတ်လှုပ်ရှားမှုဆိုင်ရာ တုံ့ပြန်မှုများအပေါ် ဆရာတစ်ဦး၏ ကိုယ်ပိုင်ထိန်းကျောင်းမှုကို လမ်းညွှန်ရန် အထောက်အကူဖြစ်စေမည့် မေးခွန်းလေးခု။ | |

# ၆.၁.၄။ 'မြန်မာကျောင်းဆရာ' ဖြစ်လာခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် –**

- လူမှုကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်း၏ အဓိကအကြောင်းအရာများကို ပေါင်းစပ်ထားသော ပိုစတာတစ်ခုကို ရေးဆွဲတတ်မည်။
- စာရိတ္တနှင့်ပြည်သူ့နီတိတွင် လေ့လာဖော်ထုတ်ထားသည့် အဓိကအကြောင်းအရာများကို ပြန်လည်သုံးသပ်တတ်ပြီး မြန်မာကျောင်းဆရာဖြစ်လာရန် ဤနားလည်သဘောပေါက်မှုက မည်သို့ပံ့ပိုးပေးကြောင်း ဆွေးနွေးတတ်မည်။


### အဓိကအကြောင်းအရာများကို ပေါင်းစပ်ခြင်း

အဓိကအကြောင်းအရာ (Theme) များ ပေါင်းစပ်ဖန်တီးခြင်းဟူသည် မည်သည်ကိုဆိုလိုသနည်း။

ပေါင်းစပ်မှုဆိုသည်မှာ ချိတ်ဆက်မှုတစ်ခုလုံးကို ဖန်တီးရန် စိတ်ကူးစိတ်သန်းများ စုစည်းမှုဖြစ်သည်။ ၎င်းတွင် ပါဝင်သောအပိုင်းများ၊ အဓိကစိတ်ကူးစိတ်သန်းများ (သို့မဟုတ်) အပြင်အဆင်များ ပေါင်းစပ်ပါဝင်ပါသည်။ ဤသည်မှာ စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေးကဲ့သို့သော အဓိက အကြောင်းအရာတစ်ခုကို ချိတ်ဆက်ထားသည့် အတွေးအမြင်များစွာပါရှိသည့် ကွန်ရက်တစ်ခုကို တည်ဆောက်ခြင်းနှင့် အလားတူပင်ဖြစ်သည်။ ပေါင်းစပ်လုပ်ဆောင်ရမည့် အချက်များမှာ လူမှုကျင့်ဝတ်များ၊ ရပိုင်ခွင့်များနှင့် တာဝန်များ၊ စည်းကမ်းနှင့် ငြိမ်းချမ်းစွာနေထိုင်ခြင်း တို့ဖြစ်သည်။

ပဟေဠိတစ်ခု၏ အပိုင်းအစများကို တစ်စုတစ်စည်းတည်းဖြစ်အောင် ပေါင်းစည်းလိုက်သကဲ့သို့ ဖြစ်သည်။ ဥပမာအားဖြင့် ပုံ (၆.၁၀) ရှိ ရုပ်ပုံသည် ပဟေဠိတစ်ခု၏ သီးခြားအပိုင်းများကို တစ်စုတစ်စည်းတည်းဖြစ်စေရန် မည်ကဲ့သို့ဖွဲ့စည်းထားသည်ကို ပြသထားသည်။

အပိုင်းတစ်ခုစီသည် အရေးကြီးသော်လည်း အပိုင်းတစ်ခုစီသည် ပို၍ကြီးသော ပုံ၏ အစိတ်အပိုင်းများဖြစ်သည်။




**ပုံ ၆.၁၀။ စိတ်ကူးများပေါင်းစပ်မှုကဲ့သို့သော ပဟေဋ္ဌိတစ်ခု၏ အစိတ်အပိုင်းများကို ခွဲထုတ်ခြင်း**

ထို့နောက် စာရိတ္တနှင့် ပြည်သူ့နီတိသည် ပိုမိုကြီးမားသော အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ သင်လေ့လာနေသည့် ဘာသာရပ်အားလုံးနှင့် ချိတ်ဆက်ပေးပါလိမ့်မည်။ ဤပေါင်းစပ်မှုသည် မြန်မာနိုင်ငံတွင် အရည်အချင်းပြည့်မီသော ဆရာတစ်ဦးဖြစ်လာစေရန် ပံ့ပိုးပေးသည့် အရာတစ်ခု ဖြစ်သည်။

ထို့အတူ လူမှုကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်းစသည့် အစိတ်အပိုင်းတစ်ခုစီတိုင်းသည် ချိတ်ဆက်မှုတစ်ခုလုံးကို ဖန်တီးရန် ပေါင်းစပ်ပါဝင်သည့် အကြောင်းအရာများပင်ဖြစ်သည်။

ဥပမာ – ပုံ (၆.၁၁) သည် လူမှုကျင့်ဝတ်စည်းမျဉ်း၏ ဆက်စပ်အကြောင်းအရာအချို့ကို သရုပ်ဖော်ထားသည်။ ဤအကြောင်းအရာတစ်ခုစီသည် ယုံကြည်ချက်များနှင့် ကိုယ်ကျင့်တရားများကို တန်ဖိုးထားခြင်း၊ ယဉ်ကျေးမှုမတူကွဲပြားသော လူ့အဖွဲ့အစည်းများကို ပံ့ပိုးပေးခြင်း၊ ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုနှင့် ရှုမြင်သုံးသပ်မှုတို့သည် စိတ်ကူးများပေါင်းစပ်မှု တစ်ခုလည်းဖြစ်သည်။ ဥပမာအားဖြင့် ရှုမြင်သုံးသပ်မှုတွင် ကျွန်ုပ်တို့၏ တန်ဖိုးထားမှုများနှင့် ယုံကြည်ချက်များကို သိရှိခြင်းနှင့် ကျွန်ုပ်တို့၏ ကိုးကားမှု အညွှန်းဘောင်အပေါ် မည်ကဲ့သို့ လွှမ်းမိုးကြောင်းကို နားလည်ခြင်းတို့ပါဝင်သည်။




**ပုံ ၆.၁၁။ လူမှုကျင့်ဝတ်စည်းမျဉ်း၏ ဆက်စပ်အကြောင်းအရာများ**

လူမှုကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်းစသည့် အမျိုးအစား လေးမျိုး ရှိသည်။ ဤအမျိုးအစားများကို မိမိကိုယ်ကို၊ အခြားသူများ၊ အုပ်စုနှင့် လူမှုအဖွဲ့အစည်း၊ သဘာဝ၊ ကမ္ဘာကြီးနှင့် ဆက်စပ်သော သင်ယူမှု နယ်ပယ် လေးခုတွင် နယ်ပယ်များအလိုက် အတိုင်းအတာများ ပါဝင်သည်။ (သင်သည် အခန်း ၁ နှင့် လေးထောင့်ကွက် ၁.၂ ကို ပြန်လည်သုံးသပ်ရန် ဆန္ဒရှိနိုင်သည်)။ ဤစာသင်နှစ်၏ ရည်ရွယ်ချက်မှာ ဤလိုအပ်သော သင်ယူမှုများအတွက် သင်မည်ကဲ့သို့ စီစဉ်နိုင်သည်ကို ရှင်းလင်းစွာပုံဖော်ရန် ဖြစ်သည်။

စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေးသည် ကျောင်းသားများအား ကမ္ဘာ့နိုင်ငံသားဖြစ်မှုဆိုင်ရာ အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးသည်။ တာဝန်သိကမ္ဘာ့နိုင်ငံသား

တစ်ဦးသည် ပူးပေါင်းလုပ်ဆောင်ခြင်း၊ ထိရောက်စွာပြောဆိုဆက်သွယ်ခြင်း၊ တီထွင်ဖန်တီးနိုင်စွမ်းရှိခြင်း၊ ဆန်းသစ်တီထွင်နိုင်ခြင်း၊ ဝေဖန်ပိုင်းခြားတတ်ခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းစေသော နည်းလမ်းများဖြင့် အကျိုးပြုခြင်းဟူသည် မည်သည်ကိုဆိုလိုသည်ကို နားလည်နိုင်သည်။ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသော အရည်အချင်းမှာ မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်းဖြစ်သည်။ ကျောင်းသားများသည် မိမိတို့ကိုယ်ကို ကိုယ်ကျင့်တရား ကောင်းမွန်သော ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားများအဖြစ် နားလည်ရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ၎င်းတို့၏ တန်ဖိုးထားမှုများနှင့် ယုံကြည်ချက်များသည် အခြားသူများ၏ ဘဝနှင့် ပတ်ဝန်းကျင်အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်သည်ကို သိရှိနားလည်သည့် တာဝန်သိ နိုင်ငံသားများ ပြုစုပျိုးထောင်ပေးရန်အတွက် အလေးထားမှုရှိပါသည်။

ဤအသိအမြင်တွင် ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ပြောဆိုမှု၊ တီထွင်ဖန်တီးနိုင်မှုနှင့် ဆန်းသစ်တီထွင်မှု၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ပြဿနာဖြေရှင်းမှုနှင့် နိုင်ငံသားဖြစ်မှုတို့ ပါဝင်ပါသည်။


သင်ယူမှုလုပ်ငန်း (၁) သည် သင်၏အချက်အလက်များ ပေါင်းစပ်မှုကို ကိုယ်စားပြုရန်အတွက် ပိုစတာ တစ်ခုဖန်တီးရန် လိုအပ်သည်။ ယခုနှစ် သင်ယူမှုတွင် သင်ပါဝင်နေချိန်၌ သင့်အတွက် အရေးပါသော ကဏ္ဍများ ရှိလိမ့်မည်။ သင်၏ ဖတ်စာအုပ်များကို စကဲင်န်ဖတ်ပြီး ရောင်စုံမင်ဖြင့် မှတ်သားပါ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းအတွက် ပြင်ဆင်ရာတွင် အရေးကြီးသည်ဟု သင်ယူဆသောအရာကို မှတ်သားထားပါ။

## မြန်မာကျောင်းဆရာ

မြန်မာကျောင်းဆရာအဖြစ် သင်၏ အခန်းကဏ္ဍနှင့် ပတ်သက်သော အချက်အလက် အများအပြားကို လွှမ်းခြုံမှုရှိရန် ကျွန်ုပ်တို့ ထည့်သွင်းထားပါသည်။ ဥပမာအားဖြင့် ဆရာ့ အတတ်ပညာရှင် (ပရော်ဖက်ရှင်နယ်) ဆရာတစ်ဦးအနေဖြင့် သင်၏အခန်းကဏ္ဍကို ဆောင်ရွက်ရာတွင်လည်း စက်ဝန်းတစ်ခု ပါရှိပါသည် –

- သင်ယူခြင်း (မည်သည့်အရာကို မည်ကဲ့သို့ သင်ကြားမည်ကို အစီအစဉ်ရေးဆွဲခြင်း)၊

- လက်တွေ့ကျင့်သုံးခြင်း ( သင်ကြားသင်ယူမှု အလေ့အကျင့်) နှင့်
- ပြန်လည်သုံးသပ်ခြင်း (အနာဂတ်အသုံးချမှုအတွက် သင်ကြားရေးအလေ့အကျင့်ကို စစ်ဆေးအကဲဖြတ်ခြင်း)။




**ပုံ ၆.၁၂။ သင်ကြား၊ သင်ယူမှု စက်ဝန်းသံသရာ**[၆၅]

ဤစက်ဝန်းသည် သင့်အား အရည်အချင်းပြည့်ဝပြီး ယုံကြည်စိတ်ချရသော ဆရာတစ်ဦး ဖြစ်လာစေရန် ကူညီပေးလိမ့်မည်ဖြစ်သောကြောင့် သင်၏အလေ့အကျင့်ကို ပြန်လည်သုံးသပ်သောအခါ သင်၏လေ့လာသုံးသပ်ချက်များကို ပြန်လည်စီစဉ်နိုင်မည်ဖြစ်သည်။ ကျောင်းသားများ သင်ယူမှုလုပ်ငန်းစဉ်တွင် နယ်ပယ်သုံးရပ်ဖြစ်သည့် သိမှု၊ ခံစားမှု၊ ကျွမ်းကျင်မှုတို့နှင့် သက်ဆိုင်သော နယ်ပယ်သုံးခုကို ဖြတ်ကျော်နိုင်သည့် အရည်အချင်းများနှင့် စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။

---

၆၅ စာရေးသူ၏ မူပိုင်ရုပ်ပုံကို ခွင့်ပြုချက်ဖြင့် အသုံးပြုသည်။


သင်သည် အောက်ပါသင်ခန်းစာ၏ ရှုထောင့်များကို ပြန်လည်သုံးသပ်ရန်ဖြစ်သည်။

- အကြောင်းအရာသည် သင့်လျော်ပါသလား။
- ကျွန်ုပ်တွင် မှန်ကန်သင့်လျော်သော သင်ထောက်ကူပစ္စည်းများ ရှိပါသလား။
- သင်ယူမှုလုပ်ငန်းစဉ်ကို သင်ထောက်ကူပစ္စည်းများက မည်ကဲ့သို့ အထောက်အကူ ပြုသနည်း။
- ကျောင်းသားအားလုံး အကျိုးဝင်စေပါသလား။
- သင်ခန်းစာ ဆက်လက်တိုးတက်သွားပါသလား။
- ကျောင်းသားများသည် လူမှုဆက်ဆံရေးစွမ်းရည် မည်သို့တိုးတက်ခဲ့သနည်း။
- စုံစမ်းစစ်ဆေးမှုသည် ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အပြုအမူများကို စီမံခန့်ခွဲရန် ကူညီပေးပါသလား။
- ဆွေးနွေးမှုက အထောက်အကူဖြစ်ပါသလား။
- ကျောင်းသားအားလုံး ပါဝင်ခဲ့ပါသလား။
- နောက်တစ်ကြိမ်တွင် ကျွန်ုပ် မည်သည်ကို ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်နိုင်မည်နည်း။

ဆရာများအပေါ် တောင်းဆိုမှုများ များစွာရှိပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိဆိုင်ရာ အရည်အချင်းရှိသော ဆရာသည် –

- ဘာသာရပ်ဆိုင်ရာနှင့် သင်ကြားရေးဆိုင်ရာ အကြောင်းအရာဗဟုသုတ နှစ်မျိုးစလုံးကို နှံ့စပ်စွာသိရှိနားလည်သည်။
- ကျောင်းသားများသည် ထုတ်ဖော်ပြောကြားရန်နှင့် စိန်ခေါ်မှုရှိသည့် စိတ်ကူးများကို ဖော်ပြရန် ဘေးကင်းသည်ဟု ခံစားရသည့် စာသင်ခန်းပတ်ဝန်းကျင်ကို ဖန်တီး နိုင်သည်။
- အဓိပ္ပာယ်ပြည့်ဝသော စာရိတ္တနှင့် ပြည်သူ့နီတိ ပညာရေးအတွက် မဟာဗျူဟာများကို ဖော်ဆောင်ရန် စံနမူနာပြ၍ လက်တွေ့ကျင့်သုံးသည်။

ဆရာ၊ အကြောင်းအရာနှင့် သင်ကြားပို့ချမှုသည် ကျောင်းသားအား အကြောင်းအရာနှင့် သင်ယူမှု လုပ်ငန်းစဉ်များဆီသို့ အပြုသဘောဆောင်သော စိတ်သဘောထားကို ဖွံ့ဖြိုး တိုးတက်စေရန် ကူညီပေးရာတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ဆရာတစ်ဦးအနေဖြင့် သင်သည် သင်ကြားမည့်အကြောင်းအရာ ဗဟုသုတရှိရန် လိုအပ်သည် သာမက သင်ကြားရေးတွင် ကျောင်းသားများအား တက်ကြွစွာပါဝင်ရန် တွန်းအားပေးမည့် နည်းလမ်းများဖြင့် သင်ကြားပေးရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် မူလတန်းအောက်ဆင့်နှင့် သူငယ်တန်းတွင် ကစားနည်းအခြေပြု သင်ကြားမှုကို အားပေးသည်။ ထို့ကြောင့် စာသင်ခန်း အတွင်းနှင့် စာသင်ခန်းပြင်ပတွင် သင်ယူရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်းသည် အကျိုးရှိပါသည်။



ပုံ ၆.၁၃။ သင်ယူမှုကို စာသင်ခန်းတွင်း၌သာမက စာသင်ခန်းပြင်ပတွင်လည်း ဆောင်ရွက်နိုင်သည်။[၆၆]

၆၆ The Government of the Republic of the Union of Myanmar. (2016, p. 28).

ဆရာများသည်လည်း စဉ်ဆက်မပြတ် သင်ယူလေ့လာကြရပါသည်။ သင်ကြားရေးအခန်းကဏ္ဍ၏ သဘောသဘာဝမှာ ပူးတွဲလေ့လာသူနှင့် အသိပညာကို ပူးတွဲဖန်တီးသူဖြစ်ရန် ဖြစ်သည်။[၆၇] ကျောင်းသားများနှင့် ဆရာများသည် အကြံဉာဏ်များကို စူးစမ်းလေ့လာရန်နှင့် စိန်ခေါ်ရန် အခွင့်အလမ်းများ လိုအပ်ပါသည်။ သို့ရာတွင် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်တွင် သင်ကြားရေးဆိုင်ရာ ခေါင်းစဉ်များသည် ထိရှလွယ်သော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းခြင်း ပါဝင်နိုင်သည်။ တစ်ခါတစ်ရံတွင် ခန့်မှန်း၍မရသော သင်ကြားမှု အကြောင်းအရာအသစ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နည်းဗျူဟာများ ရေးဆွဲရန် အရေးကြီးပါသည်။[၆၈] ထို့ကြောင့် သင့်ကိုယ်သင် တွဲဖက်သင်ယူသူအဖြစ် သတ်မှတ်ခြင်းသည် အချို့သော အခြေအနေများတွင် အကျိုးရှိပေမည်။

ကွဲပြားသော သင်ကြားနည်းများကို သိရှိနားလည်ပြီး စမ်းသပ်ခြင်းသည် အထောက်အကူဖြစ်နိုင်ပါသည်။ စမ်းသပ်မှုသည် ကျောင်းသားများ၏ အယူအဆဆိုင်ရာ နားလည်မှု တိုးတက်စေရန်အတွက် များစွာသော နည်းဗျူဟာများကို သင်ဖန်တီးနိုင်စေရေး သေချာစေမည်ဖြစ်သည်။ အချက်အလက်များကို စုဆောင်းခြင်းထက် ဆရာနှင့် ကျောင်းသား နှစ်ဦးစလုံးအတွက် သင်ယူခြင်းသည် ပိုမိုထိရောက်ပါသည်။[၆၉]

ဆင်ခြင်တုံတရားသည် မရှိမဖြစ်လိုအပ်သည်။ ပူးပေါင်းစူးစမ်းလေ့လာမှုတွင် ဆရာများနှင့် ကျောင်းသားများသည် လူတိုင်း၏ ပါဝင်အကြံပြုလုပ်ဆောင်မှုကို တန်ဖိုးထား၍ သဘောထားကွဲပြားမှုများကိုလည်း လေးစားရန် လိုအပ်ပါသည်။ လူ့အခွင့်အရေး၊ တာဝန်သိမှု၊ ဒီမိုကရေစီနိုင်ငံသားဖြစ်မှုနှင့် ယဉ်ကျေးမှု မတူကွဲပြားမှုများကို စူးစမ်းလေ့လာသည့်အခါ ဤလေးစားမှုသည် အရေးကြီးပါသည်။ ဆရာများအနေနှင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ယူဆချက်များနှင့် အခြားသူများ၏ ယူဆချက်များကို စူးစမ်းမေးမြန်းရန် ပြန်လည်သုံးသပ်တွေးခေါ်မှုတွင် စံနမူနာယူနိုင်ပုံနှင့် လက်ရှိယုံကြည်ချက်များကို ပြုပြင်ပြောင်းလဲနိုင်ပုံ (သို့မဟုတ်) နားလည်မှု အသစ်များကို မည်သို့တည်ဆောက်နိုင်ပုံတို့ကို ဆွေးနွေးနိုင်ပါသည်။ ဆရာများသည် "ကျောင်းသားများ၏ မတူကွဲပြားသော လိုအပ်ချက်များအတွက် အားလုံးအကျုံးဝင်ပြီး စာနာနိုင်ခြင်း" ကို မည်သို့လုပ်ဆောင်ရမည်ကို သိရှိရန် လိုအပ်သည်။[၇၀]

---

၆၇ Keddie, A., & Mills, M. (2007).

၆၈ Council of Europe. (2016).

၆၉ Council of Europe. (2016).

၇၀ UNESCO. (2018, p.5).

အချုပ်အားဖြင့်ဆိုရသော် သင်ယူမှုပတ်ဝန်းကျင်သည် တက်ကြွမှု၊ စူးစမ်းလေ့လာမှုနှင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်။ သင်နည်းဗေဒဆိုင်ရာ ချဉ်းကပ်နည်းကို ရွေးချယ်သောအခါတွင် ရည်ရွယ်ချက်နှင့် ကိုက်ညီမှု ရှိ/မရှိ ဆရာက သတိထားရန် လိုအပ်ပါသည်။ သင်သည် သင်ယူပြီးသည်များကို ဆင်ခြင်သုံးသပ်ခြင်းသည် သင်၏ သင်ကြားရေးဆိုင်ရာ သဘောထားခံယူချက်ကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် ကူညီပေးပါသည်။ သင်ခန်းစာ (၂.၁.၄) ရှိ သင်ယူမှုလုပ်ငန်း (၃) တွင် ရေးထားသော သင်၏ သဘောထားခံယူချက်ကို ပြန်လည်သတိရပါ။ အိမ်စာလုပ်ငန်း လုပ်ဆောင်ချက်အတွက် ၎င်းကို သင်အသုံးပြုနိုင်ပါသည်။

**သင်ယူမှုလုပ်ငန်း။ ပိုစတာရေးဆွဲခြင်း – လူမှုကျင့်ဝတ်များ၊ ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာ နေထိုင်ခြင်းဆိုင်ရာ အဓိကအကြောင်းအရာများကို ပေါင်းစပ်ခြင်း**

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လူမှုကျင့်ဝတ်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ စည်းကမ်းရှိခြင်းနှင့် ငြိမ်းချမ်းစွာနေထိုင်ခြင်းဆိုင်ရာ အဓိကအကြောင်းအရာများကို ပေါင်းစပ်ထားသည့် ပိုစတာတစ်ခု ဖန်တီးရေးဆွဲရန်ဖြစ်သည်။

သင်သည် တစ်ဦးချင်းသော်လည်းကောင်း၊ တွဲဖက်ဖြင့်လည်းကောင်း၊ အုပ်စုတစ်ခုဖွဲ့၍လည်းကောင်း လုပ်ဆောင်နိုင်သည်။ လေးယောက်အုပ်စုဖြင့် လုပ်ဆောင်ပါက ပိုစတာတစ်ခုလုံး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပေါင်းစပ်ရန် ဆောင်ပုဒ်တစ်ခုစီကို သင်ရွေးချယ်နိုင်သည်။ ထို့နောက် အုပ်စုသည် စည်းလုံးညီညွတ်မှုရှိသော ပိုစတာတစ်ခု ဖန်တီးရန်အတွက် ၎င်းတို့၏ အဓိကအကြောင်းအရာ (theme) များကို ပေါင်းစည်းကြမည်ဖြစ်သည်။

ရည်ရွယ်ချက်မှာ မှတ်သားဖွယ်ရာစုံလင်သော၊ ဆွဲဆောင်မှုရှိသော ပိုစတာတစ်ခု ဖန်တီးရန်ဖြစ်သည်။ ဆိုလိုသည်မှာ အနာဂတ်တွင် သူငယ်တန်း – ဒုတိယတန်းကျောင်းသားများအား စာရိတ္တနှင့် ပြည်သူ့နီတိအကြောင်း သင်ကြားပေးသောအခါတွင် သင့်အစီအစဉ်၏ လမ်းညွှန်အဖြစ် ဤပိုစတာကို အသုံးပြုနိုင်မည်ဖြစ်သည်။ ယခုနှစ် သင်ယူမှုတွင် ပါဝင်လုပ်ဆောင်နေစဉ် သင့်အတွက် တစ်စုံတစ်ခုသော အဓိပ္ပာယ်ကိုဆောင်သည့် အရေးကြီးသော ကဏ္ဍများအားလုံးကို ထည့်သွင်းပါ။

သင်သည် အုပ်စုဖြင့် အလုပ်လုပ်ပါက သင်တို့တစ်ဦးချင်းစီသည် အဓိကအကြောင်းအရာ (theme) များထဲသို့ ထည့်သွင်းကြောင်းသေချာပါစေ။ ဤထည့်သွင်းမှုသည် အဖွဲ့လိုက် လုပ်ဆောင်ခြင်း၏ တန်ဖိုးပင်ဖြစ်သည်။ လူတစ်ဦးစီသည် ၎င်းတို့၏အကြောင်းအရာ၏ အနက်အဓိပ္ပာယ်ကို အုပ်စုထံ ယူဆောင်လာသောအခါ အကြောင်းအရာ၏ အရေးပါမှု အကြောင်း ဆွေးနွေးခြင်းသည် အားလုံးအတွက် အသစ်ဖြစ်ပြီး ပိုမိုနက်ရှိုင်းသော နားလည်မှုကို ဖြစ်ပေါ်စေပါသည်။

ဤသို့ပြုလုပ်ခြင်းသည် တီထွင်ဖန်တီးနိုင်စေရန် အခွင့်အရေးတစ်ခုဖြစ်ပြီး ပုံများနှင့် အရောင်များကို အသုံးပြုနိုင်ပါသည်။ ဥပမာအားဖြင့် အကြောင်းအရာဆက်သွယ်မှု/စိတ်ကူး ပုံဖော်မှုပြပုံတစ်ပုံ၊ ဇယားတစ်ခု (သို့မဟုတ်) အင်ဖိုဂရပ်ဖစ်တစ်ခု အနေဖြင့် သင့်အချက်အလက်များကို သင့်အတွက် အဓိပ္ပာယ်ရှိသော နည်းလမ်းဖြင့် စုစည်းနိုင်သည်။ ပိုစတာသည် သင့်အချက်အလက်အားလုံးနှင့် ကိုက်ညီရန် A3 အရွယ်အစား ဖြစ်နိုင်သည်။ သင်သည် အုပ်စုတစ်စုတွင် လုပ်ဆောင်ပါက သင်တို့တစ်ယောက်စီသည် သင်တို့၏သင်ကြားရေး ရင်းမြစ်ဖိုင်တွဲ၌ ၎င်းကို ထည့်သွင်းရန်အတွက် မိတ္တူတစ်ခုစီပြုလုပ်ရမည် ဖြစ်သည်။

**အိမ်စာလုပ်ငန်း။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် – မြန်မာကျောင်းဆရာ တစ်ဦး ဖြစ်လာခြင်း**

ဤအိမ်စာလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် စူးစမ်း လေ့လာထားသော အဓိကအကြောင်းအရာများကို ပြန်လည်သုံးသပ်ရန်နှင့် ဤနားလည် သဘောပေါက်မှုသည် မြန်မာကျောင်းဆရာတစ်ဦး ဖြစ်ရခြင်းအတွက် မည်ကဲ့သို့ အထောက်အကူပြုကြောင်း ဆွေးနွေးရန်ဖြစ်သည်။

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မြန်မာကျောင်းဆရာတစ်ဦးအနေဖြင့် သင်၏ အရေးပါသော အခန်းကဏ္ဍနှင့် ပတ်သက်၍ သင်နားလည်သဘောပေါက်ထားသည်ကို ဖော်ထုတ်ပြသရန် ဖြစ်သည်။ အင်တာဗျူးတစ်ခုအတွက် သင်ပြင်ဆင်နေပုံကို မြင်ယောင် ကြည့်ပါ။ မြန်မာကျောင်းဆရာ တစ်ဦးအဖြစ် သင့်တာဝန်ကို သင်သိရှိနားလည်ကြောင်း သင့် အလုပ်ရှင်ကို သိစေလိုသည့် အဓိကအချက်များမှာ အဘယ်နည်း။

ယခင်က အကြံပြုထားသည့်အတိုင်း သင်ခန်းစာ (၂.၁.၄) တွင် ရေးထားသော သင်၏ သင်ကြားရေး သဘောတရားခံယူမှု ထုတ်ပြန်ကြေညာချက်ကို အသုံးပြုနိုင်သည်။ ထုတ်ပြန်ကြေညာချက်တွင် ထပ်ဖြည့်နိုင်သည် (သို့မဟုတ်) ထုတ်ပြန်ကြေညာချက်ကို ပြန်လည်ရေးသားနိုင်သည်။ တစ်နည်းအားဖြင့် စာရိတ္တနှင့် ပြည်သူ့နီတိတွင် စူးစမ်းလေ့လာသင်ယူခဲ့သော အဓိက အကြောင်းအရာများသည် အရည်အချင်းပြည့်ဝပြီး မိမိကိုယ်ကို ယုံကြည်မှုရှိသော မြန်မာကျောင်းဆရာတစ်ဦး ဖြစ်လာစေရန် အထောက်အကူဖြစ်စေကြောင်း ရှင်းပြရန် စာပိုဒ် လေးပိုဒ်ကို ရေးသားနိုင်သည်။

သင်၏ ဖြေကြားချက်သည် ဆရာ့တတ်ကျွမ်းမှုစံသတ်မှတ်ချက်မှ အညွှန်းကိန်း (က) (၃.၁.၁) ကို ပြည့်မီရန်လည်း အရေးကြီးသည် –

- (က) (၃.၁.၁) မြန်မာ့လူ့ဘောင်အသိုက်အဝန်းတွင် လက်ခံထားသည့် ဆရာများအတွက် စံအဖြစ် လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ် (၅) သွယ် နှင့် ဆရာအခန်းကဏ္ဍကို ဖော်ပြသည်။

မြန်မာကျောင်းဆရာများ၏ ကျင့်ဝတ်ငါးပါးကို စိစစ်တည်းဖြတ်ရန်အတွက် သင်ခန်းစာ (၃.၁.၄) ကို ကြည့်ပါ။

အထောက်အကူဖြစ်စေမည့် အကြံဉာဏ်သည် သင့်တွေးခေါ်ပုံကို လမ်းညွှန်ရန်အတွက် သင်၏ ယခင်ကပြန်လည်သုံးသပ်ချက်များနှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများကို အသုံးပြုရန် ဖြစ်သည်။

သင်၏ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် (သို့မဟုတ်) လေးထောင့်ကွက် (၆.၅) ကို အသုံးပြုပါ။

## လေးထောင့်ကွက် ၆.၅။ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း/ဂျာနယ် – မြန်မာ ကျောင်းဆရာတစ်ဦး ဖြစ်လာခြင်း

| စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို နားလည်သဘောပေါက်ခြင်း |
| --- |
| |

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ

၁။ စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ကို ဖန်တီးတတ်ရန်မှာ အဘယ်ကြောင့် အရေးကြီးသနည်း။

၂။ မတူကွဲပြားသော ယဉ်ကျေးမှုကို အသိအမှတ်ပြုခြင်းသည် မတူကွဲပြားသော လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန် မည်သို့ ပံ့ပိုးကူညီပေးနိုင်သနည်း။

၃။ ဆရာတစ်ဦးသည် သင်ကြားရေးအတွက် ငြိမ်းချမ်းသော သင်ကြားရေး ပတ်ဝန်းကျင်ကို မည်သို့ တည်ဆောက်နိုင်သနည်း။

၄။ ဆရာတစ်ဦးသည် စာသင်ခန်းအတွင်း ပြဿနာဖြေရှင်းမှုကို မည်သို့ပံ့ပိုးပေးနိုင်သနည်း။

၅။ မိမိကိုယ်ကို ထိန်းကျောင်းခြင်းအတွက် ပြန်လည်သုံးသပ်သော တွေးခေါ်မှုသည် အဘယ်ကြောင့် အရေးပါသနည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ယဉ်ကျေးမှုသည် ကမ္ဘာကြီးနှင့် ကျွန်ုပ်တို့၏ အပြန်အလှန် ဆက်သွယ်မှုများနှင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာရန် ကျွန်ုပ်တို့ ဖြတ်သန်းကြည့်ရှုသည့် မှန်ဘီလူးဖြစ်သည်။
- ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်က ကျွန်ုပ်တို့ကို ကရုဏာနှင့် နားလည်မှု ပိုမိုတိုးပွားလာစေသည်။
- ဆရာများသည် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများနှင့် သင်ကြားမှုနည်းလမ်းများကို ယဉ်ကျေးမှုမှန်ဘီလူးဖြင့် စစ်ထုတ်ရန် လိုအပ်သည်။
- ကျောင်းသားများသည် ခွဲခြားဆက်ဆံသည့် အပြုအမူများကို သတိပြုမိနိုင်ရန် လိုအပ်သည်။
  - ကျောင်းသားများအား ၎င်းတို့၏ အခြေအနေကို ခွဲခြမ်းစိတ်ဖြာရန်နှင့် အပြုအမူများကို ပြုပြင်ရန် ကူညီပေးခြင်းဖြင့် စွမ်းအားမြှင့်တင်ပေးပါ။
  - ကျောင်းသားများအား ပြဿနာဖြေရှင်းခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် ဆက်သွယ်ခြင်းအတွက် နည်းလမ်းများဖန်တီးနိုင်ရေး ကူညီပေးရန် လိုအပ်သည်။
- ကျောင်းသားများသည် ပညာရပ်ဆိုင်ရာ စွန့်စားရမှုများကို ရင်ဆိုင်ရန်အတွက် စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်ရရှိရန် လိုအပ်သည်။
- စာသင်ခန်းအတွင်း အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက်သည် ရိုးရှင်းသည့် လိုက်လျောညီထွေဖြစ်ခြင်းထက် ပိုမိုသာလွန်ပါသည်။
- မိမိကိုယ်ကို ထိန်းကျောင်းခြင်းတွင် ပြန်လည်သုံးသပ်သည့်တွေးခေါ်မှု လိုအပ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ အဓိကအချက်အလက်များကို ပေါင်းစပ်ထားသည့် ပိုစတာတစ်ခုကို သင်ဖန်တီးခဲ့ပြီးဖြစ်သည်။

ပိုစတာပေါ်ရှိ အချက်အလက်များကို ပြန်လည်စဉ်းစားသုံးသပ်ပြီး ပညာရေး၊ လက်တွေ့ တန်းပြ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ ဘာသာရပ်များတွင် သင်ယူခဲ့သည်များနှင့် ဆက်စပ်ကြည့်ပါ။ ဥပမာအားဖြင့် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်တွင် သင်ယူခဲ့သည့် အရာများသည် သင်၏ အခြားဘာသာရပ်များတွင် သင်ယူခဲ့သည့်အရာများနှင့် မည်သို့ကိုက်ညီမှုရှိသနည်း။

## ဆက်လက်ဖတ်မှတ်စရာများ

**၆.၁။**

Arigatou International. (2019). *Faith and children's rights: A multi-religious study on the convention rights of the child* (Executive summary). https://arigatouinternational.org/our-work/faith-childrens-rights-crc-study-documents/

Brown, B. (2015). *Daring greatly: How the courage to be vulnerable transforms the way we live, love, parent and lead*. Penguin Life.

Council of Europe. (2015). *Teaching controversial issues through education for democratic citizenship and human rights: Training pack for teachers.* https://edoc.coe.int/en/human-rights-democratic-citizenship-and-interculturalism/7738-teaching-controversial-issues.html

Department of Basic Education. (n.d.). *KG syllabus: Expected learning outcomes of the respected learning areas.* Myanmar Ministry of Education.

Dunlea, M. (2019, September 4). *Every student matters: Cultivating belonging in the classroom.* Edutopia. https://www.edutopia.org/article/every-student-matters-cultivating-belonging-classroom

Gay, G. (2013). Teaching to and through cultural diversity. *Curriculum Inquiry, 43*(1), 48–70. https://doi.org/10.1111/curi.12002

Good Character. (2021). *Character education, mindfulness, social-emotional learning, and life skills resources for Grades K-12. Teaching guide: Working out conflicts.* Live Wire Media. https://www.goodcharacter.com/elementaryschool/working-out-conflicts/

Keddie, A., & Mills, M. (2007). *Teaching boys: Developing classroom practices that work.* Allen & Unwin.

Nasser, I. (2014, December). *Education for peaceful living: A necessity from early childhood in contexts affected by violence.* Arigatou International. https://ethicseducationforchildren.org/en/knowledge-center/blog/341-education-for-peaceful-living-a-necessity-from-early-childhood-in-contexts-affected-by-violence-blog

Price, K. (2005). *It's okay to be different: Teaching diversity with Todd Parr.* National Council of Teachers of English. http://www.readwritethink.org/classroom-resources/lesson-plans/okay-different-teaching-diversity-890.html?tab=4

Rwehera, M. (2017, February). *National education strategic plan 2016–21 appraisal report 27.* UNESCO.

The Government of the Republic of the Union of Myanmar. (2016). *National education strategic plan 2016–21 Summary.* Ministry of Education.

The United States Institute of Peace. (2017). *Classroom strategies to teach peace from teachers for teachers.* https://www.usip.org/public-education/educators/classroom-strategies-teach-peace

UNESCO. (2018). *Preparing teachers for global citizenship education: A template.* https://bangkok.unesco.org/content/preparing-teachers-global-citizenship-education-template

UNESCO. (2020). *Rethinking learning: A review of social and emotional learning for education systems.* https://mgiep.unesco.org/rethinking-learning

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **အာဏာရှင်(Authoritarian)** | အာဏာရှင် ချဉ်းကပ်မှုဆိုသည်မှာ အာဏာကို ချုပ်ကိုင်ထားသည်ဟု ဆိုလိုသည်။ |
| **အပြုသဘောဆောင်သော အပြုအမူ (Constructive behaviour)** | အပြုသဘောဆောင်သော အပြုအမူများသည် အပြန်အလှန်လေးစားမှုအပေါ် အခြေခံပြီး နားလည်သဘောပေါက်လိုစိတ် ပါဝင်သည်။ |
| **ဓလေ့ထုံးတမ်းများ (Customs)** | ဓလေ့ထုံးတမ်းများသည် ကျင့်ကြံပြုမူသော နည်းလမ်းများဖြစ်သည်။ ၎င်းတို့သည် လူမှုအဖွဲ့အစည်းအတွင်း တရားဝင်မဟုတ်သော စည်းမျဉ်းစည်းကမ်းများနှင့် ထုံးတမ်းအစဉ်အလာများဖြစ်သည်။ |
| **ဆိုက်ဘာ အနိုင်ကျင့်ခြင်း (Cyberbullying)** | ဆိုက်ဘာအနိုင်ကျင့်ခြင်းဆိုသည်မှာ အွန်လိုင်းပတ်ဝန်းကျင်တွင် အပြန်အလှန်ဆက်ဆံသည့်အခါ တစ်စုံတစ်ဦးကို အနိုင်ကျင့်ခြင်း (သို့မဟုတ်) အနိုင်ကျင့်ခံရခြင်းဟု အဓိပ္ပာယ်ရသည်။ |
| **ဒီမိုကရေစီဆန်သော ခေါင်းဆောင်မှုပုံစံ (Democratic leadership style)** | ဒီမိုကရေစီဆန်သော ခေါင်းဆောင်မှုပုံစံတွင် ဆုံးဖြတ်ချက်များချရာတွင် ၎င်းတို့၏ အဖွဲ့ဝင်များ ပါဝင်ပါသည်။ |
| **အပျက်သဘောဆောင်သော အပြုအမူ (Destructive behaviour)** | ပျက်စီးစေသော အပြုအမူများသည် အန္တရာယ်ဖြစ်စေပြီး အပျက်သဘောဆောင်သော ဘာသာစကားကို အခြေခံထားသည်။ |
| **တိုက်ရိုက်ဒီမိုကရေစီ (Direct democracy)** | နိုင်ငံသားများသည် ဥပဒေများနှင့် မူဝါဒများအပေါ် ဆုံးဖြတ်ချက်များချရာတွင် ကူညီပိုင်ခွင့်ရှိသည်။ |
| **စည်းကမ်း (Discipline)** | စည်းကမ်းဆိုသည်မှာ အပြုအမူကို ထိန်းညှိရန် ကျင့်ဝတ် (သို့မဟုတ်) အလေ့အကျင့်တစ်ခုဖြစ်သည်။ |
| **ဖြန့်ဝေတရားမျှတမှု (Distributive justice)** | ဖြန့်ဝေတရားမျှတမှုသည် လူ့အဖွဲ့အစည်းအတွင်း ကုန်စည်များ၊ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို ဖြန့်ဝေပေးသည့် တရားမျှတသော နည်းလမ်းများ ပါဝင်သည်။ |
| **တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများ (Explicit rules)** | တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများသည် ရှင်းလင်းပြတ်သားပြီး တိုက်ရိုက် စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ |
| **သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများ (Implicit rules)** | သွယ်ဝိုက်သော စည်းမျဉ်းစည်းကမ်းများသည် အစဉ်အမြဲ တိကျရှင်းလင်းမှု မရှိသော်လည်း ထိုစည်းမျဉ်းစည်းကမ်းများကို တရားသေလိုက်နာသင့်သည်ဟု မှတ်ယူထားကြသည်။ |
| **ဥပဒေများ (Laws)** | ဥပဒေများသည် အစိုးရကဲ့သို့ ဥပဒေများပြုရန် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုမှ ပြဋ္ဌာန်းသော အထူးစည်းမျဉ်းစည်းကမ်း အမျိုးအစားကို ရည်ညွှန်းပါသည်။ |
| **အမြင်ရှုထောင့် (Perspective)** | အမြင်ရှုထောင့်ဆိုသည်မှာ ကျွန်ုပ်တို့ ကမ္ဘာကြီးကို ရှုမြင်ပုံဖြစ်သည်။ |
| **စည်းမျဉ်းများ (Regulations)** | စည်းမျဉ်းဆိုသည်မှာ ဥပဒေတစ်ရပ်ကို လိုက်နာကြောင်း သေချာစေရန် အာဏာပိုင်တစ်ဦးမှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းဖြစ်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **ကိုယ်စားပြု ဒီမိုကရေစီ (Representative democracy)** | အခြားဒီမိုကရေစီနိုင်ငံများတွင် ပြည်သူများသည် ၎င်းတို့ကိုယ်စား ဆောင်ရွက်ပေးမည့်သူ တစ်ဦးကို ရွေးကောက်တင်မြှောက်ပြီး ပြည်သူများကို ကိုယ်စားပြုစေ၍ ၎င်းတို့ကိုယ်စား ပြောဆိုလုပ်ကိုင်စေသော ဒီမိုကရေစီပုံစံဖြစ်သည်။ |
| **စည်းမျဉ်းစည်းကမ်းများ (Rules)** | စည်းမျဉ်းစည်းကမ်းများသည် လမ်းညွှန်တစ်ခုဖြစ်သည်။ ၎င်းတို့သည် လူများ (သို့မဟုတ်) လူအုပ်စုများကို ကျင့်ကြံပြုမူရန် (သို့မဟုတ်) အချို့သော အလေ့အကျင့်များကို ပြဋ္ဌာန်းရန် လမ်းပြကြသည်။ |
| **ဘေးကင်းလုံခြုံရေးကွန်ရက် (Safety network)** | သင်ယုံကြည်စိတ်ချရပြီး အန္တရာယ်မှ ကာကွယ်ပေးမည့် သူများဖြင့် ဖွဲ့စည်းထားသည့်ကွန်ရက်။ |
| **မိမိကိုယ်ကို ထိန်းကျောင်းခြင်း (Self-regulate)** | မိမိ၏ အပြုအမူနှင့် စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများကို ထိန်းကျောင်းခြင်းနှင့် ပြုပြင်ခြင်းတို့ကို ဆိုလိုသည်။ |
| **အဖွဲ့ဝင်ဖြစ်သည်ဟူသော ခံစားချက် (Sense of belonging)** | ကျောင်းသားတိုင်းကို တန်ဖိုးထားသည့် နေရာတစ်ခု ဖန်တီး၍ ၎င်းတို့၏ ထူးခြားမှုကို လေးစားတန်ဖိုးထားပြီး ၎င်းတို့အား စာသင်ခန်းနှင့် ကျောင်းတွင် သက်သောင့်သက်သာ ရှိမှုတို့ကို ခံစားမိစေခြင်းဖြစ်သည်။ |
| **သင်ကြားပေးနိုင်သော အခိုက်အတန့် (Teachable moment)** | အယူအဆ (သို့မဟုတ်) ဘာဝတွက်တာ ကျွမ်းကျင်စရာ တစ်ခုကို သင်ကြားပေးရန် မမျှော်လင့်ထားသော အခွင့်အရေး။ |

# ကျမ်းကိုးစာရင်း


Adams, C. (2020). *Cyberbullying: What teachers and schools can do*. Scholastic Teachers. https://www.scholastic.com/teachers/articles/teaching-content/cyberbullying-what-teachers-and-schools-can-do/

Arigatou International. (2019). *Faith and children's rights: A multi-religious study on the convention rights of the child* (Executive summary). https://arigatouinternational.org/our-work/faith-childrens-rights-crc-study-documents/

Australia's Magna Carta Institute Incorporated. (2020). *Rule of law education centre: Rules and laws.* https://www.ruleoflaw.org.au/primary-school-education/

Australian Electoral Commission. (2016). *Democracy rules*. https://education.aec.gov.au/democracy-rules/

Brancati, D. (2014, May). Democratic authoritarianism: Origins and effects. *Annual Review of Political Science.* https://www.researchgate.net/publication/271647244_Democratic_Authoritarianism_Origins_and_Effects

Brown, B. (2015). *Daring greatly: How the courage to be vulnerable transforms the way we live, love, parent and lead.* Penguin Life.

Burns, T. R., & Machado, N. (2013). S*ocial rule system theory: Universal interaction grammars.* Research Gate. https://www.researchgate.net/publication/259591669_SOCIAL_RULE_SYSTEM_THEORY_Universal_Interaction_Grammars

Chatterjee Singh, N., & Duraiappah, A. K. (Eds.). (2020). *Rethinking learning: A review of social and emotional learning frameworks for education systems.* UNESCO MGIEP.

Commonwealth of Australia. (2020). *Parliamentary education office: Democracy.* https://peo.gov.au/understand-our-parliament/how-parliament-works/system-of-government/democracy/

Council of Europe. (2015). *Teaching controversial issues through education for democratic citizenship and human rights: Training pack for teachers.* https://edoc.coe.int/en/human-rights-democratic-citizenship-and-interculturalism/7738-teaching-controversial-issues.html

Curwin, R. (2014, August 5). *Social and emotional learning: The 5 critical categories of rules.* https://www.edutopia.org/blog/5-critical-categories-of-rules-richard-curwin

Department of Basic Education. (n.d.). *Curriculum outline, morality and civics education primary level subject objectives.* Myanmar Ministry of Education.

Department of Basic Education. (n.d.). *KG syllabus: Expected learning outcomes of the respected learning areas*. Myanmar Ministry of Education.

Dunlea, M. (2019, September 4). *Every student matters: Cultivating belonging in the classroom.* Edutopia. https://www.edutopia.org/article/every-student-matters-cultivating-belonging-classroom

Fleischacker, S. (2004). *A short history of distributive justice*. Harvard University Press.

Gay, G. (2010). *Culturally responsive teaching: Theory, research, and practice* ($2^{nd}$ ed.). Teachers College Press.

Gay, G. (2013). Teaching to and through cultural diversity. *Curriculum Inquiry, 43*(1), 48–70. https://doi.org/10.1111/curi.12002

Good Character. (2021). *Character education, mindfulness, social-emotional learning, and life skills resources for Grades K–12. Teaching guide: Working out conflicts.* Live Wire Media. https://www.goodcharacter.com/elementaryschool/working-out-conflicts/

Keddie, A., & Mills, M. (2007). *Teaching boys: Developing classroom practices that work.* Allen & Unwin.

Lamont, J., & Favor, C. (2017). *Distributive justice, The Stanford Encyclopedia of Philosophy (Winter 2017 Edition), Edward N. Zalta (ed.).* https://plato.stanford.edu/archives/win2017/entries/justice-distributive

Nasser, I. (2014, December). *Education for peaceful living: A necessity from early childhood in contexts affected by violence*. Arigatou International. https://ethicseducationforchildren.org/en/knowledge-center/blog/341-education-for-peaceful-living-a-necessity-from-early-childhood-in-contexts-affected-by-violence-blog

Pekrun, R. (2014). *Emotions and learning: Educational practices series* (Vol. 24). UNESCO and International Bureau of Education.

Price, K. (2005). *It's okay to be different: Teaching diversity with Todd Parr.* National Council of Teachers of English. http://www.readwritethink.org/classroom-resources/lesson-plans/okay-different-teaching-diversity-890.html?tab=4

Rwehera, M. (2017, February). *National education strategic plan 2016–21 appraisal report 27.* UNESCO.

Stanley, M. (2020). *Regulation – The first 4000 years.* https://www.regulation.org.uk/history-1-to_1980.html

The Government of the Republic of the Union of Myanmar. (2014). *National Education Law 2014: Parliamentary Law No. 41.* 1376, New Moon of Thadingyut 7th day (September 30, 2014). Union Parliament.

The Government of the Republic of the Union of Myanmar. (2016). *National education strategic plan 2016–21 Summary.* Ministry of Education.

The United States Institute of Peace. (2017). *Classroom strategies to teach peace from teachers for teachers.* https://www.usip.org/public-education/educators/classroom-strategies-teach-peace

Turabik, T., & Gün, F. (2016). The relationship between teachers' democratic classroom management attitudes and students' critical thinking dispositions. *Journal of Education and Training Studies, 4*(12), 45–57. http://dx.doi.org/10.11114/jets.v4i12.1901

UNESCO. (2018). *Preparing teachers for global citizenship education: A template.* https://bangkok.unesco.org/content/preparing-teachers-global-citizenship-education-template

Urgel, M. (2019). *WEAVE: Innovating for refugee women.* World Fair Trade Organization. https://wfto.com/article/weave-%E2%80%93-innovating-refugee-women

Vygotsky, L. S. (1978). *Mind in society: The development of the higher psychological processes.* Harvard University Press.

World Fair Trade Organization. (2020). *About WFTO.* https://wfto.com/who-we-are

# နောက်ဆက်တွဲ

## နောက်ဆက်တွဲ (၁)။ သူငယ်တန်း သင်ရိုးညွှန်းတမ်း[၇၁]

**သူငယ်တန်း သင်ရိုးညွှန်းတမ်း**
**သင်ယူမှုနယ်ပယ်အလိုက် မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**၁။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း**

*မျှော်မှန်းရလဒ် (၁)။ ကလေးများသည် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို ရွေးချယ်စားသောက်တတ်သည့် အလေ့အထရှိကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် အစားအစာအမျိုးမျိုးကို သိရှိပြီး ရနိုင်သောနေရာများကို ပြောပြနိုင်သည်။ |
| ခ | ကလေးများသည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ခွဲခြားနိုင်သည်။ |
| ဂ | ကလေးများသည် မိသားစုအစားအစာ ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ထမင်းပွဲပြင်ဆင်ခြင်း လုပ်ငန်းများတွင် ကူညီသည်။ |
| ဃ | ကလေးများသည် အစားအစာ စားရာတွင် ယဉ်ကျေးစွာ စားသောက်တတ်ကြောင်း ပြသည်။ |

*မျှော်မှန်းရလဒ် (၂)။ ကလေးများသည် မိမိ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် မိမိပတ်ဝန်းကျင် သန့်ရှင်းရေးအတွက်ပါ နေ့စဉ်လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင် လုပ်ဆောင်နိုင်စွမ်းရှိကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်ကောင်းများကို နေ့စဉ်ပုံမှန် လုပ်ဆောင်နိုင်သည်။ |
| ခ | ကလေးများသည် အိမ်၊ ကျောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ကူညီ လုပ်ဆောင်သည်။ |
| ဂ | ကလေးများသည် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်ကောင်းများကို သိရှိပြီး အခြားသူများကို ပြောပြနိုင်သည်။ |

*မျှော်မှန်းရလဒ် (၃)။ ကလေးများသည် မိမိကိုယ်ကို အန္တရာယ်မဖြစ်အောင် ရှောင်ကြဉ် နေထိုင်တတ်လာကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် အန္တရာယ်ကင်းအောင် လိုက်နာရမည့် စည်းမျဉ်းများနှင့် ဆောင်ရန်ရှောင်ရန်များကို ပြောပြနိုင်သည်။ |
| ခ | ကလေးများသည် အန္တရာယ်ရှိသော အခြေအနေများကို သိပြီး မည်သို့တုံ့ပြန်ရမည်ကို ပြောပြသည်။ |
| ဂ | ကလေးများသည် အိမ်၊ ကျောင်း နှင့် ရပ်ရွာတွင် တွေ့ရသော အန္တရာယ်များကို မိဘနှင့် ဆရာတို့အား အသိပေးသည်။ |
| ဃ | ကလေးများသည် ပတ်ဝန်းကျင်တွင် တွေ့ရတတ်သော အန္တရာယ်ကင်းရှင်းရေး အချက်ပြသင်္ကေတများ၏ အဓိပ္ပာယ်ကို ပြောပြသည်။ |

၇၁ Department of Basic Education. (n.d.). *KG Syllabus.*

| | |
|---|---|
| င | ကလေးများသည် အရေးပေါ်အခြေအနေတွင် မိမိအမည်၊ မိဘအမည်၊ အသက်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များကို မိမိသိကျွမ်းသောသူ၊ ယုံကြည်သောသူအား ကောင်းစွာပြောပြနိုင်သည်။ |
| စ | ကလေးများသည် သဘာဝဘေးအပါအဝင် အရေးပေါ်အခြေအနေနှင့် ကြုံလာသောအခါ လိုက်နာလုပ်ဆောင်ရမည့် ရိုးရှင်းလွယ်ကူသော နည်းလမ်းများကို ပြောပြသည်။ |

*မျှော်မှန်းရလဒ် (၄)။ ကလေးများသည် ကိုယ်လက်လှုပ်ရှားမှု လုပ်ငန်းများတွင် စိတ်ဝင်စားပြီး ပါဝင်လုပ်ဆောင်နိုင်သော စွမ်းရည်ရှိကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် ကိုယ်လက်လှုပ်ရှား ကစားရာတွင် စိတ်ဝင်စားစွာပါဝင်သည်။ |
| ခ | ကလေးများသည် ကြွက်သားကြီးများကိုသုံး၍ လှုပ်ရှားလုပ်ဆောင်နိုင်စွမ်းရှိကြောင်း ပြသသည်။ |
| ဂ | ကလေးများသည် ကြွက်သားငယ်များကိုသုံး၍ လှုပ်ရှားလုပ်ဆောင်နိုင်စွမ်းရှိကြောင်း ပြသသည်။ |

*မျှော်မှန်းရလဒ် (၅)။ ကလေးများသည် အခြေအနေအမျိုးမျိုးကို ကိုယ်စိတ်ကြံ့ခိုင်မှုရှိစွာဖြင့် ရင်ဆိုင်နိုင်စွမ်းရှိကြောင်း ပြသနိုင်သည်။*

| | |
|---|---|
| က | ကလေးများသည် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အတူတကွလုပ်ဆောင်ရာတွင် ညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်သည်။ |
| ခ | ကလေးများသည် မိမိပတ်ဝန်းကျင်ရှိ အကူအညီရနိုင်သော နေရာများနှင့် မိမိအား အကူအညီပေးနိုင်သော သူများကို ပြောပြသည်။ |
| ဂ | ကလေးများသည် ကြုံတွေ့လာနိုင်သော အခက်အခဲများကို ဖြေရှင်းနိုင်ရန် မိမိကိုယ်ကို ယုံကြည်မှုရှိကြောင်း ပြသသည်။ |

**၂။ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း**

*မျှော်မှန်းရလဒ် (၁)။ ကလေးများသည် မိမိကိုယ်မိမိ သင်ယူလေ့လာနိုင်စွမ်းရှိသူအဖြစ် ယုံကြည်မှုရှိကြောင်းပြသသည်။*

| | |
|---|---|
| က | ကလေးများသည် မိမိကိုယ်မိမိသိရှိပြီး မိမိနှင့်အခြားသူများအကြား တူညီမှု၊ ကွဲပြားခြာနားမှုများကို ပြောပြနိုင်သည်။ |
| ခ | ကလေးများသည် လုပ်ငန်းများကို အချိန်ပိုကြာစွာ အာရုံစိုက်ပြီးလုပ်ကိုင်နိုင်သည်။ |
| ဂ | ကလေးများသည် ပတ်ဝန်းကျင်ကို လွတ်လပ်စွာ စူးစမ်းလေ့လာသည်။ |

*မျှော်မှန်းရလဒ် (၂)။ ကလေးများသည် မိသားစုများ၊ အိမ်နီးချင်းများ၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် အားကောင်းသောဆက်ဆံရေးကို တည်ဆောက်ထားကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် မိမိဘဝတွင် မိသားစုနှင့် မိတ်ဆွေသူငယ်ချင်းများ၏ အရေးပါမှုကို ဖော်ပြနိုင်သည်။ |
| ခ | ကလေးများသည် လူကြီးများနှင့်လည်းကောင်း၊ သက်တူရွယ်တူများနှင့်လည်းကောင်း၊ ပြေပြစ်စွာ ပြောဆိုဆက်သွယ်နိုင်သည်။ (မိမိနှင့် အခြားသူများအားလုံး၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို လေးစားအသိအမှတ်ပြုသည်။) |

| | |
|---|---|
| ဂ | ကလေးများသည် အခြားသူများနှင့် အတူတူအလုပ်လုပ်ရာတွင် အခြေခံအားဖြင့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်။ |
| ဃ | ကလေးများသည် အခြားသူများနှင့်အတူတူ လုပ်ကိုင်ဆောင်ရွက်ရသည်ကို နှစ်သက်ကြောင်းပြ၍ အခြားသူများကို ဂရုစိုက်ကြောင်းပြသည်။ |

*မျှော်မှန်းရလဒ် (၃)။ ကလေးများသည် မြန်မာလူမျိုးတို့၏ တူညီသော တန်ဖိုးထားမှုများနှင့် တာဝန်ဝတ္တရားများကို သိရှိနားလည်ကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် မိမိ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို လေးစားတန်ဖိုးထားကြောင်းနှင့် အခြားသူများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကိုလည်း လေးစားကြောင်းပြသသည်။ |
| ခ | ကလေးများသည် မိမိနေထိုင်ရာ လူမှုဝန်းကျင်တွင် ကောင်းသောအမူအကျင့်များကို ပြသနိုင်သည်။ |
| ဂ | ကလေးများသည် မိဘများ၊ ဆရာများနှင့် အခြားလူများအပေါ် လေးစားမှုများနှင့် တာဝန်ရှိမှုများကို ပြသသည်။ |
| ဃ | ကလေးများသည် မိမိ၏ခံစားချက်များကို မိမိကိုယ်နှင့် အခြားသူများကို မထိခိုက်စေဘဲ ထိန်းချုပ်ပြသနိုင်သည်။ |
| င | ကလေးများသည် အခြားလူ၏အပြုအမူသည် မိမိအပေါ် မလေးမစားဖြစ်နေပါက လေးလေးစားစား ပြောဆိုပြုမူရန် ရပ်တည်ချက်ခိုင်မာစွာ ဖော်ထုတ်တောင်းဆိုနိုင်သည်။ |
| စ | ကလေးများသည် အနီးကပ်နေသော လူကြီးများ၏ အားပေးမှုဖြင့် လုပ်ငန်းများကို မိမိကိုယ်တိုင်အစပျိုး ပြုလုပ်တတ်လာသည်။ |
| ဆ | ကလေးများသည် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးကြောင်း ပြသသည်။ |

*မျှော်မှန်းရလဒ် (၄)။ ကလေးများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတစ်ဦး၏ သီးသန့်လက္ခဏာများကို သိရှိပြီး တိုင်းရင်းသားလူမျိုးစု အသီးသီး၏ တူညီမှုများနှင့် မတူကွဲပြားခြားနားမှုများကိုလည်း နားလည်ကာ လေးစားတန်ဖိုးထားကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် မိမိ မိသားစု၏ တန်ဖိုးထားမှုများနှင့် မိသားစုကိုယ်ပိုင်လက္ခဏာများကို သိရှိပြီး အခြားသော မိသားစုများ၏ မတူသောသီးသန့်လက္ခဏာများကိုလည်း ပြောပြတတ်သည်။ |
| ခ | ကလေးများသည် မြန်မာနိုင်ငံ၏ အမှတ်သင်္ကေတများကိုသိရှိပြီး ယင်းသင်္ကေတများ၏ ကိုယ်စားပြုမှုများကို လည်း ပြောပြတတ်လာသည်။ (အလံ/မြန်မာပြည်မြေပုံ/နိုင်ငံတော်သီချင်း) |
| ဂ | ကလေးများသည် မိသားစုအတွင်း အစဉ်အလာအရ ကျင်းပဆောင်ရွက်သည့် မိသားစုပွဲများအကြောင်း ဂုဏ်ယူပြီး အခြားသူများအား ပြောပြတတ်သည်။ |
| ဃ | ကလေးများသည် အခြားလူမျိုးစုများ၏ အစဉ်အလာအရ ကျင်းပသောပွဲတော်များတွင် တက်ကြွစွာပါဝင်ပြီး သက်ဆိုင်ရာလူမျိုး၏ ယဉ်ကျေးမှုကို လေးစားကြောင်းပြသသည်။ |
| င | ကလေးများသည် လူကြီးများ၏ ကူညီအားပေးမှုဖြင့် မိမိ၏ယဉ်ကျေးမှုဓလေ့များနှင့် အခြားလူများ၏ ယဉ်ကျေးမှုဓလေ့များကို လေးစားတန်ဖိုးထားမှုရှိကြောင်း ပြသသည်။ |

**၃။ ပြောဆိုဆက်သွယ်ခြင်း/ပြောဆိုဆက်ဆံမှုဆိုင်ရာ ဆက်နွှယ်မှုများ**

*မျှော်မှန်းရလဒ် (၁)။ ကလေးများသည်  အသံများ၊ စကားများကို အာရုံစိုက်နားထောင်တတ်သည်။*

| | |
|---|---|
| က | ကလေးများသည်  စကားသံအမျိုးမျိုးကို နားထောင်၍ အသံများကို ခွဲခြားနိုင်သည်။<br><br>(ဥပမာ – တူ/မတူ၊ ကာရန်တူ၊ ဗျည်း၊ အက္ခရာသံများ၊ စကားလုံး၊ အမည်၊ အစသံ) |
| ခ | ကလေးများသည်  စကားလုံးများ၊ ဝါကျများကို နားထောင်၍ အသံအစိတ်အပိုင်းများအဖြစ် ခွဲထုတ်နိုင်သည်။<br><br>(ဥပမာ – ထမင်း = ထ + မင်း = အသံ ၂ သံ။ ဆရာမလာတယ် = +++ ++ = ၅ သံ) |
| ဂ | ကလေးများသည်  သီချင်း၊ ကဗျာများ၊ ပုံပြင်များ၊ ဇာတ်လမ်းများကို နားထောင်ပြီး အမူအရာဖြင့် သရုပ်ဆောင်ပြနိုင်သည်။ |
| ဃ | ကလေးများသည်  ရိုးရှင်းလွယ်ကူသော မေးခွန်းများကို နားထောင်ပြီး ဆီလျော်စွာ တုံ့ပြန်ပြောဆိုနိုင်သည်။ |
| င | ကလေးများသည်  အများဆုံး အဆင့် (၃) ဆင့်ပါသော ညွှန်ကြားချက်များကို နားထောင်ပြီး ညွှန်ကြားချက်အတိုင်း မှန်ကန်စွာ အဆင့်ဆင့် လိုက်နာဆောင်ရွက်နိုင်သည်။ |

*မျှော်မှန်းရလဒ် (၂)။ ကလေးများသည်  မိမိတို့၏ အတွေ့အကြုံများ၊ ခံစားချက်များနှင့် လိုအပ်ချက်များကို တစ်ဖက်လူ နားလည်အောင် ပြောဆို ဆက်သွယ်ပုံအမျိုးမျိုးကိုသုံးပြီး ပြောဆိုဆက်သွယ်တတ်သည်။*

| | |
|---|---|
| က | ကလေးများသည်  ဝါကျအပြည့် ပြောတတ်သည်။ |
| ခ | ကလေးများသည်  စကားလုံးအသစ်များ စမ်းသပ်အသုံးပြုတတ်သည်။ |
| ဂ | ကလေးများသည်  ကြားဖူးသော ပုံပြင်များကို ပြန်ပြောတတ်သည်။ |
| ဃ | ကလေးများသည်  အခြားကလေးများပြောသော ပုံပြင်ကို မိမိစကားဖြင့် ပြန်ပြောတတ်သည်။ |
| င | ကလေးများသည်  တစ်တန်းလုံးနှင့်အတူ သီချင်းကဗျာများကို မှန်ကန်သွက်လက်စွာရွတ်ဆို၍ အမူအရာ ပြုလုပ်တတ်သည်။ |
| စ | ကလေးများသည်  ဆွေးနွေးမှုတွင် ပါဝင်ပြီး မေးခွန်းများမေးတတ်သည်။ |
| ဆ | ကလေးများသည်  မရှင်းလင်းသည်ကို ရှင်းပြရန်တောင်းဆိုတတ်သည်။ |
| ဇ | ကလေးများသည်  ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းအချို့ကို အသုံးပြုတတ်သည်။<br><br>(ဥပမာ – အရေအတွက်၊ အချိန်၊ အစီအစဉ်၊ အရောင် နှင့် အသက်အပိုင်းအခြား စသည်ဖြင့်) |

*မျှော်မှန်းရလဒ် (၃)။ ကလေးများသည် ပတ်ဝန်းကျင်ရှိ စာများ၊ ရုပ်ပြစာအုပ်များကို ဖတ်ရာမှတစ်ဆင့် စာများကိုဖတ်နိုင် လာသည်။ (စာဖတ်ခြင်း)*

| | |
|---|---|
| က | ကလေးများသည် ဖတ်စရာစာအုပ်အမျိုးမျိုးနှင့် စာအုပ်တစ်အုပ်၏ အစိတ်အပိုင်းများကို ဖော်ထုတ်နိုင်သည်။ |
| ခ | ကလေးများသည် ဖတ်စရာစာအုပ်ကို အနေအထားမှန်အောင်ကိုင်နိုင်ပြီး စာမျက်နှာများကို မှန်ကန်စွာ လှန်တတ်သည်။ |
| ဂ | ကလေးများသည် စာဖတ်ရာတွင် ဖတ်သောစကားလုံးကို လက်ဖြင့်ထောက်ပြီး အသံထွက် ဖတ်သည်။ |
| ဃ | ကလေးများသည် အသံနှင့် အက္ခရာ၊ စကားလုံးများကို ဆက်စပ်တတ်သည်။ |
| င | ကလေးများသည် ရုပ်ပုံများကို ကြည့်ပြီး ပုံပြင်ကို ကြိုတင် ခန့်မှန်းနိုင်သည်။ |
| စ | ကလေးများသည် ရုပ်ပုံများကို အဓိပ္ပာယ်ဖွင့်ပြီး ကိုယ်ပိုင်ပုံပြင်ဖြစ်အောင် ဖန်တီးတတ်သည်။ |
| ဆ | ကလေးများသည် ရုပ်ပုံကိုကြည့်ပြီး ရုပ်ပုံပါ စကားစုများကို ဖတ်တတ်သည်။<br><br>(ဥပမာ – ကြောင်ကလေးပုံအောက်ရှိ “ကြောင်” ဟူသောစကားလုံး) |
| ဇ | ကလေးများသည် ပတ်ဝန်းကျင်တွင် တွေ့မြင်နေကျ စကားလုံးများကို မှတ်မိ၍ ဖတ်တတ်သည်။ |
| ဈ | ကလေးများသည် စာအုပ်များဖတ်ရသည်ကို စိတ်ဝင်စား၊ နှစ်သက်ကြောင်း ပြသသည်။ |

*မျှော်မှန်းရလဒ် (၄)။ ကလေးများသည် မိမိတို့၏ အတွေ့အကြုံများနှင့် စိတ်ကူးများကို ရုပ်ပုံဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖော်ပြတတ်သည်။ (စာရေးခြင်း)*

| | |
|---|---|
| က | ကလေးများသည် ခဲတံကို မှန်ကန်စွာ ကိုင်တတ်သည်။ |
| ခ | ကလေးများသည် ပုံစံအမှန်ဖြင့်ထိုင်၍ စာရေးနိုင်သည်။ |
| ဂ | ကလေးများသည် ရိုးရှင်းသော ပုံများ၊ အက္ခရာများနှင့် မိမိအမည်ကို ကောက်ကြောင်းအတိုင်း လိုက်ရေးတတ်သည်။ |
| ဃ | ကလေးများသည် မိမိပတ်ဝန်းကျင်မှ အက္ခရာများနှင့် ဂဏန်းများကို ကူးရေးတတ်သည်။ |
| င | ကလေးများသည် လက်ချောင်း၊ စုတ်တံ၊ ဖယောင်းတောင့်များသုံးပြီး ပုံများ ရေးဆွဲခြင်းဖြင့် အက္ခရာများ စတင်ရေးတတ်လာသည်။ |
| စ | ကလေးများသည် စာရေးရာတွင် ဘယ်မှညာ၊ အထက်မှအောက်သို့ ဦးတည်ချက်အမှန်ဖြင့်ရေးတတ်သည်။ |
| ဆ | ကလေးများသည် အက္ခရာများ/ကိန်းများကို အရစ်အဆွဲမှန်စွာဖြင့် ရေးတတ်သည်။ |
| ဇ | ကလေးများသည် အက္ခရာများကို ခွဲခြားသတ်မှတ်နိုင်သည်။ |
| ဈ | ကလေးများသည် စာရေးရာတွင် စကားလုံးများကြားတွင် နေရာကွက်လပ်ရှိသည်ကိုသိသည်။ |
| ည | ကလေးများသည် စာရေးရန် စိတ်အားထက်သန်ကြောင်း ပြသည်။ |
| ဋ | ကလေးများသည် မိမိ၏ အတွေ့အကြုံ၊ ခံစားချက်များ၊ စိတ်ကူးများကို ပုံဆွဲ၍လည်းကောင်း၊ အမှုအရာဖြင့် လည်းကောင်း ဖော်ထုတ်ပြသသည်။ |
| ဌ | ကလေးများသည် စာရေးတမ်းကစားရင်း ပတ်ဝန်းကျင်တွင် တွေ့ရသောစာများကို ကူးရေးသည်။ |
| ဍ | ကလေးများသည် ဆရာရေးပေးသော မိမိ၏ ဝါကျများကို ဖတ်တတ်သည်။ |

**၄။ သင်္ချာအခြေခံများကို စူးစမ်းခြင်း**

*မျှော်မှန်းရလဒ် (၁)။ ကလေးများသည် ကိန်းများ တွက်ချက်မှုနှင့် ကိန်းများအချင်းချင်း ဆက်သွယ်မှုများကို စူးစမ်းလေ့လာတတ်သည်။*

| | |
|---|---|
| က | ကလေးများသည် နေ့စဉ်တွေ့နေသော အကောင်အထည်ရှိသည့် ပစ္စည်းများကို လက်တွေ့မှန်ကန်အောင် ရေတွက်တတ်သည်။ (၁ မှ ၂၀ အထိသာ) |
| ခ | ကလေးများသည် ပစ္စည်းအရေအတွက် မည်မျှရှိသည်ကို အနီးစပ်ဆုံး ခန့်မှန်းနိုင်သည်။ |
| ဂ | ကလေးများသည် ကိန်းများကို အစီအစဉ်အလိုက်နှင့် နောက်ပြန် ရေတွက်တတ်သည်။ (ဥပမာ – ၁၊ ၂၊ ၃ – ၃၊ ၂၊ ၁) |
| ဃ | ကလေးများသည် နေ့စဉ်အခြေအနေများနှင့် ဆက်စပ်ပြီး ကိန်းများကို အသုံးပြုတတ်သည်။ |
| င | ကလေးများသည် ကိန်းများကိုသိပြီး ဖတ်တတ်သည်။ |
| စ | ကလေးများသည် အရာဝတ္ထုများကို နှိုင်းယှဉ်ခြင်း၊ အစီအစဉ်အလိုက် စီခြင်းများ ပြုလုပ်နိုင်သည်။ |
| ဆ | ကလေးများသည် ကိန်းများကို ကူးရေးတတ်သည်။ |

*မျှော်မှန်းရလဒ် (၂)။ ကလေးများသည် ပုံများကို ရှာတတ်ပြီး ကိုယ်တိုင်လည်း ပုံစံများကို ပြုလုပ်တတ်သည်။*

| | |
|---|---|
| က | ကလေးများသည် ပတ်ဝန်းကျင်တွင်တွေ့ရသော ပုံစံအမျိုးမျိုးကို ဖော်ထုတ်ပြီး ပုံတူကူးနိုင်သည်။ |
| ခ | ကလေးများသည် အရာဝတ္ထုပစ္စည်းများကို အရောင်၊ ပုံသဏ္ဍာန်အရွယ်အစားပေါ် မူတည်၍ ခွဲခြားနိုင်ပြီး တူရာစုစည်းနိုင်သည်။ |
| ဂ | ကလေးများသည် ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများ၊ ပစ္စည်းများ၏ ပုံစံများကို ကူးယူပြီး မိမိစိတ်ကူးဖြင့် ဆက်လက်ပုံဖော်တတ်သည်။ |
| ဃ | ကလေးများသည် ရိုးရှင်းလွယ်ကူသော ပုံစံများကို ဝတ္ထုပစ္စည်းများ အသုံးပြု၍သော်လည်းကောင်း၊ ရုပ်ပုံရေးဆွဲ၍သော်လည်းကောင်း ကိုယ်ခန္ဓာလှုပ်ရှားမှုဖြင့်သော်လည်းကောင်း ဖော်ပြနိုင်သည်။ |

*မျှော်မှန်းရလဒ် (၃)။ ကလေးများသည် ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများ၏ တည်နေရာများနှင့် ပုံသဏ္ဍာန်များကို ပြောပြတတ်သည်။*

| | |
|---|---|
| က | ကလေးများသည် အရာဝတ္ထုများ၏ တည်နေရာများကို သတ်မှတ်ပြောပြနိုင်သည်။ |
| ခ | ကလေးများသည် ပြင်ညီပုံ/ထုပုံများ ပုံသဏ္ဍာန်၊ အမည်များကိုသိပြီး ကိုယ်တိုင် ရေးဆွဲတတ်သည်။ |
| ဂ | ကလေးများသည် ပြင်ညီပုံ/ထုပုံများကို အမျိုးအစားခွဲခြားခြင်း၊ နှိုင်းယှဉ်ခြင်း ပြုလုပ်နိုင်သည်။ |
| ဃ | ကလေးများသည် ပတ်ဝန်းကျင်တွင် တွေ့ရသော ပုံများကို ခေါက်ချိုးညီမှု ရှိ/မရှိ ခွဲခြားတတ်သည်။ |

*မျှော်မှန်းရလဒ် (၄)။ ကလေးများသည် တိုင်းတာခြင်းဆိုင်ရာ အခြေခံသဘောတရားများကို လက်တွေ့ဘဝတွင် သုံးတတ်လာသည်။*

| | |
|---|---|
| က | ကလေးများသည် လက်တွေ့ဘဝတွင် အချိန်နှင့်ပတ်သက်၍ သုံးလေ့ရှိသော အသုံးအနှုန်းများကို မှန်မှန်ကန်ကန် သုံးနိုင်သည်။ |
| ခ | ကလေးများသည် အချိန်များကို နှိုင်းယှဉ်နိုင်သည်။ |
| ဂ | ကလေးများသည် နေ့စဉ်ဘဝ အဖြစ်အပျက်များကို စနစ်တကျ ပြောတတ်သည်။ |
| ဃ | ကလေးများသည် ရက်သတ္တပတ်အတွင်းရှိ နေ့များ၊ တစ်နှစ်အတွင်းရှိ လများကို ပြောပြနိုင်သည်။ |
| င | ကလေးများသည် အရာဝတ္ထုများ၏ အလျား၊ အနံ၊ အမြင့်တို့ကို စံပြုမထားသော တိုင်းတာမှုပစ္စည်းများဖြင့် ခန့်မှန်းခြင်း၊ နှိုင်းယှဉ်ခြင်း၊ တိုင်းတာခြင်းတို့ကို ပြုလုပ်နိုင်သည်။ |
| စ | ကလေးများသည် အရာဝတ္ထုများ၏ အလေးချိန်များကို စံသတ်မှတ်မထားသော တိုင်းတာမှုပစ္စည်းများဖြင့် ခန့်မှန်းခြင်း၊ နှိုင်းယှဉ်ခြင်း တို့ကို ပြုလုပ်နိုင်သည်။ |
| ဆ | ကလေးများသည် အရည်များ၏ ထုထည်ကို စံသတ်မှတ်မထားသော တိုင်းတာမှုပစ္စည်းများဖြင့် ခန့်မှန်းခြင်း၊ နှိုင်းယှဉ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။ |

*မျှော်မှန်းရလဒ် (၅)။ ကလေးများသည် ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို စုဆောင်းလေ့လာပြီး အဓိပ္ပာယ်အမျိုးမျိုးရှိအောင် ပြုလုပ်တတ်သည်။*

| | |
|---|---|
| က | ကလေးများသည် ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို စုဆောင်းတတ်သည်။ တူရာစုတတ်သည်။ |
| ခ | ကလေးများသည် စုဆောင်းသော ပစ္စည်းများဖြင့် ပုံဖော်တတ်သည်။ |
| ဂ | ကလေးများသည် ပုံဖော်ထားမှုနှင့်ပတ်သက်သော မေးခွန်းများ ဖြေတတ်သည်။ |

**၅။ အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်း**

*မျှော်မှန်းရလဒ် (၁)။ ကလေးများသည် လွတ်လပ်စွာကစားခြင်းနှင့် အတုလုပ်ကစားခြင်းတို့ကို ပြုလုပ်နိုင်စွမ်းရှိကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် အခြားကလေးများနှင့်အတူတူ ပူးပေါင်းလုပ်ဆောင် ကစားနိုင်သည်။ |
| ခ | ကလေးများသည် စိတ်ကူးဖြင့် ကစားရသည်များကို အချိန်ကြာကြာ ကစားနိုင်သည်။ (မိသားစုဘဝအကြောင်း၊ လူကြီးများနှင့် အပြန်အလှန်ဆက်သွယ်ခြင်းအကြောင်းများ) |
| ဂ | ကလေးများသည် ပတ်ဝန်းကျင်တွင်ရှိသော ပစ္စည်းများကိုသုံး၍ တည်ဆောက်ကစားခြင်းများကို လွတ်လပ်စွာ စိတ်ကူးပုံဖော် ကစားတတ်သည်။ (ဘူးများ၊ ကြိုးများ၊ တုတ်ချောင်းများ၊ ကျောက်တုံးများ စသည်ဖြင့်) |

*မျှော်မှန်းရလဒ် (၂)။ ကလေးများသည် ပုံဆွဲခြင်း၊ ဆေးခြယ်ခြင်း၊ ပုံဖော်ခြင်းများအပါအဝင် အမြင်အာရုံဆိုင်ရာ အနုလက်မှု လုပ်ငန်းများကို နှစ်သက်ခံစားတတ်ပြီး ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် အဝိုင်းအခြေခံလူပုံများ၊ တိရစ္ဆာန်ပုံများနှင့် သစ်ပင်ပုံများကို ရေးဆွဲတတ်သည်။ |
| ခ | ကလေးများသည် လက်တွေ့ဘဝတွင် တွေ့မြင်ဖူးသည့်ရုပ်ပုံများ၊ မြင်ကွင်းများကို ရေးဆွဲတတ်သည်။ |
| ဂ | ကလေးများသည် ရွှံ့၊ သဲ၊ ဂျုံ၊ စက္ကူစသည့် ပစ္စည်းများကို သုံး၍ ရုပ်ပုံများ၊ ပုံသဏ္ဍာန်များကို အသေးစိတ် ပုံဖော်နိုင်သည်။ |

*မျှော်မှန်းရလဒ် (၃)။ ကလေးများသည် ဂီတ၊ အကနှင့် သရုပ်ဆောင်မှုတို့ကို နှစ်သက်ခံစားတတ်ပြီး ဖန်တီးနိုင်စွမ်းရှိကြောင်း လုပ်နိုင်စွမ်းရှိကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် သီချင်းများကို ကာရန်နှင့်အညီ ဆိုခြင်း၊ ကခြင်းနှင့် လက်ခုပ်တီးခြင်းတို့ကို လူကြီးများ၊ အခြားကလေးများနှင့်အတူ ပြုလုပ်နိုင်သည်။ |
| ခ | ကလေးများသည် အသံထွက်စေနိုင်သော ပစ္စည်းများကို သုံး၍ စည်းချက်နှင့်အညီ စုပေါင်းတီးခတ်နိုင်သည်။ |
| ဂ | ကလေးများသည် ပုံပြင်များကို လူကြီးအကူအညီဖြင့် အမူအရာဖြင့် သရုပ်ဆောင်ပြတတ်သည်။ |
| ဃ | ကလေးများသည် အမူအရာဖြင့် လုပ်ဆောင်ပြရန် ပုံပြင်များကို တီထွင်တတ်သည်။ |
| င | ကလေးများသည် ပုံပြင်တွင်ပါသော တိရစ္ဆာန်များ၊ သစ်ပင်များနှင့် အရာဝတ္ထုများ၏ လှုပ်ရှားမှုများအတိုင်း လှုပ်ရှားတတ်သည်။ |

*မျှော်မှန်းရလဒ် (၄)။ ကလေးများသည် ကြုံတွေ့ရသော အခြေအနေများအတွက် နည်းလမ်းအမျိုးမျိုး ဖန်တီးဖြေရှင်းတတ်သော အရည်အချင်းရှိကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် "ဘာကြောင့်၊ ဘယ်လို" စသည့် မေးခွန်းအမျိုးမျိုးကို မေးတတ်သည်။ |
| ခ | ကလေးများသည် အခက်အခဲများကြုံလာပါက ဖြေရှင်းနည်းအမျိုးမျိုး (နည်းလမ်းအမျိုးမျိုး) ကို စမ်းသပ်ကြည့်တတ်သည်။ |
| ဂ | ကလေးများသည် အဖြေအမျိုးမျိုးကို ရှာတတ်ပြီး အကောင်းဆုံးနည်းလမ်းကို ရွေးချယ်ဆောင်ရွက်နိုင်သည်။ |

**၆။ ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း**

*မျှော်မှန်းရလဒ် (၁)။ ကလေးများသည် သဘာဝပတ်ဝန်းကျင်ကို စူးစမ်းလေ့လာနိုင်စွမ်းရှိကြောင်း ပြသသည်။ (ပတ်ဝန်းကျင်၊ တိရစ္ဆာန်များ၊ အပင်များ၊ သက်ရှိများ နေထိုင်ရာ ပတ်ဝန်းကျင်များ)*

| | |
|---|---|
| က | ကလေးများသည် တိရစ္ဆာန်များ၊ သစ်ပင်များအကြောင်းသိရှိပြီး လူသားများနှင့် အပြန်အလှန်ဆက်သွယ်ပုံကို ပြောပြနိုင်သည်။ |
| ခ | ကလေးများသည် လူကြီးများ၏ အကူအညီဖြင့် စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ပြသသည်။ |
| ဂ | ကလေးများသည် ပတ်ဝန်းကျင်၊ တိရစ္ဆာန်များနှင့် သစ်ပင်များကို တန်ဖိုးထားကြောင်း ပြသနိုင်သည်။ |
| ဃ | ကလေးများသည် သဘာဝပတ်ဝန်းကျင်ကို စူးစမ်းလေ့လာပြီး ခွဲခြမ်းစိတ်ဖြာနိုင်ကြောင်း ပြသနိုင်သည်။ |
| င | ကလေးများသည် သိပ္ပံနည်းကျဖြစ်စဉ်များကို စမ်းသပ်လုပ်ကိုင်ခြင်းဖြင့်လည်းကောင်း၊ ကြည့်ရှု လေ့လာခြင်းဖြင့်လည်းကောင်း သိရှိကြောင်းပြသနိုင်သည်။ |
| စ | ကလေးများသည် သန့်ရှင်းသော သောက်သုံးရေကို ရွေးချယ်အသုံးပြုရန် အရေးကြီးကြောင်း ရှင်းပြနိုင်သည်။ |

*မျှော်မှန်းရလဒ် (၂)။ ကလေးများသည် ပစ္စည်းများကို ပြုလုပ်ရာတွင် အသုံးပြုထားသော နည်းပညာ၊ အတတ်ပညာများကို စူးစမ်းလိုကြောင်း ပြသသည်။*

| | |
|---|---|
| က | ကလေးများသည် ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် အတတ်ပညာ၊ နည်းပညာ၏ တန်ဖိုးကို သိရှိကြောင်း ပြသသည်။ |
| ခ | ကလေးများသည် အရာဝတ္ထုများ၊ ပစ္စည်းများကို အာရုံငါးပါးသုံးပြီး စူးစမ်းလေ့လာနိုင်သည်။ |
| ဂ | ကလေးများသည် ပစ္စည်းကိရိယာများကို သတိရှိစွာ၊ နားလည်စွာ လက်တွေ့ကိုင်တွယ် အသုံးပြုနိုင်သည်။ |

*မျှော်မှန်းရလဒ် (၃)။ ကလေးများသည် အချိန်နှင့်နေရာကို အခြေခံ၍ မိမိ၏ ပတ်ဝန်းကျင်ဒေသအကြောင်း စူးစမ်းလေ့လာတတ်လာသည်။*

| | |
|---|---|
| က | ကလေးများသည် ပုံပြင်များတွင်ပါဝင်သော ရှေးအခါက လူများနှင့် နေရာဒေသများ၏ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ပြောပြနိုင်သည်။ |
| ခ | ကလေးများသည် နေရာဒေသများသည် လူများအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိကြောင်း ပြောပြနိုင်သည်။ |
| ဂ | ကလေးများသည် သဘာဝဘေးအန္တရာယ် ဖြစ်ရပ်များနှင့် ယင်းတို့က လူများ၏ဘဝကို မည်သို့သက်ရောက်စေသည်ကို နားလည်ကြောင်း ပြသနိုင်သည်။ (ဥပမာ – ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ မိုးကြိုးပစ်ခြင်း) |
| ဃ | ကလေးများသည် လူများနေထိုင်သည့် ဒေသများ၏ သွင်ပြင်လက္ခဏာများ (ဥပမာ – ရေမြေတောတောင် သဘာဝများ၊ ဝတ်စားဆင်ယင်မှုများ) ကို စိတ်ဝင်စားပြီး စူးစမ်းလေ့လာလိုစိတ်ရှိကြောင်း ပြသနိုင်သည်။ |

# မှတ်စုများ

# မှတ်စုများ

UNESCO

ယူနက်စကို မြန်မာစီမံကိန်းရုံး